
www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၀၁၄၈၀၂၀၇

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၃၇၅၀၄၁၀

အကြိမ် – ပထမအကြိမ်၊
၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀ိ/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
– ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

အတွင်း/
အဖုံးပုံနှိပ်သူ – ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀)
ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၈၈)၊ ၅၁ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

ဒီနိုင်းခ


မိုးပြာ/ ဒီနိုင်းခ၊ ရန်ကုန်၊ ရွှေသမင်စာပေ၊ ၂၀၁၀။
၂၆၄ စာ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

(၁) မိုးပြာ


BURMESE CLASSIC .com



✍ ရှင်းလင်းပြန့်ပြူးတဲ့
အပြာရောင်မိုးကောင်းကင်ရဲ့
စာမျက်နှာမှာ ငါ့အကြွေရာကို
ရေးပြချင်တယ်...
တစ်ထောင့်တစ်နေရာက အနုပညာ
(ဘို့မဟုတ်)
မိုးပြာ...





www.burmeseclassic.com

www.burmeseclassic.com



## အမှာ

မိုးပြာ ဆိုတဲ့ ဇာတ်ကောင်က ဇာတ်ရုပ်တစ်ရုပ်လို့ တစ်ထစ်ချ မပြောနိုင်ရသလို တကယ့်အဖြစ်အပျက်တွေနဲ့လည်း ပေါင်းစပ်ထားပါတယ်။

နောက်ထပ် ကျွန်တော် ကြုံခဲ့ သိခဲ့ ကြားခဲ့ရတာကို စိတ်ကူးယဉ် အဖွဲ့အနွဲ့နဲ့ ပေါင်းစပ်ထားခဲ့ပါတယ်။

တချို့ သက်ရှိဇာတ်ကောင် အနုပညာရှင်များ၏ နာမည်များအား ဝတ္ထုအတွက် ယူသုံးထားမိသဖြင့် ခွင့်လွှတ်ပေးပါရန် တောင်းပန်အပ်ပါသည်။

အထူးသဖြင့် 'ပျော်တာပေါ့ အမေရယ်' သီချင်းကို ဆိုပြတတ်တဲ့ ညီအစ်ကိုလို ခင်မင်ရင်းနှီးခဲ့တဲ့...

ကိုနန္ဒ ရော၊ မူရင်းသီချင်းပန်တီးသူ ဆရာတော်ဘွဲ့မှူး ကိုလွှမ်းမိုး ကိုစည်သူလွင် တို့အား ရင်ထဲမှာ အမြဲအမှတ်တရရှိနေပါတယ်လို့ ပြောခဲ့ပါရစေ...။

ခိုင်နှင်းခ

၁-၁၁-၂၀၀၆





ကြယ်လေးတစ်လုံး

ကြွေကျလာဖို့

ငါ ပြုးမယောင်ဆွဲတာ မဟုတ်ဘူး...

သေချာပါတယ်...

ငါ့ယုံကြည်စိတ်ကြောင့်

သူ ကြွေကျရတာပါ...။

မိုးပြာ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၁]

မြေကြီးက မွေးဖွားပေးလိုက်တဲ့ ရေခိုးရေငွေ့များစွာ သူတို့ရဲ့ ဖခင်ရှိရာ ကောင်းကင်ရင်ခွင်အောက်မှာ မိုးတိမ်အဖြစ် ရပ်တည်ခွင့် ရသတဲ့ ဖေဖေ..၊

အရုဏ်မိုးသောက်လို့ ငှက်ကလေးတွေ တစာစာအော်မြည်သံကြောင့် ကျွန်တော် အမြဲနိုးသွားတတ်တာ ခလေးတစ်ခုအဖြစ် ယနေ့အထိ ရှိနေရတုန်းပါ..၊

နိုးမိတဲ့ မနက်ခင်းတော်တော်များများမှာ ကျွန်တော် စဉ်းစားမိနေကျ အတွေးတစ်ခု ရှိခဲ့တယ်..၊

အဲဒီအတွေးတစ်ခုကတော့ ငှက်ကလေးရဲ့အော်မြည်သံဟာ အပျံသင်ဖို့ သူ့(ဖေဖေ)ကို တစာစာ ပူဆာနေသလားလို့ပေါ့..၊

ဟိုး... ဝေးလံခေါင်ဖျားက စမ်းချောင်းလေးတွေ မြစ်တွေနဲ့ ဆုံဖို့၊ မြစ်တွေက ပင်လယ်ဆီ အရောက်သွားဖို့ နေ့စဉ် ခရီးသွားနေရတယ်။ ရင်ဖွင့်ထားတဲ့ပင်လယ်ကြီးက သူတို့ရဲ့ဖခင်ပေါ့နော်..





ဒါဆို ကျွန်တော့်ကို ရင်ဖွင့်ထားတဲ့ လူတစ်ယောက်ဆီ ကျွန်တော့်ဆန္ဒတွေနဲ့ ကျွန်တော် ခရီးသွားပါရစေ..၊

တိတ်ဆိတ်ငြိမ်သက် အေးစက်စက်နေတတ်တဲ့ လူတစ်ယောက်က မိုးပြာ...၊ ကြောက်မက်ဖွယ်ဒဏ်ရာနဲ့ အရိုင်းဆန်တဲ့ လူကြမ်းမင်းသားတစ်ယောက်က မိုးပြာ...၊ ဘယ်လိုပဲပြောပြော အဲဒီလူ့ငယ်ဆီမှာ နှလုံးသားရှိပါတယ်ဆိုတာ ဖေဖေ သိသင့်ပါတယ်..။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"မြ

ဦးငြိမ်း... ဒီလက ဘယ်သူလဲ၊ သမီး သွားရမှာလား"

ကင်မရာအိတ်ကို စားပွဲပေါ်တင်ရင်း ဆံပင်ကို စည်းထားတဲ့ သားရေကွင်းကို ဖြုတ်ချလိုက်တော့ ပျော့နွဲ့နေတဲ့ဆံပင်ညိုညိုတွေက ပခုံးပေါ်ဝဲကျလာသည်။

အသားဖြူဖြူ၊ မျက်လုံးဝိုင်းဝိုင်း ကော်ပတ်ရုပ်ကလေးလို ချစ်စရာကောင်းတဲ့ ဒီကောင်မလေးဟာ စာမျက်နှာပေါ်မှာ စကားလုံးတွေနဲ့တိုက်စစ်ဆင်တတ်သည့် Reporter မိမိဇော်ဆိုရင် ယုံနိုင်ဖွယ်မရှိ။

ရှပ်လက်ရှည်ကို လက်ခေါက်တင်ထားရင်း သမားရိုးကျ အတိုင်းသာ ဝတ်စားဆင်ယင်တတ်သည့် ထိုမိန်းကလေးဟာ ဆေးပညာလောကမှာ နာမည်ကြီးနေသည့် အထူးကုဆရာဝန်ကြီး ဒေါက်တာဦးရဲညိုနှင့် ဒေါက်တာဒေါ်ခင်ခင်ထားတို့ရဲ့ တစ်ဦးတည်းသော သမီးဆိုရင် အံ့သြကြမယ်ထင်ပါရဲ့..။

တစ်ဖွတ်ထိုး တစ်ဆောက်ကန်းလုပ်တတ်သည့် သူမကို ဦးလေးအရင်းလည်းဖြစ်၊ ဆရာသမားတစ်ယောက်ဆိုလည်း မမှားတဲ့ (သူ)



BURMESE CLASSIC .com



ကိုယ်တိုင် ထိန်းသိမ်းလမ်းညွှန်နေရသည်။ ဆန္ဒသစ်မဂ္ဂဇင်းနဲ့ သူတို့ရဲ့ အပတ်စဉ်ဂျာနယ်ဟာ တကယ်တော့ သူ့အစ်ကို ဦးရဲညို ပိုင်ဆိုင်သည်လေ။

ဒါ့အပြင် ဆေးပညာနဲ့ပတ်သက်တဲ့ ဂျာနယ်တစ်စောင်ကိုလည်း ထုတ်လုပ်သေးသည်။

"ဦးငြိမ်း သမီးပြောတာ ကြားလား"

အတွေးထဲမှာ နစ်မျောရင်း မိဇော်ရဲ့အသံကြောင့်...

"ဟော.. နင် ဘာပြောတာလဲ"

သူမက စိတ်ကောက်ဟန်နဲ့ သူ့ကို ခြေဆောင့်ပြီး...

"တွေ့လား..."

အနုပညာလောကမှာ ဦးငြိမ်းဆိုရင် အားလုံးက ရှိသေလေးစားကြပေမယ့် ဒီကောင်မလေးကိုတော့ သူ မနိုင်။

"ဒီလ ဘယ်သူ့ကို အင်တာဗျူးမှာလဲလို့..၊ သမီး သွားရမှာလား၊ ကိုစိုးတို့ သွားမှာလား"

စားပွဲရှေ့မှာဝင်ထိုင်ရင်း အယ်လ်ဘမ်တွေကို လှန်လှောနေရင်း တစ်ဖက်အခန်းက ကွန်ပျူတာရိုက်နေတဲ့ အေးဇော်ကိုလည်း...

"ဟဲ့.. အေးဇော်.. နင့်ကို ပရင့်စ်ထုတ်ခိုင်းထားတဲ့ပုံတွေ ရပြီလား"

အေးဇော်က ကွန်ပျူတာရိုက်နေရင်းက သွားအဖြဲသားနဲ့...

"ဟဲ..ဟဲ... ညနေဆို ပြီးပါပြီ အစ်မ"

သူမက မျက်စောင်းထိုးရင်း...



www.burmeseclassic.com

www.burmeseclassic.com



"အေး.. အဲဒီပုံတွေ မပြီးလို့ကတော့ နင့်ကို ငါ ပိုက်ဆံမချေးတော့ဘူး"

"ဟာ.. မလုပ်ပါနဲ့ မမိဇော်ကလဲ၊ စိတ်ချ.. ပြီးအောင်လုပ်ပေးမယ်"

ဦးငြိမ်းက သူမစကား ပြီးပြတ်အောင်စောင့်နေပြီး...

"မိဇော်..."

"ရှင်...၊ ဦးငြိမ်း.."

သူမက ဓာတ်ပုံတွေကို တစ်ပုံစီ စစ်ဆေးနေရင်း ခေါင်းမော့မကြည့်သေးအား။ လူပုံပျော့ပျော့နဲ့ တကယ်အလုပ်လုပ်နိုင်တဲ့ မိန်းကလေး။

ဒါကြောင့်လည်း မိမိဇော်ဆိုပြီး သူနာမည်ကို ၁၉ အောင်မြင်အောင် တူထောင်နိုင်သည် ထင်ပါရဲ့..။

"ဒီလ မဂ္ဂဇင်းမှာ ဆောင်းပါးဆန်တဲ့အင်တာဗျူးတစ်ခု တို့တင်မယ်၊ အခန်းဆက်ပါတော့ဟာ နှစ်လဆက်လောက်သွားရမယ်ထင်တယ်"

မိဇော်က ဦးငြိမ်းကို တစ်ချက်သာမော့ကြည့်ကာ ပြုံးရင်း...

"ထူးထူးဆန်းဆန်းပါလား ဆရာငြိမ်းရဲ့"

မိဇော် အပြောင်အပြက် ပြောစကားကို ဦးငြိမ်းက မရယ်မိပါ။

"အေး... ဒီလ ဘယ်သူ့အင်တာဗျူးလဲဆိုတော့..."

အချိန်ဆွဲကာပြောနေဆဲ ဦးငြိမ်း စကားကြောင့် သူမက မျက်မှောင်ကြုတ်ပြီး...





"ဘယ်သူလဲ ဦးငြိမ်း"

ဦးငြိမ်းက အဓိပ္ပာယ်ပါပါပြုံးရင်း...

"မိုးပြာ..."

"ရှင်!..."

သူမလက်ထဲကဓာတ်ပုံတွေ စားပွဲပေါ် ပြုတ်ကျပြန့်ကျဲသွားသည်။ ဦးငြိမ်းက အဓိပ္ပာယ်ပါပါပြုံးသည်။

"နင် အရမ်းအံ့သြနေလား မိဇော်..၊ တကယ်တော့ မိုးပြာဆိုတာ ဓာတ်ညွှန်းရေးသမားထက် လူကြမ်းတစ်ယောက်အဖြစ်လူသိများတာ နင်က ငါ့ထက် ပိုသိမှာပါ၊ ဒါပေမယ့် သူ့ရဲ့ဘဝဇာတ်ကြောင်းက စိတ်ဝင်စားဖို့ကောင်းတယ်လေ၊ အပြောင်းအလဲတွေများတယ်၊ ဒါ တို့ သိသလောက်ပေါ့နော်၊ သူ့ဖြစ်ပျက်ခဲ့တဲ့အဖြစ်အပျက်တွေ ပရိသတ်ကို သိရင် ပိုအံ့သြမှာ အမှန်ပဲ၊ ဒါကြောင့် ငါ သူ့ကို ရွေးလိုက်တာ..."

ဦးငြိမ်းကို သူမ ကြောင်ကြည့်နေ၏။ ပြီးမှ အသိဝင်လာဟန်ရှိ၏။

"မိုးပြာရဲ့အကြောင်းကို နင်က ငါ့ထက်ပိုရင်းနှီးပါတယ်၊ အဲဒါကြောင့် နင်ကိုယ်တိုင်မေးတာ ပိုကောင်းမယ်ထင်လို့ ငါ နင့်ကို ရွေးချယ်လိုက်တာပဲလေ၊ မနက်ဖြန် သုဝဏ္ဏထဲမှာ ရိုက်ကွင်းရှိတယ်၊ ငါလဲလိုက်ခဲ့မယ်၊ နောက်နေ့တွေတော့ နင့်ဘာသာနင် စီစဉ်ပေါ့ဟာ"

မိုးပြာ ဆိုတဲ့အသံကြောင့် သူမ ငြိမ်သက်သွားတာ ဦးငြိမ်း သတိထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နွေဦးနိုင်ရဲ့အကြောင်းလဲ ပါလာမှာပေါ့"

ဦးငြိမ်းက မျက်မှန်ကို စားပွဲပေါ် အသာတင်ရင်း...

"အင်း... သူ့အကြောင်းတော့ ညည်း အလိမ္မာနဲ့ ရှောင်ရေးပေါ့"

စကားမဆက်ဖြစ်ကြ။ ဦးငြိမ်းက ဖုန်းခေါ်သံကြောင့် ဖုန်းကို ကောက်ကိုင်ကာ ဆက်နေပါသည်။

သူမကတော့ အတွေးတွေနဲ့ ပြည့်ကျပ်နေခဲ့ပါတယ်။



BURMESE CLASSIC .com



"ဒီမိုးနဲ့ဆိုရင် ရှူတင်ဖျက်ရမယ့်ကိန်းပဲ"

ဖိုင်ဘာခုံဝိုင်းမှ သူ့ခန္ဓာကိုယ်ဝေကြီးကို မနိုင်မနင်း အားယူထရင်း ပရိုဂျူဆာ ဦးအောင်မြင့်က ပြတင်းပေါက်ကနေ အပြင်ကို ကြည့်ကာ စက်အဖွဲ့တွေ စုဝေးနေထိုင်ရာသို့ တလှုပ်လှုပ် လျှောက်သွားသည်။

"ရှူတာ် တစ်ရက်မှပ်သွားလို့ ပွစိပွစိဖြစ်နေပြီလေ၊ သွေးတိုးဦးမယ် ထင်ပါ့ကွား ဗဟု... ရာသီဥတုကလဲ ကောင်း၊ တစ်ရေးနှပ်လိုက်ရင် ကောင်းမယ် မိုးပြာ...၊ ဒါမှမဟုတ် ဟဲ..ဟဲ..ဟဲ..ဟဲ"

ရှူတင်မန်နေဂျာ ကိုဘင်ဝင်းရဲ့ နောက်ဆုံးပိတ် စကားကြောင့် သူ ပြုံးသည်။ ဘေးက ဒါရိုက်တာ ကိုဇော်ဇော်က...

"ခင်ဗျားကတော့လေ သောက်ဖို့အတွက်ဆိုရင် ရာသီဥတုက အေးလို့...၊ ပူလို့ အကြောင်းပြချက်ကြီးပဲ"

ကိုဇော်ဇော် အပြောကြောင့် မင်းသားဖြစ်သူ ကိုနေနဲ့ သူပါ ရယ်မိကြသည်။ ရယ်သံနဲ့ပင် ကိုနေက အသင့်ပြင်ဆင်ထားတဲ့စက်တွေကို မေးငေါ့ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ကိုလွင်မိုးတို့ရဲ့စက်ကြီး ပေါင်ပြီး သောက်လိုက်ပါလား ကိုတင်ဝင်း"

ရယ်သံတွေ မဆုံးတော့...၊ ကိုနေက ထိုင်နေရတာ ငြောင်းညာပုံရသည်။ အပျင်းကြောတွေဆန့်ကာ အညောင်းဖြေနေရင်းက...

"မနေ့ညက (Young Guy) သေသေချာချာ ပြန်ကြည့်မိမှပဲ၊ အီမိလီယိုအက်စ်တေဝေဇ်ရဲ့ သရုပ်ဆောင်တဲ့အပိုင်းတွေကတော့ ရှယ်ပဲဗျာ"

ကိုဇော်က သူ့ကို စီးကရက်ဘူး ကမ်းပေးသည်။ သူ တစ်လိပ်ယူပြီး မင်းသားဆီ ဘူးကို ပစ်ပေးသည်။

"အဲဒီကားမှာ သရုပ်ဆောင်တဲ့ တခြားမင်းသားတွေလဲ သိပ်ကောင်းတယ်၊ အဲဒီကားက အပစ်အခတ် စရိုက်တွေ၊ စိတ်ဓာတ်တွေထက် နောက်ဆုံးသီချင်းပိုင်းကို ဖောင်းပေးရိုက်ပြထားတာ"

ကိုဇော်က အပြင်မှ မိုးအခြေအနေကို ကြည့်လိုက်၊ နာရီကို ကြည့်လိုက်နဲ့ ကင်မရာ ကာလာရွေးချယ်ပုံတွေ၊ အန်ဂယ်လ်တွေ၊ စက်ပစ္စည်းအကြောင်းတွေ ပြောလိုက်နဲ့ စကား အလုပ်ရှုပ်နေ၏။

သူကတော့ နားထောင်သူ သက်သက်။ သူတို့ စကားကောင်းနေကြစဉ် ခြံထဲဝင်လာတဲ့ကားအဖြူလေးတစ်စီးကို တွေ့သည်။

"ဘယ်သူ့ကားလဲ"

မင်းသားက ရှုးစမ်းဟန်နှင့်မေးတာကြောင့် သူ ကားနံပါတ်ကို ကြည့်မိကာ ခပ်တိုးတိုးပြောမိသည်။

"မိဇော်ရဲ့ ကားပဲဗျ"





သူ့စကားကြောင့် မင်းသားက သူ့ကို...

"ဆန္ဒသစ်က ဦးငြိမ်း တူမလား"

သူ ခေါင်းညိတ်ပြလိုက်မိသည်။ ကားတံခါးဖွင့်ဆင်းလာသော ဦးငြိမ်းနှင့် မိဇော်က သူတို့ထိုင်နေရာဆီ ဦးတည်လျှောက်လာသည်။

"ဟာ... ဦးငြိမ်းကိုယ်တိုင် ပါလာတာပဲဟ.."

ကိုဇော့် စကားကြောင့် မင်းသားကိုယ်တိုင်ကပါ ပျာပျာသလဲနှင့်...

"ထူးထူးဆန်းဆန်း လေးလေးငြိမ်း ကိုယ်တိုင်ပါလား"

မိဇော်က သူ့ဘေးကခုံမှာဝင်ထိုင်ရင်း သူ့ကိုပြုံး၍...

"ကိုကို... ရှုတင် မစ,သေးဘူးလား"

"အင်း... အပြင်အောက်ဒိုးတွေရိုက်ဖို့ မိုးရွာသေးလို့ မိဇော်၊ ဘာကိစ္စလဲ.. အင်တာဗျူးလား..."

မိဇော်က ခေါင်းညိတ်ပြသည်။

"ကိုနေလား..."

မိဇော်က...

"ဟင့်အင်း"

"ဒါဆို စောနန္ဒာလား..."

မိဇော်က ရယ်ရင်း ခေါင်းခါပြန်သည်။

သူ ဆက်မေးမည့်အလုပ်မှာ မင်းသမီး စောနန္ဒာ သူတို့ရှိရာဆီ လျှောက်လာတာကြောင့် စကားဖြတ်ပြောလိုက်ကြသည်။

"လေးလေးငြိမ်း မတွေ့ရတာ ကြာပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးက ပြောလည်းပြော ဝင်လည်းထိုင်သည်။ သိပ်မကြာခင် မင်းသမီးရဲ့အကူကောင်မလေးက သူတို့တစ်ဝိုင်းလုံးကို ကော်ဖီ မစ်ခွက်တွေနဲ့ မုန့်တွေ လာချပေးသည်။

စိုလက်တောက်ပြောင်နေတဲ့ ချောကလက်ရောင်နှုတ်ခမ်းလှလှနဲ့ မင်းသမီး စောနန္ဒာက…

"လေးလေးငြိမ်း ဘာကိစ္စနဲ့လာတာလဲ"

ဦးငြိမ်းက ခေါင်းပေါ်ကရေစက်တွေကို လက်ကိုင်ပဝါအသေးစားလေးနဲ့ သုတ်ရင်း…

"အင်တာဗျူးတစ်ခုဟာ ဆောင်းပါးပုံစံလဲ ဖြစ်ချင်ဖြစ်မယ်၊ အဲဒီအတွက် အချိန်ပေးနိုင်မလား လာမေးကြည့်တာ…"

ကိုဇော်က…

"ဒီနေ့တော့ ရှူတင်မရှိဖို့ သေချာသလောက်ရှိနေပြီလေ၊ နေပါဦး… ဦးငြိမ်းက ဘယ်သူ့ဗျူးမှာလဲ…"

ဦးငြိမ်းက ကိုဇော် ပေးတဲ့ စီးကရက်ကို လှမ်းယူမီးညှိပြီး…

"မိုးပြာ…"

"ဗျာ!…"

"ဗုဒ္ဓေါ!…"

ကျွန်တော်ကိုယ်တိုင် အပါအဝင် အားလုံး အံ့အားသင့်ကြသည်။ မိဇော်ကတော့ သူ့ကို ပြုံး၍ကြည့်နေသည်။

သူတို့ဆီကို ကိုအောင်ခိုင်တို့၊ ကိုမင်းစိုးတို့ပါ ရောက်လာသည်။ ကိုနေက ကိုအောင်ခိုင်တို့၊ ကိုမင်းစိန်တို့ကို တိုးတိုး တိုးတိုးနဲ့





အင်တာဗျူးကိစ္စ ရှင်းပြနေသည်။

"ဒီလို မောင်ဇော်ရာ…၊ မင်းရော မိုးပြာပါ ကိုယ့်ဖေသစ် တပည့်ရင်းတွေပဲလေ၊ မောင်အောင်ခိုင်တို့၊ မောင်မင်းစိန်တို့၊ မောင်နေတို့လဲ သူ့အကြောင်းကိုသိကြမှာပဲ၊ သိပ်ရင်းနှီးတဲ့ ဦးငြိမ်းတို့ အသိုင်းအဝိုင်းတချို့လဲ မိုးပြာရဲ့အကြောင်း တစ်ပိုင်းတစ်စလောက်တော့ သိကြတာပေါ့၊ ဟုတ်တယ်နော်…"

သူကတော့ တိတ်တိတ်ဆိတ်ဆိတ် နေမိပြီ။

"သမီးတို့လဲ ကြားပါတယ်၊ ဟို… မနိုင်နဲ့ကိစ္စ…"

အားတုံ့အားနာဟန်စကားကြောင့် သူ သက်ပြင်းချမိသည်။ သူ့ရဲ့သက်ပြင်းကို သတိထားမိတဲ့ မိဇော်က စကားဆို၏။

"ကိုကို ဒီအင်တာဗျူးကို ပြောချင်စိတ်ရှိလား"

သူ မိဇော်ကို ငေးကြည့်မိသည်။ မိဇော်ရဲ့စကားဟာ သူ့ဖြေရဖို့ သိပ်ခက်ခဲနေ၏။

"လုပ်ကွာ မိုးပြာ…၊ ဒီတစ်နေ့တော့ မင်းဘဝရဲ့ ဇာတ်ဝင်ခန်းတွေကို အပြည့်အစုံ ငါတို့လဲ သိရတာပေါ့"

မိဇော်က အသံဖမ်းကက်ဆက်ပေါက်စလေး ထုတ်ယူသည်။

"မနိုင်နဲ့ ဖြတ်တဲ့ကိစ္စကတော့ ကျွန်တော် သိတယ် ဦးငြိမ်း၊ ထောင်ကျတဲ့အမှုကတော့ ကျွန်တော်လဲ ရေရေရာရာ မသိခဲ့ဘူး"

တွေးတွေးဆဆနှင့် ကိုနေ့အပြောကို ကိုအောင်ခိုင်ကလည်း…

"ငနေရာ… အဲဒီကိစ္စက ငါတို့ရှေ့မှာတင်ဖြစ်တာလေ၊ အင်း… ဆရာဖေသစ်ရဲ့ဇာတ်ကားပေါ့၊ ကိုအောင်ဇော် ဦးလေးနဲ့ တွဲရိုက်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တုန်း ရှိဦးမယ်ထင်တယ်၊ အဲဒီကားရိုက်တုန်းက ကိုမြမောင်၊ ကိုအရိုင်းမင်းတို့လဲ ပါတာပေါ့ကွာ”

သူ့အကြောင်းကို ဝိုင်းဝန်းဆွေးနွေးကြတာကို ကြားရတာတောင် ရင်ခုန်သံဟာ လတ်လတ်ဆတ်ဆတ် ပြန်မြန်ဆန်လာခဲ့သည်။ အတိတ်က တန်ဖိုးမှန်းမရတဲ့ဒဏ်ရာတွေ..၊ သူ့ဘဝအတွက် အပြင်းထန်ဆုံးကြွေသွားတဲ့ ကြယ်တစ်စင်း...။

“နာကျင်ရပါများတာတောင် နာကျင်ရတဲ့ဒဏ်ရာကို နှစ်သက်လာတယ်လို့ ပြောရမှာပဲ၊ ဘဝဆိုတာ ကိုယ့်အတွက် ဒဏ်ရာကြီးနဲ့လားလို့ ပြန်မေးရမယ်ထင်တယ်လေ”

သူ့စကားကြောင့် မေးရမည့်သူကိုယ်တိုင် မေးထောက်ကာ ငေးနေသည်။ ကျွန်တော် မိဖော်လက်ထဲက ကက်ဆက်ပေါက်စလေးကို ငေးမောရင်း...

“အဲဒီကက်ဆက်လေးကို ကိုယ့်ရဲ့အဆိုးဆုံး ကံကြမ္မာတွေ ကက်ဆက်ထဲဝင်မလာအောင် ခလုတ်လေးကိုနှိပ်ချပြီး ရပ်တန့်ထားရရင် ဘယ်ဇီလောက်ကောင်းမလဲ”

“ဘဝရဲ့မကောင်းတဲ့အကြောင်းတွေ ဖလင်ကော်ပြားတစ်ချပ်ဆိုရင် ဖယ်ရှားပစ်ချင်တာ ကျွန်တော့်ရဲ့ဆန္ဒ...”

သူသည် အတိတ်သို့ ဦးတည်ခဲ့သည်။ သိပ်မဝေးတော့သောအတိတ်ကိုရောက်ခါနီးလေ ရင်တွေ မောဟိုက်လာလေလေပဲ...။






ဒဏ်ရာရကြယ်တစ်ခင်း သက်တမ်း...

ကောင်းကင်ပေါ်မှာ

အလျှားလိုက် မီးခင်းတဲ့အခါ...





BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ စက္ကူကတ်ပြားဖြူဖြူတွေ အများကြီးစုမိနေပြ
မေမေ..၊ တချို့စက္ကူကတ်ပြားတွေဆိုရင် အဝါရောင်သမ်းစပြုနေပြ
လေ..။ ဒါဟာ သိမ်းဆည်းထားတဲ့သက်တမ်းရဲ့အရိပ်အငွေ့တွေ
ကပ်ထင်ငြိတွယ်နေတာပဲ ဖြစ်မှာပါ။

ဒါပေမယ့် အဲဒီစက္ကူပေါ်မှာ တူညီမှုတစ်ခုစီရှိခဲ့ကြပါတယ်
အဲဒါ ဘာလဲဆိုတော့ လူတစ်ဦးတစ်ယောက်ရဲ့ မျက်နှာအစိတ်အပိုင်
တွေကို ခဲသားနဲ့ ခြယ်မှုန်းထားတာပေါ့ မေမေ..။

မျက်လုံးတစ်ဖက်တည်းလည်း ဖြစ်ချင်ဖြစ်မယ်၊ တိကျ
နှုတ်ခမ်းပုံရိပ်တွေချည်းပဲလည်း ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် ဗလ
မျက်နှာနဲ့ နိုင်မာတဲ့မေးရိုးတွေလည်း ပါချင်ပါမှာပေါ့..။

သေချာပါတယ် မေမေ..၊ စက္ကူကတ်ထူပေါ်က ခဲမှုန်တွေ
လူငယ်တစ်ယောက်ရဲ့မျှော်လင့်ချက်ဆိုရင် မေမေ အံ့ဩသွ
လား။ ကျွန်တော်ဟာ ချစ်ခြင်းမေတ္တာကို ဆာလောင်ငတ်မွတ်
အိပ်မက်ချိုတွေကို လိုချင်တပ်မက်မောခဲ့ရတယ်ဆိုရင် (ယုံကြည်





ပျက်နေတဲ့ ကျွန်တော့်မျက်နှာကြောင့်) ဘယ်သူတွေက ယုံကြည်ပေးနိုင်ကြမှာလဲ...?

ဘယ်သူကရော စာနာပေးမှာလဲ...?

ဘဝဆိုတာ ကလေးတွေ ဆော့ကစားနေတဲ့ မြွေနဲ့လှေကားရုပ်ပုံကားချပ်လိုပဲ၊ ကံကြမ္မာရဲ့မျက်နှာပေါ်က အကွရာဂဏန်းတွေကြောင့် မြွေမျိုခံရသလို ဖြစ်ခဲ့ဖူးပါလိမ့်မယ်။

ကံကြမ္မာ မျက်နှာသာပေးလို့ လှေကားနဲ့တက်ခွင့်ရတဲ့ကာလလည်း ရှိချင်ရှိခဲ့ဖူးပါလိမ့်မယ်။ ကျွန်တော့်ရဲ့ဘဝဟာ အနုတ်လက္ခဏာတွေနဲ့ မီးတောက်လို ယိမ်းနွဲ့နေရတဲ့ က,ချေသည်တစ်ယောက်လို ဖြစ်ခဲ့ရပါတယ် မေမေ..။-

မြေပြင်ပေါ်က ကြံ့ရာဇာတ်ကို ကပြဖို့ ဝင်ပါခွင့်ရတဲ့ ကံကြမ္မာရဲ့ ဇာတ်ရန်တစ်ယောက် ဒီကမ္ဘာမြေပေါ်ရောက်ရှိနေတာ မေမေ တစ်ချက်လောက် သတိပေးပါ။ စာနာနားလည်ပေးပါ မေမေ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂]

ကံမကောင်းတဲ့ ငှက်တစ်ကောင်ဟာ သူ့ရဲ့အသံဆိုးဆိုးနဲ့ အိမ်တစ်အိမ်ရဲ့ခေါင်းမိုးထိပ်ဖျားမှာ အော်မြည်နားနေတဲ့အခါ အတိတ်နိမိတ်မကောင်းဘူးဆိုပြီး လူတွေက အော်ဟစ်မောင်းထုတ်ကြတယ်။ (ဒါဟာ လူတွေရဲ့ တရားမျှခြင်း အစစ်တဲ့လား…)

မိုးပြာ ဆိုတဲ့ ကျွန်တော့်ဘဝမှာ မွေးကတည်းက ခုချိန်အထိ မမြင်ရတဲ့ငှက်ဆိုးတွေ အော်ဟစ်ပျော်ရွှင်နေတယ်လို့ သတ်မှတ်လို့ ရနိုင်ပါတယ် ဖေဖေ…၊ နောက်ပြီး ဘယ်တော့မှ မောင်းထုတ်ခွင့် မရနိုင်တဲ့အထိ ကျွန်တော့်ဘဝရဲ့အိပ်မက်ဟာ သူတို့ရဲ့တောင်ပံမှာ ချည်နှောင်ထားကြတယ်လို့ သံသယတစ်ခု ကျွန်တော့်ဆီမှာ ရှိခဲ့ရပါတယ်။ လွန်ခဲ့တဲ့နှစ် ၂၂ နှစ်အချိန်က ဖေဖေ မသိခဲ့တဲ့ပုံပြင်တစ်ပုဒ် ကျွန်တော် ပြောပြခွင့်ရချင်တယ်၊ အဲဒီပုံပြင်ကို ခေါင်းစဉ်တပ်ရင် "မိုးပြာ"လို့ အမည်ပေးရမှာပဲ။ အဲဒီအစီပွာယ်က ကံဆိုးခြင်းလို့ အဓိပ္ပာယ်ရချင်လည်း ရမယ်နော်…။

မိုးပြာကို မွေးဖွားလာချိန်ဟာ တပေါင်းလရဲ့ အပူဆုံးအချိန် နေ့လယ် ၁၂ နာရီတိတိ မြန်မာလို ၄ ရက်၊ အင်္ဂလိပ်လို ၁၃ ရက်





တဲ့…၊ တပေါင်းလရဲ့အပူချိန်ကြား မထင်မရှား ကြားဘူတာရုံလေး မရောက်တရောက်မှာ ရထားက ဘီးချော်ပြီး မီးထ,တောက်တယ်။ နွေရာသီရဲ့ပုံရိပ်အောက်မှာ ကြောက်ရွံ့ထိတ်လန့်စွာနဲ့ မီးငြိမ်းနေသူတွေ၊ ငရဲပွက်သလို အော်သံတွေနဲ့ ရှုပ်ထွေးချိန်ကာလဟာ ကမ္ဘာတစ်ခုပျက်နေတယ်လို့ ထင်ချင်စရာပါ။

အဲဒီအချိန်မှာ မိုးပြာရဲ့မိခင်မှာတော့ ရတ်တရက်မွေးဖွားဖို့ ရထားပေါ်မှာ အလူးအလဲဖြစ်နေခဲ့ပါတယ်။ စာနာ နားလည်စိတ်ရှိတဲ့ ဆရာဝန်လေးတစ်ဦး၊ တာဝန်နဲ့ နယ်ပြောင်းလာတဲ့ သူနာပြုဆရာမလေးတစ်ယောက်နဲ့အတူ ခရီးသွားမိတ်ဆွေတွေနဲ့ ပူးပေါင်းပြီး ရထားပေါ်က လူသွားလမ်းလေး ပေါ်မှာပဲ အရေးပေါ်အခြေအနေနဲ့ မွေးဖွားခဲ့ရတယ်။ မွေးဖွားပြီးပြီးချင်း ငရဲခန်းတွေလည်း ပြီးဆုံးသွားခဲ့ပါတယ်။ အရာရာဟာ သဘာဝရဲ့ ငြိမ်းအေးခြင်းလက်ဆောင်ကို ပြန်လည် ရောက်ရှိခဲ့လို့ နေသားတကျပေါ့။

အောင်မြင်အောင် မွေးဖွားပေးနိုင်တဲ့ ဒေါက်တာရဲညီဆိုတဲ့ ဆရာဝန်လေးဟာ လူနာရှင်ဖြစ်တဲ့ မေမေ့ရဲ့လက်ကို ဆုပ်ကိုင်အားပေးရင်း ရထားပြတင်းပေါက်က မြင်ရတဲ့ ကောင်းကင်ပြာပြာကြီးကို ကြည့်ပြီး ကလေးရဲ့နာမည်ကို "မိုးပြာ"လို့ အမည်ပေးခဲ့တယ်။

အဲဒီအချိန်က ခဏတာတွေ့ခဲ့ရတဲ့ ခရီးသွားလူ့အုပ်စုလေးဟာ တစ်ယောက်နဲ့တစ်ယောက် ယနေ့အချိန်အထိ မိတ်ဆွေစစ်တွေအဖြစ် ခင်မင်ခဲ့ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပုံပြင်တွေနားထောင်ရင်း မေမေ့ရင်ခွင်မှာ အိပ်မောကျခဲ့ရတဲ့ ညတွေ ကန္တာရအလယ်က သောင်းနှင်းဆုတောင်းလို ပြန်လည် တမ်းတမိခဲ့တယ်။

မေမေ...

ကျွန်တော့်မေမေ ပြောပြဖူးတဲ့ပုံပြင်တစ်ပုဒ်ကို အမြဲတမ်း သတိရမိတယ်..၊ ငယ်ငယ်က မေမေ့ရဲ့ရင်ခွင်ထဲမှာ ကျွန်တော့်ကို ချော့သိပ်ရင်း ပုံပြင်တွေကို ပြောပြဖူးတယ်၊ တစ်နေ့မှာ မေမေက ကျွန်တော့်ကို ပုံပြင်တစ်ပုဒ်ရဲ့နိဒါန်းကို စတင်ပြောဆိုတယ်..။

'ကောင်းကင်ကြီးထဲက ကျလာတဲ့ မျက်ရည်တစ်စက်' တဲ့။ အဲဒီအချိန်မှာ မေမေ့ရင်ခွင်ထဲက ကျွန်တော် မေမေ့နှုတ်ခမ်းတွေကို ကျွန်တော့်ရဲ့ပိစိသေးကွေးတဲ့ လက်ချောင်းသေးသေးလေးတွေနဲ့ လှမ်းကိုင်ရင်း...

'ကောင်းကင်ကြီးထဲကကျလာတဲ့ မျက်ရည်တစ်စက်ဆိုတာ ဘာလဲ မေမေ' လို့ မေးတော့...





မေမေက ကျွန်တော့်ကို တွေတွေလေး ငေးမောရင်း ဒဏ်ရာ ပါတဲ့အပြုံး...

အသံတိုးတိုးနဲ့ တစ်ယောက်တည်း စကားပြောသလို ရေရွတ် တယ်...။

'ကြယ်တွေကြွေတာပေါ့ သားရယ်' တဲ့..။ အဲဒီစကားဟာ ကျွန်တော့်ဘဝအတွက် အမြဲ အမှတ်ရနေတဲ့စကားပါ..၊ ဟုတ်တယ် နော် မေမေ..။

ကျွန်တော့်ဘဝမှာလည်း အခုထိ ကြယ်တွေကြွေနေဆဲလို့ ထင် နေခဲ့တယ်..။

(မိုးပြာ)



www.burmeseclassic.com

www.burmeseclassic.com



⌐ လူဘဝရဲ့နက္ခသူငယ်ချင်း
ယုံကြည်ခြင်းတွေ ပေးဦးမှာလား...

⌐ ငါကတော့ အရသာမမက်ပေမယ့်
ညနေခါ မျက်နှာရတာများပြီ...

⌐ ပြောကြတာပဲ
ဘန္ဓ ဝပေါင်းတဲ့
အဲဒီအပေါင်းကြီးမှာ
ချစ်ရိုးပေါင်းများစွာနဲ့
လူတွေ... လူတွေ...
.............။





## အခန်း [၃]

"ငါ အစွယ်ကျိုးပြီ အေးရီ..."

အိမ်ပေါ်ရောက်ရောက်ချင်း ခရီးရောက်မဆိုက် အမေက အားအင်လျှော့နည်းသူတစ်ယောက်ရဲ့လေသံနဲ့ ပေါက်ပြဲနေတဲ့ကြိမ်ထိုင်ခုံမှာ ခြေပစ်လက်ပစ် ဝင်ထိုင်ရင်း ပြောသည်။

အလုပ်ပင်ပန်းတဲ့ဒဏ်..၊ သဘာဝနဲ့ နေ့စဉ် ရင်ဆိုင်ဒဏ်ခတ်တိုက်ပွဲဝင်ခဲ့မှုတွေ..၊ ပြီးတော့ ဇရာ..၊ ပင်ပန်းခြင်းဒဏ်ကြောင့် အဖေ့မျက်နှာမှာ ညှိုးမည်းမည်း။ ကျွန်တော့်စိတ်ထင် အမေရဲ့မျက်ဝန်းထဲမှာ မျက်ရည်လို့ ထင်သည့်အရာတွေ၊ တိုက်ပွဲမှာ ရှုံးနိမ့်သွားတဲ့ စစ်သုံ့ပန်းတစ်ယောက်ရဲ့ရှုံးနိမ့်မှုအရိပ်တွေ အဖေ့မျက်နှာမှာ၊ အဖေ့မျက်လုံးထဲမှာ ဟိုတစ်စ သည်တစ်စ ပြန့်ကျဲနေသည်။

အမေက သက်ပြင်းချသည်။

လုပ်လက်စ အဝတ်အကျီကြယ်သီးတပ်ခြင်းကို ခေတ္တရပ်နားပြီး အဖေ့ကို စာနာငေးမောသလို ငေး ကြည့်ပါသည်။

"ဪ... ကိုကံမင်းရယ်..၊ အသက်ပြည့်လို့ ပင်စင်ယူတာဆန်းသလား၊ ရှင် ဒီနေ့ ပင်စင်ယူလိုက်ရပေမယ့် ရှင် ကျွန်မတို့



www.burmeseclassic.com

www.burmeseclassic.com



မိသားစုကို နှစ်သုံးဆယ်၊ လေးဆယ်နီးနီး လုပ်ကျွေးခဲ့ပြီ တော်လောက်ပြီပေါ့ရှင်၊ အခု ကျွန်မတို့အလှည့် ..၊ ပြီးတော့..."

အမေက စကားကိုရပ်ကာ သူ့ကို အဓိပ္ပာယ်ပါတဲ့အပြုံးတစ်ခုနဲ့ ကြည့်ပြီး...

"ရှင့်သားကြီးလဲ ရှိပါသေးတယ်"

အမေ့စကားကြောင့် သူ့ရင်ထဲမှာ စိမ့်အေးသွားသည်။ သူ အဖေ့ဘေး ကြမ်းပြင်မှာ ရှေ့ထိုင်လိုက်သည်။ အဖေ့လက်တွေကို ဆုပ်ကိုင်တော့ အဖေသည် အားမဲ့သူတစ်ယောက်လို..။

"ဟုတ်ပါတယ် အဖေ..၊ အဖေ နားချိန်တန်လို့ နားရတာပါ၊ အဖေကလဲ အမေ့တာဝန် ကျေသလို သားလဲ သားတာဝန် ကျေရမှာပေါ့၊ မဟုတ်ဘူးလား အမေ..."

အမေက မျက်ဝန်းဆွေ လက်ခနဲဖြစ်သွားကာ ပြုံးသည်။ အဲဒါ ကြည်နူးခြင်း၊ ကျေနပ်ခြင်း၊ ဝမ်းသာခြင်းတွေဖြစ်မှာပါ။

အဖေ့လက်ခုံက အကြောဖြိုင်းတွေကို သူ ငေးမောမှတ်သပ်ကြည့်နေသည်။ အဖေ့လက်ခုံမှာ အရေပြားသည် ပျော့တွဲတွဲ၊ အင်းလေ... အဖေလည်း အသက် ၆၀ စွန်းပြီပဲ။

အဖေသည် အငြိမ်းစားဆိုတဲ့ဂုဏ်ပုဒ်ကို တော်တော်ကြောက်လန့်နေပုံရ၏။

"မဟုတ်ပါဘူးကွာ..၊ အဖေ အလုပ်လုပ်နိုင်ပါသေးတယ်"

အဖေ့ရဲ့ လေးလေးပင်ပင်စကားကို သူ ပြုံး၍မှားသောင်ရင်း အမေ့ရင်ထဲက စေတနာအမေတ္တာကို ကျေးဇူးတင် ဂုဏ်ယူမိပြန်သည်။





"မလုပ်ပါနဲ့တော့ အဖေရာ..၊ သားတို့ တစ်လှည့်လုပ်ကျွေးပါ့မယ်၊ နော်.. အမေ..."

အဖေက လမ်းမဘက်ကိုငေးရင်း စိတ်ပန်းနေသူလို ဖြည်းဖြည်းချင်း ခေါင်းခါ၏။

"သား မင်း အလုပ်လုပ်လို့မဖြစ်ဘူး၊ ပြီးတော့ အဖေ 'သစ္စာ' ကို ပေးထားတဲ့ကတိ မဖျက်ချင်ဘူး သား၊ ဒါကြောင့် မင်း ကျောင်းဆက်တက်ရမယ်"

အဖေရဲ့ 'သစ္စာ' ဆိုတဲ့ စကားကြောင့် သူ့ခန္ဓာကိုယ် ဆတ်ခနဲဖြစ်သွားရသည်။

နှုတ်ခမ်းကို ဖိကိုင်မိရင်း အဖေ့ကို သူ...

"သားကျောင်းက အဝေးသင်ပဲ အဖေရယ်၊ အလုပ်လုပ်လို့ ကျောင်းတက်တဲ့ကိစ္စကို အထိအခိုက်မဖြစ်နိုင်ပါဘူး အဖေရယ်"

ကုလားထိုင်ပေါ်မှာ လျော့ရဲရဲမှီထိုင်နေသည့် အဖေ့ဟန်ပန်သည် စိတ်ဓာတ်ရဲတိုက်ပွဲမှာ အလဲလဲ ဒူးထောက်ရှုံးနိမ့်သူလို မြင်နေစရာ။

"ငါတို့ဘဝတွေကလဲ ဘယ်ဘပ၊ ဘယ်ဝဋ်ကြွေးကဒဏ်တွေ အခုဘဝမှ စုပြုံခံနေရပါလိမ့်ကွာ"

အမေက ပြုံးယဲ့ယဲ့နဲ့ အဖေ့လက်မောင်းအိုးကို ဆုပ်ကိုင်ကာ...

"ကုသိုလ်ကံပေးသလောက် ကျွန်မတို့ အခုလို ရပ်တည်နိုင်တာပဲ ကျေးဇူးတင်ရမှာပေါ့ရှင်"

"အမေ.. အဖေ့ကို ပြောပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



အဖေက သူ့စကားကြောင့် နားမလည်ဟန်ရှိပုံရသည်။ ဒါကို သိတဲ့ အမေက…

"ကျွန်မ မနေ့ညနေပိုင်း ဈေးဘက်သွားရင်း အစ်ကိုခင်မောင်နဲ့ တွေ့တယ် ကိုကံမင်း"

အမေ့စကားကြောင့် အဖေက…

"ဒီကောင်ကြီး ငါနဲ့မတွေ့တာတောင် အတော်ကြာပြီ အေးရီ"

ဦးလေးခင်မောင်သည် အမေ့ရဲ့ငယ်သူငယ်ချင်းတစ်ယောက်ပေမယ့် အမေ့ကို ညီမရင်းတစ်ယောက်လို ချစ်ခင်ပြီး သူတို့ကိုလည်း တူသားခွေမျိုးရင်းချာတစ်ယောက်လို ကူညီစောင့်ရှောက်တတ်ပါသည်။ အိမ်ထောင်မရှိတဲ့ လူပျိုကြီးတစ်ယောက်မို့ အဖေတို့နဲ့ ညီအစ်ကိုမောင်နှမရင်းလို တွယ်တာမိသည် ထင်ပါသည်။

"အစ်ကိုခင်မောင်က သူ အခုလာမယ့် တနင်္လာနေ့ကျရင် ကျွန်မတို့လမ်းထိပ်မှာ ယာဉ်လိုင်းသစ်တစ်ခု ဖွင့်လိမ့်မယ်၊ သူက ဂိတ်မှူးတာဝန်ကျတယ် ကိုကံမင်း"

"ဟုတ်လား…"

အမေ့စကားကို အမေက ခေါင်းညိတ်ပြီး…

"စဖွင့်ဖွင့်ချင်းဆိုတော့ ဆိုင်တွေရှိဦးမှာ မဟုတ်သေးဘူးတဲ့၊ ဟိုကောင်ကြီးလဲ ပင်စင်ယူမယ် ငါကြားတယ်တဲ့၊ နင်တို့ ဒီကောင် ပင်စင်ယူရင် အိမ်စီးပွားရေးထိခိုက်မှာတော့ သေချာတယ်တဲ့လေ၊ အဲဒါ ဂိတ်မှာ ဆိုင်လေးတစ်ဆိုင်ဆိုင်ဖြစ်ဖြစ် လာဖွင့်ပါလားတဲ့ ကိုကံမင်း"





အဖေက ငိုင်တွေသွားသည်။ နောက်တော့ သက်ပြင်းချရင်း…

"နေပါဦးဟာ… ငါ အလုပ်လေးဘာလေး ရှာကြည့်ပါဦး မယ်"

"မဟုတ်သေးပါဘူး အဖေရာ၊ ကျွန်တော်လဲ အရွယ်ရောက် လာပြီပဲ၊ ကျွန်တော်နဲ့အမေ စီစဉ်ထားတာ တစ်ခုရှိတယ်၊ ဒီလို အဖေရာ..၊ ဦးလေးတို့ဂိတ်မှာ ကျွန်တော်နဲ့အမေ အကြော်ဆိုင်ဖွင့်ဖို့ စီစဉ်ထားတယ်၊ အဖေ ဘယ်လိုသဘောရသလဲဟင်…"

အဖေက ဘာမှမပြောဘဲ တိတ်ဆိတ်ငြိမ်သက်နေ၏။

"သဘောတူလိုက်ပါ အဖေရယ်၊ နောက်ဆို ညီမလေးလဲ ကျောင်း တက်ရတော့မှာ၊ ကျောင်းစရိတ်ဖိုးတွေ၊ စာအုပ်ဖိုးတွေ ပေးရတော့မယ်"

အဖေ ဘာမှပြန်မပြောနိုင်တော့ဘဲ သက်ပြင်းတွေသာ ချနေ တော့သည်။

အမှန်တော့ ကျွန်တော် အားတင်းကာပြောနေရပေမယ့် မနက် ဖြန်ဆိုပဲ အနာဂတ်အတွက် မျှော်လင့်ချက်ဆိုတဲ့ အသွားတုံးနေတဲ့ ဓားတစ်လက်ကို ခပ်ယိုင်ယိုင်ကိုင်ရင်း သူ ရုတ်တရက် ရင်ဆိုင်ရ တော့မည်။

နှလုံးသားနဲ့မဆုံအောင် ခြော်… လူ့လောကမှာ သောက်တွေ က နာမည်ကြီးနေတဲ့ ဘဝ ဆိုတာကြီးကို များလိုက်တာ..။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့ကစတင်၍ သူနဲ့အဖေ ဝါ၊၊ ခနီတွေဝယ်ကာ အကြော်တဲလေးကို စတင်ဆောက်ခဲ့ကြသည်။ ကျောင်းပိတ်ရက် တစ်ဖက် ရပ်ကွက်မှာ စာအုပ်ဖိုးရအောင်ဆိုပြီး အလုပ်သွားဆင်းနေတဲ့ ညီမငယ် မိမာ ပြန်လာတော့ အမေနဲ့အတူ ဝိုင်းဝန်းကူညီပေးကြသည်။

အလုပ်ကပြန်လာတဲ့ နေမျိုးက စက်ဘီးပေါ်ကဆင်းပြီး ကုက္ကိုပင်အောက်မှာ ဒေါက်ထောက် သော့ခတ်ကာ…

"ဦးလေးကံ… ဦးလေးကံသား မင်္ဂလာဆောင်ဖို့ မဏ္ဍပ်ဆောက်နေတာလား"

အဖေက အမေပေးတဲ့ခနီရွက်ကို တဲခေါင်မိုးပေါ်မှလှမ်းယူရင်း ကွမ်းတံတွေးကိုလည်း ပျစ်ခနဲထွေးသေးသည်။

"ဟုတ်တယ် မောင်မျိုးရ…၊ ညကျမှ မင်းအဖေကို လိုအပ်တာလေးတွေ လာပြောမယ်ဟေ့"

အဖေ့စကားကြောင့် နေမျိုးမျက်နှာ ရှုံ့မဲ့သွားသည်။ ရှုံ့လည်း ရှုံ့မဲ့စရာပါ။ ဒီကောင့်မှာက ညီမတစ်ယောက်နဲ့ အစ်မနှစ်ယောက်ကရှိနေတာကိုး…။





နေမျိုးက လုံချည်တိုတိုပြင်ဝတ်ရင်း ပုံထားတဲ့ခနီတွေကို တဲအောက် မ,ယူလာသည်။

"မိုးပြာ…၊ ငအောင် ပြန်မရောက်သေးဘူးလား၊ ဒီကောင်သူ့လေဒီကို ဖယ်ရီမှီနေရလို့ထင်တယ်"

သူ နေမျိုးလှမ်းပေးတဲ့ခနီကို အပေါ်ကနေလှမ်းယူရင်း မရယ်မိအောင် မနည်းထိန်းရသည်။ ဒီကောင့်နောက်မှာ ငအောင် ရောက်နေတာ ဒီကောင် မမြင်။ ငအောင်က တိတ်တိတ်နေလို့ သူ့ကိုမျက်ရိပ်ပြသည်။ သူကလည်း ခပ်တည်တည်နဲ့…

"ဒီကောင်ကွာ အကြော်တဲဆောက်ဖို့ဆိုတာ မနေ့ညလက်ဖက်ရည်ဆိုင်ထိုင်ရင်း ပြောထားရဲ့သားနဲ့…"

"ဒီကောင်ကတော့ ပြောမနေပါနဲ့တော့ကွာ၊ ဒီကောင်က…"

စကားပင်မဆုံးလိုက်ရ၊ ဟားဖက်ကို မနိုလှည့်ယူရင်း ငအောင်ကို တွေ့သွားတော့ နေမျိုးက စပ်ဖြဲဖြဲနဲ့…

"ဟဲ…ဟဲ…ဟဲ… သူငယ်ချင်း ရောက်နေတာ ကြာပြီလား"

ဒီကောင်အဖြစ်အပျက်ကို ကျွန်ုပ်တို့သူတွေက သဘောကျမဆုံး။ ငအောင်က နေမျိုးဆံပင်ကို စုဆွဲရင်း…

"ဟေ့ကောင်… ဆက်ပြောလေ…၊ ဒီကောင်က…"

"ဟုတ်တယ် ကိုအောင်ဧ၊ အစ်ကို မလာခင် ကိုနေမျိုးကြီး အစ်ကို့အတင်းတွေ ပြောနေတယ်"

ညီမလေးစကားကြောင့် ဟိုကောင်က ပျာပျာသလဲနဲ့…

"နင်…၊ အချွန်နဲ့ မ,မစမ်းပါနဲ့ဟာ…"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ပြောလေ.. ခုန ဒီကောင်က ဆိုတာ..."

နေမျိုးက စပ်ဖြဲဖြဲနဲ့...

"ဒီကောင်က ဉပမိရုပ်ကောင်းတယ်၊ ညှ့ညှ့ကျ သူငယ်ချင်းတွေကို လက်ဖက်ရည်တိုက်တယ်၊ သိပ်သဘောကောင်းတယ်လို့ ပြောမလို့ဟာ..."

နေမျိုး စကားကြောင့် အားလုံး ရယ်ကြပါသည်။ အဲဒီနေ့က စပြီး အမေနဲ့ကျွန်တော် အကြော်ရောင်းတဲ့အလုပ်ကို စတင် လုပ်ကိုင်ခဲ့ပါတယ်။ စေတနာလည်း ကောင်းတယ်၊ အမြဲတမ်း အပြုံးနဲ့ လေအေးအေးလေး စကားပြောတတ်တဲ့အမေ့ကို ကားအုံနာ၊ စပယ်ယာတွေ၊ ဒရိုင်ဘာတွေက ခင်မင်ကူညီ အားပေးကြသည်။

နောက်ပိုင်းမှာတော့ ကားဂိတ် ကုက္ကိုပင်ကြီးအောက်က အမေ့ဆိုင်လေးဟာ ခရီးသည်တွေ၊ ဒရိုင်ဘာတွေနဲ့ စည်ကားသိုက်မြိုက်လာတယ်။ ကားစပယ်ယာ ကောင်လေးတစ်ယောက်က ဆန့်ကောဖောင်းတစ်ချပ်ကို ရှာယူလာပြီး ကွမ်းယာဆိုင်က ထုံးဖြူဖြူတွေကို သကြီးနဲ့သုတ်ကာ ဆိုင်နာမည်ကို ရေးလိုက်ပါတယ်။

အဲဒီနာမည်ကို အားလုံးက သဘောတူကြပါတယ်။ ဆိုင်လေးရဲ့နာမည်က 'အမေ့အရိပ်' တဲ့။ ဟုတ်ပါတယ်။ အားလုံးက သူ့အမေကို အမေလို့ ချစ်စနိုးခေါ် ကြပါသည်။





"ဖြူဖြူနဲ့ တွေ့သေးလား"

"ဟင့်အင်း.. ငါလဲ ငါ့အလုပ်နဲ့ငါ ဆိုတော့ သွားမတွေ့အားဘူး၊ မင်းတို့လဲ သိတဲ့အတိုင်းပဲ၊ သူ့ကိုတွေ့ဖို့ဆိုတာ..."

သူ့စကားစ ပြတ်မသွားပေမယ့် ငအောင်ရော နေမျိုးပါ သဘောပေါက် နားလည်ကြသည်။

ညနေ ခပ်မှောင်မှောင်အစ မီးတွေ ရုတ်တရက်ဖွင့်လိုက်တော့ လက်ဖက်ရည်ဆိုင်လေးက လင်းထိန်သွားပြီး သီချင်းသံတွေလည်း ဆူညံသွားသည်။ စားပွဲထိုးလေးက 'မီးပြန်လာပြီ' လို့ အားရဝမ်းသာ အော်သံကို ကြားမိတော့ သူတို့ ပြုံးမိသည်။

"ဖြူဖြူ မင်းအပေါ် ဆက်ဆံရေးကျဲလာတာ မင်း ဘယ်လို မြင်လဲ မိုးပြာ"

သူ လက်ကျန်လက်ဖက်ရည်ကို မော့သောက်ပြီးမှ...

"ဘာထူးဆန်းလဲ နေမျိုးရာ၊ ရည်းစားတစ်ယောက်ရှိပြီး ရည်းစားဘဝကို တူတူတန်းတန်းမနေရတော့ သူလဲ ငါ့ကိုစိတ်ပျက်ပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါနဲ့လဲ မဆိုင်ပါဘူး မိုးပြာရာ…၊ ဖြူဖြူ ဆယ်တန်းကတည်းက မင်းကို သူက အရေးပေး စ,နှယ်လာတာ အားလုံးလဲ သိနေတာပဲ၊ သူ လမ်းခင်းပေးတဲ့လမ်းပေါ် မင်း ဘုမသိဘမသိနဲ့ လျှောက်မိလို့လဲ မင်းတို့ သမီးရည်းစားဖြစ်လာကြတာ၊ မင်း တမင် ဖုံးကွယ်ထားတာပါကွာ၊ ဖြူဖြူ နောက်တစ်ယောက်နဲ့တွဲနေတာကိုလဲ မင်း သိတယ်၊ မညာချင်စမ်းပါနဲ့ မိုးပြာ…၊ တကယ်တော့ မင်းကိုယ်တိုင်က ဖြူဖြူကို တကယ်မချစ်ခဲ့ပါဘူး"

သူ့ရဲ့တိတ်ဆိတ်နေမှုကို ငအောင်က…

"နေမျိုးပြောတာ မှန်တယ် မိုးပြာ…၊ တကယ်တမ်း မင်းနဲ့ ဖြူဖြူရဲ့စရိုက်ချင်းက တကယ့်အခေးကြီး…၊ ဘယ်လိုကဘယ်လို သမီးရည်းစား ဖြစ်ကြသလဲဆိုတာ တွေးမရအောင် အံ့ဩဖို့ကောင်းတာ အမှန်ပဲ"

သူ ခေါင်းခါရင်း…

"ဒါတွေ မပြောကြတာဘဲ ကောင်းတယ်ကွာ၊ တစ်ချိန်ချိန်ကျရင် သူလမ်းသူလျှောက်မှာ ငါ တွေးမိတယ်"

သူ့စကားကြောင့် ငအောင်က စကားလွှဲချင်ဟန်နှင့်…

"သော်… ဒါနဲ့ မနေ့က လမ်းမှာ ငါ ဆရာကြီးဦးထင်ကျော်နဲ့ တွေ့သေးတယ်၊ ဟို…လူကြမ်းမင်းသားကို သူ့ဆီလွှတ်လိုက်ပါတဲ့"

သူ ဆရာကြီးအပြောကြောင့် တဟားဟား ရယ်မိသည်။ ကျောင်းတုန်းက သူ ဒဿဂီရိနေရာက သရုပ်ဆောင်ခဲ့တာကို ဆရာကြီး ရည်ညွှန်းခဲ့တာဖြစ်မည်။





"ဟုတ်တယ်နော်၊ ဆရာကြီး ပြောလဲ ပြောစရာပဲ၊ ကျောင်းဆောင်သစ်ရန်ပုံငွေ အခမ်းအနားတုန်းက မင်း ဇာတ်ညွှန်းရေးပြီး ခင်း က,ခဲ့တဲ့ ရာမလက္ခဏပြဇာတ်က ရာမမင်းသား လုပ်ခဲ့တဲ့ (A)ခန်းက ထူးထူးတို့က နာမည်မကြီးဘဲ ငါတို့ဒဿဂီရိကြီးသာ နာမည်ကြီးခဲ့တာကို…"

သူ ရယ်ရင်း…

"ငါက လူကြမ်းနဲ့ ကံပါလာဘာကိုး၊ တကယ်တော့ ဇာတ်ညွှန်းတစ်ခု၊ ကားတစ်ကား၊ ဝတ္ထုတစ်ခုမှာ အဓိကသရုပ်ဆောင်အတွက် အားကနေ ပံ့ပိုးပေးရတဲ့ ဇာတ်ပို့ဇာတ်ရန်လူကြမ်းတွေရဲ့ကဏ္ဍကို ပိုစိတ်ဝင်စားခဲ့တာ ငါကိုယ်ငါလဲ အံ့ဩမိတယ်"

သူ့စကားကို စိတ်ဝင်တစားနားထောင်နေရင်း ငအောင်က…

"မင်း ကျောင်းက ကပွဲမှာ ကခဲ့တဲ့ဇာတ်ကို ဘယ်လိုဇာတ်ညွှန်းဆွဲခဲ့လဲ"

သူ ပြုံးမိပြီး ရေနွေးအိုးကိုင့်ကာ…

"ငါ အရမ်းလိုချင်လို့ဝယ်ထားတဲ့ ရုပ်ရှင်နဲ့ပတ်သက်တဲ့ စာအုပ်သုံးအုပ် ရှိတယ်၊ တစ်အုပ်က ဒါရိုက်ဘာ ရဲဝန်ထမ်းဟောင်းတစ်ဦး၊ ပြီးတော့ ဇာတ်ညွှန်းရေးဆရာတွေဖြစ်တဲ့ ဆရာအောင်ကျည်ထွက်း (တိုက်ပွဲခေါ်သံ)၊ ဆရာငြိမ်းမင်းရဲ့ (အမေ့နို့ဖိုး)တို့က သိပ်အသုံးဝင်ခဲ့သလို ငါ့အတွက်လဲ လေ့လာခွင့်တွေရခဲ့တယ်၊ အဲဒီဆရာတွေရဲ့ကျေးဇူးကို ငါ မမေ့ပါဘူး၊ နောက်တစ်ခုက ဆရာမ ဒေါ်မြင့်သီတာ…"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ..."

"အင်း.. ဆရာမ ဦးလေးက နာမည်ကြီးဒါရိုက်တာ ဦးဖေသစ်လေ"

"ဟာ!.. နာမည်ကြီးပဲ"

"အေး.. ဆရာမက ငါ့ဝါသနာကိုသိတော့ ဇာတ်ညွှန်းတွေလေ့လာခွင့်ရအောင် ဦးဖေသစ်ရဲ့ နာမည်ကြီးဇာတ်ညွှန်းအဟောင်းသုံး,လေးခုကို ငါ့အတွက် ယူလာပေးတယ်၊ အဲဒီအကျိုးကျေးဇူးတွေနဲ့ ငါ ရာမလက္ခဏာကို ရေးဖြစ်တာပဲ၊ ဒါတောင် တွန့်ဆုတ်ဆုတ်ဖြစ်နေသေးတယ်၊ ကျောင်းအုပ်ဆရာကြီးရယ်၊ ဆရာမရယ်က အတင်းရေးခိုင်းမှ ငါလဲ ရေးရဲတာပေါ့၊ ပြီးတော့ ဆရာကြီးနဲ့ ဦးဖေသစ်က အရမ်းခင်တဲ့ ငယ်သူငယ်ချင်းတွေလေ"

အနုပညာအကြောင်း ပြောရရင် အနုပညာဆိုတာ သူ့အတွက် ဘဝခရီးပြေးလမ်းက အိုအေစစ်၊ ဒါမှမဟုတ်တဲ့ ငြိမ်းအေးရာ ကမ်းခြေတစ်ခု။







သေချာအကွက်ချထားတဲ့
ဖြစ်ချင်ရာဖြစ် ဘဝထဲမှာ
ငါနေသားတကျ ရှိနေပါပြီ...။



www.burmeseclassic.com



"မင်းအဖေ ဦးကြိုင်ရဲ့ဆိုင်ထဲမှာ မိုးပြာ"

ဘူးသီးကိုပိုက် ဆိပ်ကိုဆွဲလာရင်း လမ်းမှာ အဖေ့သူငယ်ချင်း သောက်ဖော်သောက်ဖက်၏ အမှာစကားကြောင့်...

"အဖေ ရေချိန်မှန်နေပြီလား"

"သိပ်မှန်မယ် မထင်ဘူး"

ရယ်ရယ်မောမောနဲ့ပြောပြီး သူလည်း အကြော်ဆိုင်ရှိရာဘက်ကို ဆက်လျှောက်လာခဲ့သည်။ ဆက်လျှောက်နေရင်း နောက်ဘက်ဆီက ကားဟွန်းသံကြောင့် သူ လမ်းဘေးကပ်ရပ်မိ၏။

ဒါပေမယ့် အညိုရောင်ဖျော့ဖျော့ ဇိမ်ခံကားလေးက ဖြတ်ကျော်မသွားဘဲ ဘေးမှကပ်ရပ်တာကြောင့် သူ စူးစမ်းမိ၏။

ကားတံခါးမှန် လျှော့ချလာပြီး နေကာမျက်မှန်အနက်ကို ခေါင်းပေါ်ပင့်တင်ထားတဲ့ မျက်နှာလေးတစ်ခု ကားပြတင်းပေါက်ဆီက ပေါ်လာ၏။

"မိုးပြာ... တို့ကိုရော မှတ်မိရဲ့လား"





ဖြူဖြူရဲ့စကားကြောင့် ဘူးသီးကို လက်ပြောင်းပိုက်ရင်း ဆိပ်ပုံးကို ဘေးမှာချကာ...

"ဘယ်ကလှည့်လာတာလဲ ဖြူ..."

ကားတံခါးဖွင့်ဆင်းလာရင်း ဖြူဖြူက သူနဲ့ မျက်နှာချင်းဆိုင်ကာ...

"ရှင့်ဆီပေါ့ မိုးပြာရယ်...၊ ကျွန်မမှာရှိတဲ့ ရည်းစားတစ်ယောက်ကို အရမ်းတွေ့ချင်တော့ ဒီကိုပဲလာရတော့တာပေါ့၊ ဒါနဲ့ ဒီဘူးသီးကြီးက ဘာလုပ်မလို့တုံး"

သူ ရယ်ရင်း...

"တို့ အကြော်ဆိုင်ဖွင့်ထားတယ်လေ"

သူ့စကားကြောင့် ဖြူဖြူက နှာခေါင်းရှုံ့ လက်ပိုက်ရင်း...

"ဘယ်လိုလဲကွာ.. ဒီအလုပ်ကြီး လုပ်ရတယ်လို့၊ တော်ကြာ သူငယ်ချင်းတွေက ပြောကြဦးမယ်၊ အရင်းအနှီးလိုရင် ဖြူ့ဆီက တောင်းပေါ့ မိုးပြာရယ်၊ အလကား အိုက်တင်ခံနေတယ်"

သူ မျက်နှာမပျက်ပေမယ့် ရင်ပျက်ချင်စရာ စကားက...

"ကိုယ့်ပိုက်ဆံမှမဟုတ်တာ ဖြူဖြူ၊ သူများပိုက်ဆံဆိုတာ ယူမိတဲ့လူအတွက်က ဖောချေးပြန်စရာကောင်းတယ် ဖြူ၊ ကိုယ် မာနကြီးနေတာမဟုတ်ဘူး၊ ကိုယ့်မှာ ရှိစုမဲ့စုမာနလေးကို အရောင်တင်ပေးထားရတာ၊ အဲဒီအတွက် ကိုယ့်ကိုခွင့်လွှတ်ပေးပါ ဖြူ"

သူ့စကားကြောင့် နှုတ်ခမ်းမဲ့ရင်း...

"ကဲ.. အဲဒါတွေထားလိုက်ပါ၊ လိုက်ခဲ့မယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းယမ်းပြရင်း…

"ကိုယ် တကယ်မအားတာ ဖြူ အမေ့ကို ဆိုင်မှာ ကူရောင်းပေးရမယ်"

သူ့စကားကြောင့် ဖြူကာ စိတ်ပျက်ပျက်နဲ့…

"တော်ပြီကွာ..၊ ဘယ်နှစ်ခါခေါ်ခေါ် အမေ့ကို ဝိုင်းကူရမယ်၊ ညီမလေးကို သွားကြိုရမယ်နဲ့ အကြောင်းပြချက် တစ်ခုပြီးတစ်ခု ပြနေတာပဲ၊ ဒီမှာ ကိုမိုးပြာ..၊ ရှင့်မှာ ရည်းစားတစ်ယောက် ရှိတယ်ဆိုတာလဲ ခေါင်းထဲမှာ ထည့်ထားပေးပါ"

"ကိုယ့်မှာ ရည်းစားတစ်ယောက်ရှိတယ်ဆိုတာလဲ ကိုယ့်ခေါင်းထဲမှာ ထည့်ထားပါတယ်၊ အဲဒီလိုပဲ မိသားစုတစ်စု ကိုယ့်မှာရှိတယ်ဆိုတာလဲ ကိုယ့်နှလုံးသားက သိနေခဲ့တယ်"

သူ့စကားကြောင့် သူ့ရဲ့ချစ်သူက ကားတံခါးဆောင့်ပိတ်ကာ အပြင်းမောင်းထွက်ရင်း သူမရဲ့ဒေါသကို လက်တွေ့ပြ၏။

သူ သက်ပြင်းချရင်း ခေါင်းမော့ကာ ကောင်းကင်ကိုကြည့်တော့ ပြာလွင်နေတဲ့ကောင်းကင်ရဲ့ရှင်းသန့်မှုကို မြင်၏။ ငါလည်း မင်းလိုနေချင်လိုက်တာ ကောင်းကင်ပြာ…။





"ကောင်လေး အကြော်သုပ်နှစ်ပွဲ ပေးကွာ…"

"ကားဝင်လာတာတောင် မမြင်ပါလားဗျာ..၊ ကိုအေးနိုင်..ခင်ဗျားကားမှာ ခရီးသည်ကော ပါရဲ့လားဗျာ"

သူက ကိုအေးနိုင်တို့စားပွဲဝိုင်းကို ရေနွေးအိုး လှမ်းပေးရင်း ပြောမိသည်။

"မစားသာပါဘူး မောင်မိုးရာ၊ ရှုံးပိတ်ရက်မို့လို့လားတော့ မသိဘူး ၊လူပြတ်တယ်ဟ၊ လူတွေကလဲကွာ အပြင်ထွက်ခဲလိုက်တာ"

"ဆရာကလဲ လမ်းမှာ ကားချင်းဖိုက်လာတာကိုး"

သူ့တပည့် ဇော်ထွေးရဲ့ အပြောကြောင့်…

"ဟ.. ဈေးမှတ်တိုင်မှာ လူစောင့်ရင်း စောင့်ရင်းနဲ့ ငါ့ကားက ဒင့်ကူအိမ်တွေနဲ့ ပြည့်နေလောက်ပြီ၊ အဲလောက်မှမမောင်းရင် ခရီးသည်တွေက မေတ္တာပို့လောက်ပြီကွ၊ မင်းလို ပတ်ဝန်းကျင်ကိုမလေ့လာဘဲ ခါးပုံစထဲ ဖိုက်ဆံလိပ်ဖို့ချောင်းနေတာမှ မဟုတ်တာ"

ကိုအေးနိုင် စကားကြောင့် ဝိုင်းရယ်သံတွေ ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုအေးနိုင်က သူ ချပေးကဲ့ထမင်းဖြူနဲ့ အသုပ်ကို လက်ဆင့်ကမ်းယူရင်း…

“ကောင်လေး.. မင်း ကားလိုက်မလား”

“မလုပ်ပါနဲ့ မောင်အေးနိုင်ရယ်၊ မင်းဦးလေးအကြောင်းလဲ သိသားနဲ့၊ သူက သူ့သားကို အကြော်ဆိုင်မှာ ဝိုင်းလုပ်နိုင်းတာ တောင် ကြိုက်တာမဟုတ်ဘူး၊ သူ့သားကို အများကြီး မျှော်လင့်ထားတာကွဖ့်”

အမေ့စကားကြောင့် ကိုအေးနိုင် ပြုံးသည်။ ပြီးတော့…

“ဒါနဲ့ ဦးလေး အရက်ပြန်သောက်နေတယ်ဆို…”

အမေက တုတ်တံနှင့် အကြော်ကို တူးမသွားအောင် တစ်ဖက်လှန်ရင်း…

“ဟုတ်တယ်.. ပြောမရဘူး မောင်အေးနိုင်၊ သူ ပင်စင်ယူလိုက်ရတော့ စိတ်မာတော်ကျသွားတာလဲ ပါမှာပေါ့လေ၊ အရက်ချည်းပဲ စွတ်သောက်နေတော့တာပဲ၊ အမေလဲ ပြောပါသေးတယ်၊ ပြောမရတာနဲ့ကွယ် သူ ကျေနပ်အောင် လွှတ်သာထားလိုက်ရတယ်”

ကိုအေးနိုင် က…

“ဦးလေးက မူးရင် မရမ်းပါဘူး အမေရယ်၊ သူက အရက်ကို ဖိမ်ဆွဲသောက်တဲ့လူမျိုးပါ၊ အဲ… မူးပြီးရမ်းတဲ့သူ ဟိုလူကြီး ဦးသံတိုလေ”

“ဘယ်က ကလေကချေလဲကွ.. ငါကိုပြောတာ..၊ ဟေ…”

ဦးသံတိုင် က သူ့ရဲ့ခန္ဓာကိုယ် ဝဝဖိုင့်ဖိုင့်ကြီးကို အိပဲ့အိပဲ့နဲ့





လျှောက်ကာ သယ်ယူလာရင်း ကိုအေးနိုင်ရဲ့ခေါင်းကို လက်ဝါးကြီးနဲ့အုပ်ကာ ဖိသည်။

“မဟုတ်ပါဘူး ဦးလေးသံတိုင်ရယ်..၊ ဦးလေးက အရက်မကြိုက်တတ်ဘူးလို့ အမေ့ကို ပြောနေတာ”

ဦးသံတိုင် က ရယ်ရင်း…

“ဟုတ်တယ်… ငါက အရက်မကြိုက်ပါဘူးကွာ၊ အခုတောင် ကားမောင်းနေရင်း အကြဲတစ်ခုရလာတယ်၊ အရက်ကို ကားမောင်းရင်း ခေါင်းပေါ်သောက်မှာ အဆင့်တစ်ခုလုပ်ပြီး ပုလင်းတင်ပြီး ပိုက်ချိတ်ထားရင် ကောင်းမလားလို့၊ အဲဒါဆိုရင် အလုပ်လဲ မပျက်တော့ဘူး၊ အမြည်းလဲ မကုန်ဘူး၊ ပါးစပ်လဲ မခါးဘူးဟေ့”

“ဟုတ်တယ်.. အမြည်းလဲမကုန်ဘူး၊ အလုပ်လဲမပျက်ဘူး၊ ဒါပေမယ့် ရှင့်ရဲ့အကြံကို လက်လျှော့လိုက်ပါ ကိုသံတိုင်ရယ်၊ ကျွန်မ ခရီးသည်တွေရဲ့အသက်ကို နှမြောလို့…”

အမေ့စကားကြောင့် ဦးသံတိုင် ကြည့်ကာ ဝိုင်းရယ်ကြသည်။ သူ အချဉ်ရည်ပေနေတဲ့စားပွဲကို လက်နှီးစုတ်နဲ့သုတ်နေရာမှ လေးတိလေးကန်နဲ့ အကြော်တဲထဲ ဝင်လာသော အဖေ့ကို ခုံပုလေးတစ်လုံးဆွဲကာ နေရာပေး၏။ ပြီးတော့မှ…

“ဘာလိုလို့လဲ အဖေ”

အဖေ့ကြည့်ရတာ ရေချိန်မှန်ပုံမရ။ အမေက…

“ရှင် ဗိုက်ဆာလို့လား ကိုကံမင်း”

အဖေ ခေါင်းယမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်သေးသေးလေးလို ဆောက်ထားတဲ့ ဂိတ်မှူးတွေနေသော ရုံလေးထဲမှာထိုင်နေသော ဦးခင်မောင်က အသံကျယ်ကျယ်နဲ့ အဖေ့ကို လှမ်းပြောသည်။

"မင်းကံ.. မဟုတ်မှလွဲရော မင်း ရေချိန်မကိုက်သေးဘူးနဲ့ တူတယ်"

အဖေက ဦးခင်မောင်ရှိရာဘက်သို့ကြည့်ကာ 'အေးကွ' လို့ ရယ်ရင်းပြောသည်။

"အိမ်မှာ မနက်ကဝယ်ထားတဲ့ပုလင်းက ကုန်ပြီလား အဖေ"

"အင်း..."

"တော်ရောပေါ့ ကိုမင်းကံရယ်၊ ရှင့်ကိုယ်ရှင်လဲ သနားပါဦး၊ ကျွန်မ ရှင့်အတွက် ပြောနေတာနော်"

အမေ့စကားကြောင့် အဖေ ဘာမှပြန်မပြော။ ဒါပေမယ့် ထပ်သောက်ချင်နေပုံရသည်။ ပြီးတော့ တစ်ချက်တစ်ချက် လေချဉ်တက်နေတာမြင်ရတော့ သူ အဖေ့ကို သနားမိသည်။

"အဖေ အိမ်ပြန်တော့လေ၊ သား ဟိုဘက်လမ်းထိပ်ကဆိုင်မှာ သွားဝယ်ပြီး လာပို့ပေးမယ်"

"ဟာ... ရပါတယ်ကွာ၊ ပိုက်ဆံသာပေးလိုက်၊ ငါ့ဘာသာ သွားဝယ်ပါ့မယ်ကွာ"

"ဟာ... အဖေကလဲ သား သွားဝယ်ပေးပါ့မယ်၊ အဖေ အိမ်ကပဲ စောင့်နေပါ အဖေရယ်"

"ဟုတ်ပါတယ် ကိုမင်းကံရယ်၊ သားကြီး ဝယ်ပြီး လာပို့ပေး





မှာပေါ့၊ ကားတွေက ရှုပ်ပါဘိသနဲ့"

အမေနဲ့ သူ ဝိုင်းပြောတာကြောင့် အဖေ သက်ပြင်းချပြီး ငြိမ်ကျသွားသည်။ ပြီးတော့ ခေါင်းညိတ်ကာ အိမ်ဘက်သို့ လေးတိလေးကန်နဲ့ ထ,ထွက်သွားသည်။

အမေ အဖေ့ကျောပြင်ကို ငေးကြည့်နေသည်။

"ဒီလိုပါပဲ အေးရီရယ်..၊ ပင်စင်ယူလိုက်ရတဲ့လူတော်တော်များများဟာ စိတ်ကျရောဂါလို့ ခေါ်မလားဘဲ၊ သူတို့ရဲ့စိတ်ထဲမှာ သူတို့ကိုယ်သူတို့ လူရာမဝင်တော့ဘူး၊ သုံးလို့မရတော့ဘူးဆိုပြီး တွေးရင်း အားငယ်နေတတ်ကြတာ"

ဦးသံတိုင် စကားကို ခေါင်းညိတ်ကာ အသိအမှတ်ပြုသည်။

"အမေ သား သွားဝယ်လိုက်ဦးမယ်"

သူ လုံချည်တိုတိုပြင်ဝတ်ရင်း ပုလင်းလွတ်ကို ခါးကြားထိုးသည့်သည်။ အမေက သူ့ကို စိတ်မကောင်းဟန်နှင့်ကြည့်နေရင်း...

"ပိုက်ဆံဘူးထဲက ယူသွားလေ သား"

"သားမှာ ရှိပါသေးတယ် အမေ"

သူ ပြောပြီး ဆိုင်ထဲက ထွက်လာခဲ့သည်။ သူတို့ရပ်ကွက်ရဲ့ ရက်ဖြူဆိုင်က တစ်လမ်းကျော်မို့ အတွင်းလမ်းကျယ်ဆီသို့ လျှောက်ခဲ့ရသည်။ ဆိုင်ရောက်တော့ ကောင်တာက ကိုအေးရွှေက ရက်ငုံ့ထည့်ရင်း...

"မောင်မိုး .. ဦးလေးအတွက်လား"

ကျွန်တော်က ဟုတ်တယ်လို့ပြောရင်း ကျသင့်ငွေကို ရှင်းပေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ အရက်တစ်ပိုင်းကို ကိုအေးရွှေက ပုလင်းထဲပြောင်းထည့်ပေးပြီး သူ့ကို ပုလင်းပြန်ပေးသည်။

ခါးကြားထိုးကာ ကိုအေးရွှေကို နှုတ်ဆက်ပြီး သူ ဆိုင်ထဲက ထွက်လာခဲ့သည်။ လမ်းမပေါ်မရောက်ခင် ရှေ့တည့်တည့်က လာတဲ့ ကားက လမ်းပိတ်ရပ်လိုက်တာကြောင့် ကားနံပါတ်ကိုကြည့်ကာ ဖြူဖြူ့ကားဆိုတာ သူ သိလိုက်သည်။

ကားတံခါးဖွင့်ဆင်းလာတဲ့ ရွှေရောင်မင်းသမီးလေးသည် ခန့်မှန်းရခက်ခဲတဲ့ လေပွေတစ်ခုကို ယူဆောင်လာမည့်မှန်း သူ ကြို မရိပ်မိခဲ့..။ မနေ့တစ်နေ့ကပြဿနာကို သူမ မေ့နိုင်ပုံရသည်။ သူမက ကားရှေ့ဘောနပ်ကိုမှီရင်း လက်ပိုက်ရပ်ကာ...

"ဘယ်ကပြန်လာတာလဲ မိုးပြာ..."

သူ ပုံမှန်အတိုင်းပဲ ပြောမိသည်။

"အရက်ဆိုင်က..."

ဖြူဖြူက သူ့စကားကို သံယောင်လိုက်သည်။

"အရက်ဆိုင်က..."

နှုတ်ခမ်းလှလှလေးသည် အံ့သြဟန်ကို ဖန်တီးပြ၏။

"ဟုတ်တယ် ဖြူ၊ အမေ့အတွက် ကိုယ် သွားဝယ်တာ"

အပေါ်နှုတ်ခမ်းကိုဖိကိုက်ရင်း ဖြူက ခေါင်းခါသည်။ သူ မထင်မှတ်ဘဲ ဖြူ့မျက်ဝန်းထဲက မလိုလားအပ်တဲ့ ငြင်းဆန်မှုတွေကို လျှပ်တစ်ပြက် မြင်ခဲ့သည်။

"ဒီပုံအတိုင်းဆို မိုးပြာနဲ့တို့ အကျေအလည် ဆွေးနွေးရတော့





မယ် ထင်တယ်"

"ဘာအတွက်လဲ ဖြူ"

ဖြူက လက်ပိုက်ရပ်ရင်း သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်သည်။

"မိုးပြာနဲ့ တို့ ဒီအတိုင်းဆို ရှေ့ဆက်ဖို့ မလွယ်တော့ဘူး ထင်တယ်"

"ဘယ်လို!... ရှေ့ဆက်ဖို့ မလွယ်တော့ဘူး..၊ ဟုတ်လား"

သူ ဖြူ့စကားတွေကို သဘောမပေါက်နိုင်အောင်ဖြစ်မိသည်။

"ဟုတ်တယ် မိုးပြာ၊ မိုးပြာလုပ်ရပ်တွေက မဟုတ်သေးဘူး"

"တို့ မင်းစကားတွေကို နားမလည်ဘူး ဖြူ၊ မင်း ရှင်းရှင်းပြောစမ်းပါ၊ ကိုယ့်မှာ ဘာပြစ်ချက်ရှိလို့လဲ"

ဖြူက သူ့ကို ရင်ဆိုင်မကြည့်။ ဒါပေမယ့်...

"မိုးပြာ က ဆင်းရဲတယ်"

ဖြူ့စကားက သူ့ကို အံ့အားသင့်စေသည်။ နားထဲမှာလည်း အူထွက်သွားမတတ်။ အတန်ကြာမှ သူမစကားကို သဘောကျကာ ဟက်ဟက်ပက်ပက်ရယ်မိသည်။

သူ အားရပါးရရယ်တာကို ဖြူက မော့ကြည့်သည်။ ရယ်သံဆုံးသွားတော့မှသာ သူ စကားကို စတင် သည်။

"ဆင်းရဲလို့..၊ ဆင်းရဲလို့... ဟုတ်လား၊ မင်းပြောတဲ့အကြောင်းပြချက် ခေါင်းစဉ်ကတော့ ကောင်းပါ့ကွာ၊ မင်းနဲ့ရည်းစားဖြစ်ခင်ကတည်းက ငါ ဆင်းရဲတာ မင်း မသိဘူးလား၊ ဒါမှမဟုတ် မသိချင်ယောင်ဆောင်နေတာလား၊ ငါ အခုမှ ဆင်းရဲတာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး ဖြူ ငါ မမွေးခင်ကတည်းက ဆင်းရဲတာ၊ မင်း သိရဲ့သားနဲ့ကွာ''

ဖြူ မျက်နှာပျက်သွားသည်။ နောက်ထပ် စကားဆိုပြန်သည်။

''အကြော်ရောင်းတဲ့လူတစ်ယောက်ကို ငါ့ရဲ့ချစ်သူလို့ ငါ့ သူငယ်ချင်းတွေကို ဘယ်လိုပြောရမလဲ မိုးပြာ၊ ငါ အိပ်မက် ဆက် မမက်ရဲတော့တာ အမှန်ပဲ၊ ဒီလိုအချိန်မှာ ငါတို့လမ်းခွဲကြတာ အထိ နာမှာမဟုတ်ဘူးလို့ ငါထင်တယ်လေ''

''အထိနာမှာမဟုတ်ဘူးလို့ အဲဒီစကားအပေါ် မင်း ယုံကြည်မှု ရှိရဲ့လား ဖြူ''

ကားဘောနပ်ကိုကုတ်ခြစ်နေသော သူမရဲ့လက်ညှိုးဖျားလေးကို လှမ်းကြည့်မိရင်း ခွဲလမ်းမှုတွေ ကျောခိုင်းနိုင်အောင် မျက်ဝန်းကို မှိတ်ပစ်လျက်သား...။

''ကိုယ့်အိမ်က ခွေးလေး၊ ကြောင်လေး ပျောက်သွားရင်တောင် သခင်က အနေခက်သေးတာပဲ၊ အဲဒါ မင်းရော ငါရော လူတွေရဲ့ စရိုက်ပါကွာ၊ အကြော်ရောင်းလို့ဆိုတဲ့ ပညတ်ချက်ကြောင့် ငါ့ကို မချစ်နိုင်ဘူး ဆိုတဲ့စကားဟာ ငါ့ကို စော်ကားတာ ကျိန်းသေတာ ပေါ့၊ ကျေးဇူးပြုပြီး နင့်စကားကို ရုပ်သိမ်းပေးစမ်းပါ၊ နင့်ရဲ့ချစ်သူ အကြော်ရောင်းတယ်ဆိုတာ ဥပဒေနဲ့တော့ ကင်းလွတ်ပါတယ်၊ နင် မယုံရင် နင့်အဖေ မေးကြည့်...''

''နင် မစော်ကားနဲ့...''

ဆတ်ဆတ်ခါနာကျင်မတတ်ဖြစ်သွားတဲ့ သူမရဲ့မျက်နှာကို သူ ငြိုးရှုံကြည့်မိမြဲ...။





''မှန်တာပြောရင် အထိနာတတ်ကြပါတယ်၊ ငါ ပြောချင်တာ က ဆင်းရဲတယ်ဆိုတာ အနှိမ်ခံဖို့သက်သက် မဟုတ်ဘူးဆိုတဲ့ သဘောပါ''

အငြိုးကြီးတဲ့မျက်လုံးတစ်လုံးက သူ့ကို အင်အားပြင်းထန်စွာ ကြည့်သည်။ ကားတံခါးပိတ်သံ၊ အရှိန်ပြင်းစွာ မောင်းထွက်သွား သော ကားတစ်စီး...။

ဆင့်ကဲ ဆင့်ကဲ ပြောင်းလဲကြပေမယ့် သူကတော့ ရပ်နေမိမြဲ။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး ရိုးရိုးမေဂျာပဲ ယူချင်တယ် ကိုကို"

အဖေ အိပ်ပျော်သွားမှ ညီမလေးက သူ့ဆီ လျှောက်လာရင်း အခုလိုပြောပါတယ်။

သူ စက္ကူပေါ်မှာ ခဲတံနှင့် (Sketch)ကောက်နေရင်းက ညီမလေးကို မော့ကြည့်သည်။

ညီမလေးက သူ့ဘေးမှ ဝင်ထိုင်သည်။

သူတို့အိမ်ကလေးရဲ့ ခပ်လှမ်းလှမ်းမှာ ရထားလမ်းရှိသည်။ ရထားလမ်းပေါ်မှာ ကလေးများက ဘယ်ဆီကလွင့်လာသည်မသိ ကြိုးပြတ်စက္ကူစွန်ကို ဝိုင်းလုနေကြ၏။

"နှင့်အမှတ်နဲ့ နှင့် ဝါသနာပါတဲ့ဆေးကျောင်း လျှောက်လို့ရတာပဲ ညီမလေး"

မာမာက သူ့ကိုကြည့်သည်။ သူလည်း အမှတ်မထင် မာမာကို ကြည့်မိတော့...

ဟင်!... မာမာရဲ့မျက်ဝန်းမှာ မျက်ရည်စတွေ တွဲခိုနေသည်





"ညီမလေး တစ်ကိုယ်ကောင်းမဆန်ချင်ဘူး ကိုကို၊ ညီမလေးတို့ အခြေအနေနဲ့ ညီမလေး ဆေးကျောင်းတက်ရမယ့်နှစ်က အချိန်အကြာကြီး၊ ပြီးတော့..."

သူ ညီမလေးခေါင်းကို ပွတ်သပ်ရင်း ညီမလေးကို နှစ်သိမ့်မိသည်။

"အချိန်ကာလဆိုတာ မလွဲမသွေဖြတ်သန်းရမယ့်ကိစ္စပါ ညီမလေးရယ်..၊ ညီမလေး စိတ်ဖြောင့်ဖြောင့်နဲ့ကျောင်းတက်ပါ၊ ညီမလေးမှာ အစ်ကိုတစ်ယောက်ရှိတယ်ဆိုတာ ညီမလေး သိထားစမ်းပါ၊ ဘာမှလဲ မစဉ်းစားနဲ့တော့..၊ ဟုတ်လား..."

ညီမလေးက ခေါင်းမော့ကြည့်ရင်း...

"မဟုတ်သေးဘူး ကိုကို၊ အဖေ့ကျန်းမာရေး..."

သူ ပြုံးရင်း...

"ဒါတွေက သူ့အလိုလိုဖြစ်သွားမှာပါလေ၊ ရင်ဆိုင်ကြတာပေါ့ ညီမလေးရယ်..၊ နော်..."

ညီမလေးက ဘာမှပြန်မပြော။ သူကတော့ ရင်ထဲမှာ ဖြောင်းဆန်နေသည်။ အနာဂတ်...၊

ဟုတ်တယ်..၊ အဲဒီအနာဂတ်ထဲမှာ ငါတို့တွေ...။



www.burmeseclassic.com

www.burmeseclassic.com



ကျိန်းစပ်နေတဲ့မျက်လုံးကို မနည်း အားယူဖွင့်ကြည့်ရသည်။

"သားကြီး‥ မင်း အိမ်မှာ အိပ်နေခဲ့လေ၊ အမေ တစ်ယောက်တည်း ဆိုင်ဖွင့်လဲ ဖြစ်ပါတယ်"

အကြော်ဆိုင်ထွက်ရန် ပြင်ဆင်နေတဲ့အမေ့ကို သူ…

"အမေ အိမ်မှာပဲနေခဲ့ပါ၊ ကျွန်တော် ဆိုင်ဖွင့်လိုက်မယ်လေ၊ အဖေက အမေ မရှိလို့ ဖြစ်မှာမဟုတ်ဘူး"

မနေ့ညကတည်းက အဖေ ရုတ်တရက် လေဖြတ်လေသည်။ ညတွင်းချင်း ဆရာဝန် ပြေးခေါ်ကာ ကုသပေမယ့် အဖေ လုံးလုံး စကား မပြောနိုင်အောင် အိပ်ရာပေါ်လဲခဲ့ရသည်။

နှစ်ရက်တာ မအိပ်ရတဲ့ဒဏ်ဟာ လူကို မှုံလဲချင်စရာပါ။

"နေခဲ့လိုက်ပါ အမေရယ်‥၊ ညီမလေးကိုလဲ အမေ ကျောင်းတက်ခိုင်းလိုက်၊ ညီမလေးက ခေါင်းမာမာ၊ အမေပြောမှဖြစ်မှာပါ၊ ဆိုင်က ကျွန်တော်တစ်ယောက်တည်းနဲ့ ဖြစ်ပါတယ်"

အမေ ဘာမှပြန်မပြောတော့ဘဲ သူ့ကို ငေးကြည့်နေသည်။





"ငါ့သားကြီးလဲ တော်တော်ပင်ပန်းနေပါပြီ"

သူက အမေ့ကို ပြုံးပြရင်း…

"ကဲစိမ်ရာ့ပေါ့ အမေရာ၊ ဘာမှ စိတ်မကောင်းဖြစ်မနေပါနဲ့၊ ကဲ… အမေ သား ဆိုင်သွားဖွင့်လိုက်ဦးမယ်"

သူ ဆိုင်ကို တောင်းတွေ၊ ခြင်းတွေ အိမ်ရှေ့တလှည်းထဲပြောင်းထည့်ကာ တွန်းပြီးလာခဲ့သည်။ ဆိုင်ရောက်တော့ အလင်းရောင်တောင် ကောင်းကောင်းမမြင်ရသေး။ ဆိုင်ရောက်တော့ ဂိတ်လာထိုးတဲ့ကားမှ စပယ်ယာ ချာတိတ်လှမြင့်လေးက ဝိုင်းပြီး ကူချ ဆိုင်ဖွင့်ပေးသည်။ သူ အကြော်ကြော်နေစဉ် ဆိုင်တွင် ဝယ်သူတွေ၊ နေ့စဉ် အကြော်မှာနေကျ မုန့်ဟင်းခါးသည်တွေ ရောက်လာသဖြင့် တစ်ယောက်တည်း လုံးလည်ချာလည်ရိုက်သွားသည်။

ကားသမားတွေကလည်း ကိုယ့်အလှည့်မရောက်ခင် ဝိုင်းကူညီပါတယ်။ အသက်အကြီးဆုံး ကားသမားကြီး ဘဘချစ်မြိုင်၊ ဦးသံတိုင်တို့တောင် မနေအား။ ဦးလေးခင်မောင်ကလည်း ဂိတ်ထဲကနေ လှမ်းလှမ်းပြီး ဆိုင်ကို စိတ်မချဟန်ကြည့်သည်။

ဒီလိုနဲ့ နေ့ခင်းရောက်တော့ သူ အကြော် ကြော်နေစဉ်…

"အကြော်သည်ကြီး ကျောင်းကို ဘာလို့မလာတာလဲ"

"ဟာ… ဆရာမ‥"

ဆရာမက ကျောင်းသွားခါနီး ဝင်လာဟန်တူသည်။ သူ မျာမျာသလဲ ခုံတစ်လုံးဆွဲယူပေးမည် လုပ်တော့‥၊

"နေစမ်းပါ သားကြီးရယ်၊ မင်းလဲ အလုပ်အားတာမဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ငါ့မှာ လက်ပါမါတယ်''

ဆရာမရဲ့ အဲဒီလိုပြောတတ်တဲ့လေ့ လေယူလေသိမ်းကြောင့် သူ ပြုံးမိသည်။ ဆရာမက အကြော်တွေကို ပန်းကန်ထဲ ထည့်ရင်း အသင့်ပြင်ပေးသည်။ စားတဲ့ဝိုင်းတွေကို လိုက်ချပေးနေတဲ့ ဘဘချစ်မြိုင်။

''ဟာ.. ကျောင်းသွားခါနီး တပည့်ကို ဝိုင်းလုပ်အားပေးနေရသလား''

''ဟုတ်တယ် ဘဘချစ်ရေ၊ တပည့်က မလာတော့ ဆရာက လာရတယ်လေ''

ဂိတ်ကလူတွေနဲ့ ဆရာမက တော်တော်ရင်းနှီးတာကြောင့် အားလုံးက ရယ်ကြသည်။ ဆရာမက ဘူးထဲက ပိုက်ဆံအကြွေကိုထုတ်ယူကာ တစ်ဖက်ဝိုင်းကို ပြန်အမ်းပေးရင်း...

''မင်းကို ဆရာကြီးက ခိုင်းစရာတစ်ခုရှိလို့ကွ၊ မင်းအဖေသတင်းလဲ ဆရာကြီးက ကြားတော့ ခိုင်းရမှာ အားနာတယ်နဲ့တူပါရဲ့ကွာ''

''ဘာကိစ္စလဲ ဆရာမ''

''လကုန်ပြီးလောက် ကျောင်းရဲ့ နှစ်ငါးဆယ်ပြည့်အခမ်းအနားတစ်ခုရှိတယ်၊ အဲဒီပွဲကို လူကြီးတွေလဲလာကြလိမ့်မယ်၊ နှစ်ဟောင်းကျောင်းသား တော်တော်များများလဲ လာကြဖို့ ဆရာမနဲ့ ဆရာကြီးတို့ စီစဉ်ထားတယ်၊ ပြီးတော့ ဆရာကြီးက ကပွဲတစ်ခုလုပ်ဖို့ စီစဉ်ထားတယ်လေ၊ တချို့ ကျောင်းကထွက်ပြီး နာမည်ရပြီးသား





အနုပညာရှင်အချို့ကို ဖိတ်ထားတဲ့ပွဲမို့ မင်းကို ပွဲထုတ်ချင်နေတာကွ၊ ပြဇာတ်တို့၊ အကတို့ ပါမယ့်ကဏ္ဍလေးတစ်ခုပေါ့''

သူ ရဲရဲနီနေတဲ့ ကြက်သွန်ကြော်တစ်ခုကို တစ်ဖက်ကို တုတ်တံနဲ့ ကောက်လှန်လိုက်ရင်း...

''သိပ်လုပ်ချင်တာပေါ့ ဆရာမရယ်၊ ဒါပေမယ့် အိမ်မှာ အဖေက နေမကောင်းဖြစ်နေတာလေ၊ ဈေးရောင်းရတာ တစ်ဖက်နဲ့ဆိုတော့ အချိန်ရပါ့မလားလို့ စဉ်းစားနေတာသက်သက်ပါ''

ဆရာမက လေးလေးနက်နက် စဉ်းစားဟန်ပြုသည်။

''အချိန်က ရပါသေးတယ် သားကြီးရယ်၊ ပြဇာတ်တိုက်မယ့်ကိစ္စတွေဆိုတာလဲ ညပိုင်းလောက်ဆို ဖြစ်တာပဲဟာ၊ မင်း ဖြစ်အောင်သာ လုပ်ပါကွာ''

ဆရာမ စကားကြောင့် သူ ဘာမှပြန်မပြောမိအောင် ဖြစ်ခဲ့ရပါသည်။

www.burmeseclassic.com



ဘဝတွေ တန်းစီရှုထား...

ကစားကွက်များလို

အစားခံရတဲ့ကျားဟာ ငါ...။





"ပြဇာတ် အစမ်းလေ့ကျင့်တာ ဘယ်လိုအခြေအနေရှိလဲ မိုးပြာ..."

လက်ဖက်ရည်ကို ဇိမ်ခံသောက်နေရင်း နေမျိုး မေးလာတာကြောင့်...

"အင်း .. အဆင်ပြေပါတယ်၊ ဒါပေမယ့် လူစုံအောင်ညှိရတာတော့ ရှိတာပေါ့ကွာ"

"ဆရာမကို ပြောပေါ့ကွာ"

"ဟ .. မပြောလို့ဖြစ်မလား၊ ရက်က အရမ်းကပ်နေပြီလေ၊ ဒါကြောင့်လဲ လူမစုံစုံအောင် မနည်းပြောနေရတာပဲ..."

အောင်ဇေ က ခေါင်းညိတ်ရင်း သူ့ကို...

"ဒါနဲ့ မင်း ပါသေးတယ်ဆို..."

"မပါချင်လဲ ဝင်ပါပေးရမှာပဲ၊ ဆရာကြီးက အတင်းကို နိုင်းနေတာကိုး..."

သူ့အနေပြောကြောင့် ဒီကောင်တွေ ဝိုင်းရယ်ကြသည်။

"ဘာပြဇာတ်လဲ မိုးပြာ"



www.burmeseclassic.com

www.burmeseclassic.com



နေမျိုး အမေးကြောင့်...

"ဝိဇ္ဇုရ..."

"မင်းကတော့ ဘီလူးနဲ့ အကျိုးပေးတယ် မိုးပြာ"

"ဝိဇ္ဇုရ အမတ်က..."

"ကျောင်းသားကလေးတစ်ယောက်ပါ၊ အဲဒီကောင်လေး မဆိုးပါဘူး၊ တော်တော်လုပ်နိုင်တယ်၊ သူ့အဖေက ယဉ်ကျေးမှုဌာနကပဲကွ"

"ဗိဇကတော့ ပါလာသားပဲ"

နေမျိုးစကားကို သူ လက်ခံသည်။ အောင်ဇေ က...

"ပုဏ္ဏက ကရော..."

သူ ရယ်နေပြန်သည်။ ဒါကို ဟိုကောင်တွေက မသက်ာဟန်နဲ့ အောင်ဇေ က စတင်၍...

"မင်းပဲ မဟုတ်လား"

မထူးတော့ပြီမို့ သူ ခေါင်းညိတ်ခဲ့ရပါသည်။

"ဆရာကြီးက ငါပဲ လုပ်နိုင်းစေချင်တာ၊ ငြင်းလို့လဲမရတာနဲ့ ငါ ဝင်ပါရတာပေါ့၊ ဒီဇာတ်က အန္တရာယ်ကြီးတယ်လေ၊ သမိုင်းဝင်ဇာတ်ဆိုတော့ ဆရာမတို့ကအစ ငါ ပါဝင်လာစေချင်တယ်၊ ငါကလဲ ဒီဘီလူးနဲ့ အကျိုးပေးတယ်ပြောရမလို ဖြစ်နေပြီ"

ဒီကောင်တွေ ရယ်ကြပါသည်။

"ဒါနဲ့ မာမာ ဆေးကျောင်းတက်နေပြီဆို..."

သူ ခေါင်းညိတ်သည်။





အောင်ဇေ က ဆက်ပြီး...

"မင်း လွယ်တော့မလွယ်ဘူးနော်၊ မင်းနဲ့ မင်းအမေပဲရှိတာ၊ မင်း ကျောင်းကတစ်ဖက်၊ အလုပ်ကတစ်ဖက်နဲ့ဆိုတော့ လုံးချာလိုက်နေမှာပဲ"

"အင်း.. ငါလဲ တွေးပြီးသားပါ၊ ဖြစ်အောင်တော့ရုန်းရမှာပဲ"

"ငါတို့လဲ ရှိပါတယ်ကွာ"

"ဟုတ်တယ်၊ မင်း အကူအညီလိုရင် ပြော..."

ဒီကောင်တွေစကားကြောင့် ရင်ထဲ နင့်စေခဲ့သည်။

"ဒီစကားကြားရတာနဲ့တင် ကျေးဇူးတင်ပါတယ်ကွာ"

www.burmeseclassic.com



ကန့်လန့်ကာအချမှာ လက်ခုပ်သံတွေ တဖြောင်းဖြောင်း ဆူညံသွားခဲ့သည်။

ဘီလူးခေါင်းကိုချွတ်ပြီး ကျောင်းသားလေးတစ်ယောက် လာပေးတဲ့ မျက်နှာသုတ်ပဝါကိုယူကာ ကျောင်းသားလေးကို သူ့ဘီလူးခေါင်း လွှဲပေးလိုက်သည်။

မျက်နှာပေါ်ကချွေးတွေကို သုတ်ရင်း ဇာတ်စင်လှေကားက အဆင်းမှာ...

ကောင်လေးတစ်ယောက်က...

"ကိုမိုးပြာ... ဆရာကြီးက နားနေခန်းထဲ လာခဲ့ပါတဲ့"

"အေး.. အေး..."

သူ ဝတ်စုံလဲမည်ပြုပြီးမှ နောက်ကျနေမှာစိုးသဖြင့် ဝတ်စုံကြီး အတိုင်းနှင့်ပင် ဆရာကြီးဆီ လာခဲ့သည်။

အခန်းထဲအဝင်မှာ ဆရာကြီးနဲ့အတူ ဆရာကြီးအရွယ် လူကြီး တစ်ယောက်ကို အတူတွေ့ရသည်။

"ထိုင်...၊ မောင်မိုး..."





သူ ကုလားထိုင်မှာဝင်ထိုင်ရင်း ဆရာကြီးဘေးက လူကြီးကို ကြည့်မိသည်။

ထိုလူကြီးကလည်း သူ့ကို ပြုံး၍ရှုစမ်းဟန်ရှိသည်။ နှစ်လိုဖွယ် ရုပ်နဲ့ ခံ့ညားဟန်ရှိသော ထိုလူကြီးသည် ဖော်ရွေသဘောကောင်းမည့် ပုံ ရှိ၏။

"မိုးပြာ ဆိုတာ သူပဲကွ"

ထိုလူကြီးက လက်ကမ်းပေးတော့ သူ ကမန်းကတန်းထ,ရပ်ကာ လက်ဆွဲနှုတ်ဆက်မိ၏။

"ကောင်းတယ်ကွ..၊ သရုပ်ဆောင်အပိုင်းရော၊ တစ်ခန်းနဲ့ တစ်ခန်း ဇာတ်အကူးအပြောင်းကအစ အပြစ်အနည်းဆုံးဖြစ်အောင် အကောင်းဆုံးလုပ်ဆောင်သွားနိုင်တာ တကယ့်ကို လေးစားစရာပဲ၊ အတွေ့အကြုံမရှိတဲ့ လူငယ်လေးတစ်ယောက် ဒီပွဲကို ကြီးကြပ်တယ် ဆိုတာ မင်းတို့ဆရာကြီးပြောတော့ ယုံချင်စိတ်မရှိဘူးလေ"

ထိုလူကြီးရဲ့စကားကြောင့် သူ အနေခက်စွာဖြစ်မိသည်။

"ကျေးဇူးတင်ပါတယ် အန်ကယ်လ်"

ဆရာကြီး ကျေနပ်ဟန်နှင့် အပြုံးတွေ ဝေဆာနေ၏။

"မောင်မိုး...၊ သူ့ကို မင်း ဘယ်သူထင်လဲ"

သူ ခေါင်းခါပြတော့ ဆရာကြီးက ရယ်သံတွေနဲ့...

"မင်းတွေ့ချင်တဲ့ ဒါရိုက်တာ ဦးဖေသစ် လေ"

"ဟာ!..."

သူ အံ့သြဝမ်းသာသွားသည်။ ထိုလူကြီးကို အလန့်တကြား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိတော့ လူကြီးက ရယ်မောနေ၏။ သူ ချက်ချင်း ထိုင်ချကာ တရိုတသေ ကန်တော့ဦးချရင်း...

"ဆရာမဆီကတစ်ဆင့် ဆရာကြီး ရိုက်ခဲ့တဲ့ ဇာတ်ညွှန်းအဟောင်းတွေနဲ့ လေ့လာဆည်းပူးရင်း ကျွန်တော် ဒီလိုဆောင်ရွက်နိုင်ခဲ့တာပါ၊ ကျွန်တော်ရဲ့ သင်ဆရာတွေမဖြစ်ပေမယ့် ဆရာကြီးက ကျွန်တော့်ဆရာရင်းတစ်ယောက်လို့ ကျွန်တော် ခံယူထားပါတယ်"

ပီတိစိတ်နဲ့ ကျွန်တော့်အသံသည် တုန်တုန်ယင်ယင်...

"ကဲ... ကဲ .. ထပါ မောင်မိုးပြာ..၊ မင်း အခုလိုကန်တော့တာပဲ အနုကယ်လ် ဝမ်းသာမဆုံးဘူး၊ ဒါပေမယ့် မင်း ငါ့တပည့် မဖြစ် သေးပါဘူး"

"ဗျာ!..."

အနုကယ်လ် ဦးဖေသစ်က ပြုံးနေပြီး...

"မင်းကြိုက်တဲ့အချိန် ကြိုက်တဲ့အခါ အနုကယ့်လ်ဆီ လာ အနုကယ်လ် တံခါးဖွင့်ထားမယ် ဟုတ်ပြီလား၊ မင်း ကြိုးစား အောင်မြင်နိုင်တဲ့အရည်အချင်း မင်းဆီမှာရှိတာ အနုကယ်လ် တယ်"

သူ ဝမ်းသာရပေမယ့် ဆရာကြီးနဲ့ အနုကယ်လ်ဦးဖေသစ် ခေါင်းခါပြမိသည်။

"ကျွန်တော့်မိသားစု အခြေအနေကြောင့် ကျွန်တော် လ တလော မလာနိုင်သေးပါဘူး အနုကယ်လ်ရယ်..၊ တစ်ချိန်ချိန်မှ ရောက်အောင်လာဖို့ ကျွန်တော် ကြိုးစားပါ့မယ်"





ဆရာကြီးလည်း ခေါင်းညိတ်သည်။

"အေးပေါ့လေ.. မိသားစုကိစ္စဆိုတော့ အနုကယ်လ် အတင်း မတိုက်တွန်းပါဘူး၊ အေးလေ... မောင်မိုး လာမယ်ဆိုရင်တော့ အနုကယ့်လ်ဘက်က အချိန်မရွေးဘဲ..၊ ဟုတ်လား..."

သူ ခေါင်းညိတ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သားကြီး…၊ သားကြီး…"

နားထဲမှာ သူ့ကိုခေါ်သံလိုလိုကြားရသည်။ မျက်လုံးနှစ်လုံးကို အားယူဖွင့်ကြည့်တော့ သူ့ကိုလှုပ်နှိုးနေတဲ့ အမေ…၊ သူ အမေ့ကို ကြည့်ပြီး ထိတ်ခနဲဖြစ်သွားခဲ့သည်။

"ဘာဖြစ်လို့လဲ အမေ"

အမေက မျက်ရည်တွေစီးကျရင်း…

"မင်းအဖေ ခေါ်လို့မရဘူး သားကြီး…၊ လုပ်ပါဦး…"

သူ ကမန်းကတန်းထ,ကာ အဖေ့အိပ်ရာဆီ ဝရုန်းသုန်းကား ထွက်လာမိသည်။

အဖေ့အသား ထိမိတော့ အေးစက်နေ၏။

သူ အလန့်တကြား စမ်းသပ်မိတော့…

"ဟာ!…"

"ဘာဖြစ်လို့လဲ သားကြီး…"

ညီမလေးပါ အမေ့ဘေးမှ စိုးရိမ်နေဟန်…

သူ ထရံကိုကျောမှီချထိုင်ရင်း အားယူကာ ပြောခဲ့သည်။





"အဖေ ဆုံးပြီ အမေ…"

"ဟင်!…"

"အဖေ…"

အမေ့ရဲ့ အံ့အားသင့်ငြိမ်သက်သွားဟန်၊ ညီမလေးရဲ့ အဖေ ခေါ်သံ တစ်ပြိုင်နက်တည်း…

သူ အမေ့ကိုကြည့်တော့ မတုန်မလှုပ်ဖြစ်နေခဲ့သည်။ အသက်မဲ့သူလို ငေးကြောင်ကြောင်ဖြစ်နေပုံကြောင့် သူ တကယ်စိုးရိမ်သွားခဲ့ရတယ်။

"အမေ…"

အမေ့ကိုပွေ့တော့ သူ့လက်ထဲ ပျော့ခွေကျလာသည်။ ညီမလေးရဲ့ငိုသံ အမေ ကြားနိုင်တော့မည့်မထင်ပါ…။ အဲဒီနေ့မှာ အဖေနဲ့ အမေ တစ်ပြိုင်နက်တည်း ကျွန်တော်တို့ကို ကျောခိုင်းထွက်ခွာသွားခဲ့ပါတယ်။ လောင်မြိုက်မှု အားကောင်းတဲ့မီးလျှံတွေနဲ့ ကဲကြမ္မာရှိတဲ့ မီးမှာ ကျွန်တော်တို့ ခေါင်းငုံ့ အရှုံးပေးခဲ့ရသည်။

ညီမလေးကတော့ အိပ်ရာထဲ လဲတဲ့အထိ ဖြစ်ခဲ့တာကြောင့် ကျွန်တော်တစ်ယောက်တည်း အဖေနဲ့အမေ့ဈာပနကို စီစဉ်ခဲ့ရတယ်။ ငိုကြွေးဖို့တောင် အားယူခွင့်မရှိတဲ့ အခြေအနေမှာ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကို အားပေးရင်း ရင်ဆိုင်ဖြေရှင်းခဲ့ရသည်။

အောင်ဇေ၊ နေမျိုးတို့ ကျွန်တော်နဲ့အတူ ဝိုင်းဝန်းကူညီကြသလို အိမ်နီးချင်း ရပ်ကွက်သူ၊ ရပ်ကွက်သား၊ ကားဂိတ်က လူတွေက အစ ကျွန်တော့်ကိုနားလည်ပေးကာ အခက်အခဲကို ဝိုင်းဝန်းကူညီ



www.burmeseclassic.com

www.burmeseclassic.com



ခြေရှင်းပေးကြသည်။ စာနာစိတ်ဆိုတာ ကျွန်တော် ပိုသိလာတယ်။

ငွေကြေးနဲ့ တန်ဖိုးဖြတ်ခွင့်မရှိတဲ့ ခံစားချက်တွေ ကျွန်တော် သဘောပေါက်လာတယ်။

လောကအလယ်မှာ ဒဏ်ရာတွေနဲ့လူတစ်ယောက်က သီးခြားအမြဲနေခွင့်မရှိဘူးဆိုတာ ကျွန်တော် သဘောပေါက်လာရတယ်။

ကျွန်တော်တို့ဆီ ပုံ့သန်းလာတဲ့ ကရုဏာနတ်သမီးကြောင့်ပေါ့။ သူ့နာမည်က 'မိဇော်'လို့ ကျွန်တော် ခေါ်တတ်တဲ့ ညီမလေးရဲ့ အထက်တန်းကျောင်းကတည်းက သူငယ်ချင်း မိမိဇော်ပေါ့။

အဲဒီကောင်မလေးက သတင်းကြားပြီးပြီးချင်း ရောက်လာခဲ့ပါတယ်။ လူကြီးလေးတစ်ယောက်လို ကျွန်တော့်ကို သိသမျှ တတ်သမျှ ဖြေသိမ့်အားပေးတတ်ပြီး ညီမလေးကိုလည်း ကျွန်းမာလာအောင် နှစ်သိမ့်ကူညီပေးတတ်ပြန်ပါသည်။

နေမျိုးနဲ့ အောင်ဇေပါ ဒီကောင်မလေးရဲ့စည်းလုံးမှုအောက်မှာ ငယ်ပေါင်းကြီးဖော်တစ်ယောက်လို အချိန်တိုတိုအတွင်းမှာ ခင်မင်ရင်းနှီးခဲ့တာဟာ သူမရဲ့အစွမ်းအစပေါ့။

ဒုန်းစိုင်းပြေးဝင်လာတဲ့ ဆိုးကျိုးတွေကြောင့် ဇာတာကို ဘယ်သူ နေရာချမှားခဲ့သလဲလို့ တန်ခိုးရှင်တစ်ယောက်ကို မေးခွင့်ရရင် မေးချင်ပါသေးတယ်။

ကိစ္စအဝဝပြီးတော့ ဤအိမ်လေးထဲမှာ အမေနဲ့အမေရဲ့ အငွေ့အသက်ကို မြင်ယောင်မိရင်း ကျွန်တော်နဲ့ ညီမလေး လွမ်းဆွတ်သတိရစရာအချိန်ကာလကို ဖြတ်ကျော်ခဲ့ရတာပေါ့။





ကျွန်တော် ဆုံးဖြတ်ချက်တစ်ခုကို ချခဲ့တာကတော့ ကျွန်တော် ကျောင်းပြီးအောင်အထိ အကြော်သည်ဘဝနဲ့ ဖြတ်သန်းအပြီးပေါ့။ ညီမလေးကတော့ ကျောင်းပြီးဖို့ နှစ်နှစ်လိုပါသေးတယ်။ မိဇော်တို့ အဖေနဲ့ အမေကို ကျွန်တော် မမြင်ဖူး၊ မတွေ့ဖူးပေမယ့် ညီမလေးကိုတော့ ပညာရေးကိစ္စကအစ ငွေရေးကြေးရေးအဆုံး သမီးရင်းတစ်ယောက်လို အကူအညီပေးတယ်ဆိုတာ သိခဲ့ရတယ်လေ။

ကျွန်တော် အထည်ပောင်းရောင်းသူဘဝနဲ့ အလုပ်တစ်ခုပြောင်းလဲလုပ်ကိုင်ခဲ့တယ်။ ရန်ကုန်မြို့ရဲ့ ပလက်ဖောင်းတစ်လျှောက်ဟာ ကျွန်တော့်အတွက် ဆိုင်ခန်းတွေဖြစ်ခဲ့ရသည်။ ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက်တွေက ကျွန်တော် ဘွဲ့ရတစ်ယောက်ဆိုတော့ အံ့သြကြတာပေါ့။ လုပ်ဖော်ကိုင်ဖက် ကိုအေးချမ်းက...

"မင်း ဘာလို့ ကုမ္ပဏီမှာ ဝင်မလုပ်တာလဲတဲ့"

ကျွန်တော်ကလည်း...

'ကျွန်တော့်ကို မခေါ်လို့'ပေါ့လို့ အေးအေးဆေးဆေးပဲ ပြန်ဖြေခဲ့ပါတယ်။ အဲဒီအချိန်တွေမှာ မိဇော်နဲ့ ကျွန်တော်ဟာ အစ်ကိုတစ်ယောက်နဲ့ ညီမရင်းတစ်ယောက်လို ပိုသံယောဇဉ်ကြီးလာကြတယ်။

မိဇော် သူတို့ရဲ့ဆန္ဒသစ်မှာ လေ့လာနေတဲ့အချိန် ခင်မင်ရင်းနှီးတဲ့ မိဇော်နဲ့ ကျွန်တော်နဲ့ အမြဲတမ်းပုံမှန် မြို့လယ်လက်ဖက်ရည်ဆိုင်တွေမှာ ဆုံဖြစ်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ် ထောက်နားသွားတဲ့ မိုးပြာရဲ့စကားအဆုံးမှာ သူတို့ရဲ့ အနီးဆုံးပတ်ဝန်းကျင်က တိတ်ဆိတ်ငြိမ်သက်နေပါတယ်။

မိုးသံတွေကလွှဲ၍ အရာရာသည် စိမ့်စိမ့်အေးအေး ကြေကွဲခြင်းတွေနဲ့ လွှမ်းခြုံနေ၏။

မိဇော် က ရီကော်ဒင်းကို ပြန်ပိတ်၏။

“ကိုကို…၊ မိဇော် စကားကို ကြားဖြတ်ပြောတယ်လို့ မထင်စေချင်ဘူး၊ မိဇော် သိတာလေးတွေ ပြည့်စုံသွားအောင် ဖြည့်ပြောရမလား ဦးငြိမ်း”

ဦးငြိမ်း ခေါင်းညိတ်ရင်း…

“ရီကော်ဒါကို ပိတ်မနေနဲ့တော့ မိဇော်၊ တစ်ခါတည်းသာ ဖွင့်ထားလိုက်၊ နောက်မှ ဖြတ်သင့်တာဖြတ်…”

မိဇော် ရီကော်ဒင်းခလုတ်ကို ပြန်နှိပ်သည်။

“တစ်ရက် မာမာ အိမ်မှာ လာအိပ်တယ်လေ…၊ အဲဒီနေ့က ဖေဖေနဲ့ မေမေတို့ အားရက်မို့ အိမ်မှာရှိတဲ့အချိန် မိဇော်နဲ့မာမာက ဟိုအကြောင်းဒီအကြောင်းတွေ ပြောဆိုမိရင်း ကိုကို့နှာမည်၊ ကိုကို့





အကြောင်း ဘာရယ်မဟုတ်ဘူး အလွယ်တကူပြောမိတာပေါ့၊ ခဏနေတော့ မာမာက သူ စာတွေလုပ်စရာရှိတယ်ဆိုပြီး မိဇော်အခန်းဆီကို ပြန်သွားပြီး စာကျက်နေတယ်ထင်တယ်။

ဖေဖေကတော့ ကိုကို့နှာမည်ကို အကြာကြီးစဉ်းစားနေတာ မိဇော်တို့ မသိလိုက်ခဲ့ဘူး၊ ခဏကြာတော့ ဖေဖေက မိဇော်ကိုပြောတယ်လေ…”

အားလုံး သူမစကားကို စိတ်ဝင်စားနေကြ၏။

ဟုတ်တယ်…၊ ပြန်စဉ်းစားမိရင် မနေ့တစ်နေ့ကလိုပါပဲ…။



www.burmeseclassic.com

www.burmeseclassic.com



"မိုး..ပြာ..."

မေမွေ့ရဲ့စကားသံကြောင့် သူမရော မေမေပါ ဖေဖေ့ကို ကြည့်မိသည်။ အစဉ်သန့်ရှင်းကြည်လင်နေတဲ့ ဖေဖေ့ရဲ့မျက်နှာ၊ နာမည်ကြီး အထူးကုတစ်ယောက်အဖြစ် လူသိများပေမယ့် လူနာရှင်များအတွက် ဖေဖေ့မျက်နှာပေါ်က အမြဲတွေ့နေရတတ်တဲ့အပြုံးသည် ရောဂါတစ်ခုကို အနိုင်ယူနိုင်တာ ယုံကြည်ချက်နှင့် သေချာမှုပင်။

ဒီနေ့လည်း ဖေဖေ ဆေးခန်းမထိုင်ရတဲ့ရက်မို့ သားအမိ သားအဖဆုံချိန်။ သူ အလုပ်မအားပေမယ့် သူ တည်ထောင်ထားသည့် သူတို့တိုက်က ဒီအပတ်ထုတ်မဂ္ဂဇင်းကို အေးအေးဆေးဆေး ဖတ်ရှုနေရင်း အခု လိုပြောမိခြင်းဖြစ်ပါသည်၊ မေမေက အနောက်တိုင်းဆေးကျမ်းတစ်စောင်ကို ဖတ်ရှုနေရင်း ဖေဖေ့အသံကြောင့် သူမလို ဖေဖေ့ကို ကြည့်သည်။

"မိုး..ပြာ..."

ဒုတိယအကြိမ်ရေရွတ်မှုမှာ ဖေဖေ့မျက်နှာပေါ် အတိတ်သို့ အပြန်အလှန်သုံးသပ်ခြင်းတွေ ငြိတွယ်နေ၏။





ဒါကြောင့် သူမက ဖေဖေ့ကို...

"ဘာဖြစ်လို့လဲ ဖေဖေ..."

သူမ အသံကြောင့် ဖေဖေက သူမကို ငေးကြည့်ရင်း တစ်ဦးတည်း ရေရွတ်သလို...

"ဒီနာမည် မမှားနိုင်ပါဘူး..."

မေမေက ဖတ်လက်စစာအုပ်ကို စားပွဲပေါ် မှောက်တင်လိုက်ရင်း...

"ရှင့်... ဘာဖြစ်နေဘာလဲ ကိုရဲ"

မေမေ မေးတဲ့စကားသံကို လျစ်လျူရှုရင်း သူမကိုသာ...

"မိုးပြာနဲ့ သမီး ရင်းနှီးသလား"

သူမက ဖေဖေ့စကားကို သဘောကျသလိုရယ်မိရင်း...

"အဲဒါ မိမာရဲ့အစ်ကိုလေ ဖေဖေရဲ့..."

"ဘယ်လို!... မိမာအစ်ကို ဟုတ်လား..၊ ဒါဆို မိမာ ရောက်နေတယ်ဆို..၊ ဖေဖေ့ဆီကို ခေါ်ပေးစမ်း သမီး"

မေမေက အတွင်းခန်းက အိမ်ဖော်မလေးကို လှမ်းခေါ်ပြောသည်။

"မထွေးရေ... အပေါ်ထပ်က သမီးအခန်းမှာ မာမာကို သွားခေါ်ပေးပါဦး၊ သူ့ဦးဦး ခေါ်နေတယ်လို့..."

မထွေးက ခေါင်းညိတ်ကာ အပေါ်ထပ်သို့ တက်သွားသည်။ မထွေး တက်သွားတော့မှ မေမေက...

"ဘာဖြစ်လို့လဲ ကိုရဲ"



www.burmeseclassic.com

www.burmeseclassic.com



[illegible]အုပ်ထဲက ကိုကို့ပုံကိုကြည့်ရင်း ဖေဖေက ခေါင်း [illegible]ဆတ်ညိတ်သည်။

"ကိုယ် အလုပ်သင်ဆရာဝန်ဘဝနဲ့ နယ်မြို့လေးကိုသွားတာ ဧေ မှတ်မိလား မသိဘူး"

"အင်းလေ… သမီးလေးတောင် မမွေးရသေးဘူး၊ မေက အလုပ်ကိစ္စတွေ မပြတ်တာနဲ့ ဒီမှာ ကျန်နေခဲ့ရတယ်လေ၊ အဲဒါ ဘာဖြစ်လို့လဲ ကိုရဲ"

ဖေဖေက ခေါင်းညိတ်ရင်း ဒူးခေါင်းချိတ်ထိုင်သည်။

"အဲဒီနေ့က အံ့ဩစရာပဲ၊ ကိုယ်စီးလာတဲ့ရထားက သံလမ်းချော်ပြီး မီးထ,တောက်လို့ ကြားဘူတာမရောက်တရောက်မှာ ငြိမ်းရသတ်ရနဲ့ ခရီးသည်တွေ ဒုက္ခရောက်နေတုန်း ခရီးသွားအမျိုးသမီးတစ်ဦး ရထားပေါ်မှာတင် မွေးဖွားဖို့ လတ်တလောဖြစ်လာတာကြုံလိုက်ရတယ်၊ ဒီရထားတွဲမှာပဲ နယ်ပြောင်းလာတဲ့ သူနာပြုတစ်ဦး ပါလာတာနဲ့ ကိုယ်ရယ်…၊ 'အစ်မမြ'လို့ခေါ်တဲ့ သူနာပြုဆရာမလေး ဒေါ်မြမြဦးရယ်၊ ရထားပေါ်က ခရီးသွားအမျိုးသမီးတချို့ရယ် ပေါင်းပြီး ရထားပေါ်မှာပဲ ခက်ခက်ခဲခဲ မွေးဖွားပေးလိုက်ရတာ…၊ မွေးပြီးပြီးချင်း ရထားပြတင်းပေါက်ကနေ လှမ်းမြင်ရတဲ့ ကောင်းကင်ကြီးက ပြာလွင်နေတာမို့ ကိုယ်ကိုယ်တိုင်ပဲ မိုးပြာလို့ နာမည်ပေးခဲ့တာ…"

"ဟုတ်ပါတယ် ဦးဦး…၊ ဦးဦးကိုယ်တိုင် မွေးဖွားပေးလိုက်တဲ့ ကလေးက ကိုကိုမိုးပြာပါ"





ပြောလည်းပြော မိဓော်ဘေးမှာ မိမိမာက ဝင်ထိုင်သည်။

"နောက်တစ်ခေါက် ရန်ကုန်မှာ အစ်မမြနဲ့ တစ်ခေါက်ဆုံသေးတယ်၊ မိုးပြာရဲ့အဖေအရင်း ဘယ်သူဘယ်ဝါဆိုတာ ကောင်လေးကိုယ်တိုင် မသိဘူးလို့ကြားတယ်၊ အစ်မမြ ပြောမှပဲ အဲဒီတုန်းက မသန္တာဟာ လင်မယားကွာရှင်းထားတာတော့ အနည်းအကျဉ်း သိပါတယ်"

မိမာ ခေါင်းညိတ်သည်။

"ကိုကို့ဖေဖေကို သိတာဆိုလို့ အဖေတို့နဲ့ ကာယကံရှင် ဒေါ်လေးသန္တာပဲရှိတာ ဦးဦး"

"ဒီနာမည်ကို ကြားမိတော့ ဦးဦး ရင်းရင်းနှီးနှီးသိနေတာပေါ့၊ တစ်နေ့တော့ ဦးဦး မောင်မိုးပြာနဲ့ တွေ့ချင်သေးတယ် သမီး"

မိမာက ခေါင်းညိတ်ပြရင်း…

"သမီး ဦးဦး အားတဲ့နေ့ ခေါ်လာပေးမယ်လေ"

ဖေဖေက မိမာစကားကို ပြုံး၍ ခေါင်းညိတ်ပြသည်။ ပြီးတော့လည်း…

"လူ့လောကကို စရောက်ကတည်းက ဒုက္ခတွေများလိုက်တဲ့ ကလေးပဲ၊ တစ်နေ့နေ့တော့ သူ နားခွင့်ကြုံရမှာပါ"

ဖေဖေ့စကားကြောင့် သူမပါ ကိုကို့အတွက် သက်ပြင်းချမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်… မင်းရဲ့ကံကြမ္မာကလဲ ဆုံပဲဆုံတတ်လွန်းတယ်ကွာ…"

ကိုနေရဲ့ အံ့အားသင့်ဟန် ပြောလာတာကြောင့်…

"အဲဒီအကြောင်း ကျွန်တော်တောင် မသိဘူးဗျ.."

ကိုကို့စကားကြောင့်…

"ဟုတ်တယ်လေ၊ ကိုကို ပြဿနာဖြစ်ခါနီး တစ်ရက်ကလေ၊ အဲဒါကြောင့် ကိုကို မသိတာပါ"

သူက…

"သြော်…အဲဒါကြောင့် ဆေးရုံပေါ်မှာ မိဇော်ဖေဖေက ကိုကိုကို့ သိနေခဲ့တာကိုး"

"ဆက်ပြောပါဦး"

ကိုဇော်က မနေနိုင်မထိုင်နိုင် အလောတကြီး ပြောမှုကြောင့် သူတို့ ရယ်မိသည်။ လက်တွေ့ဘဝဟာလည်း ရုပ်ရှင်တွေ၊ ဝတ္ထုတွေလို ပြောင်းလဲမှုအစဉ်အဆက် ဖြစ်နေတာကို သိရတော့ အံ့ဩတစ်နေ့ပါပဲ။ တိပ်ရီကော်ဒါသည် လည်ပတ်နေဆဲ…။

ရွှေသမင်စာပေ



ကျွန်တော့်ရဲ့ ငှက်ဆိုးထိုးသံကို စတင်ကြားရတဲ့အချိန်ဟာ ကျွန်တော် လမ်းဘေးဈေးရောင်းနားကာ ဘေးထုပ်ဖိုးတွေ လက်ကျန်ရှင်းရန် ဦးမြတ်စိုးဆီ သွားခဲ့သည်။

ဦးမြတ်စိုးနဲ့ သူတို့အနီးနားက ခြံတစ်ခြံအတွင်းထဲက လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်ရင်း သူနဲ့ ငွေစာရင်း ရှင်းခဲ့ကြသည်။ စကားအနည်းငယ်ပြောပြီး သူ ဦးမြတ်စိုးကို နှုတ်ဆက်ကာ သူ ဆိတ်ငြိမ်အေးချမ်းတဲ့ လမ်းကလေးအတိုင်း လျှောက်လာမိသည်။ အဲဒီလမ်းကလေးဟာ ကိုယ့်ခြံကိုယ့်ဝင်းနဲ့နေကြသူများမို့ တိတ်ဆိတ် ငြိမ်သက်နေကြပါသည်။

သူလည်း မတော်တဆရပ် ရှုးစမ်းကြည့်မိတာပေါ့။

တကယ်လို့ သူသာ ရပ်ငေးကြည့်မနေမိဘူးဆိုရင်.. ဒါမှမဟုတ် ဆရာသစ်နဲ့ ကိုဇော်ရဲ့ အပြန်အလှန်စကားသံ မကြားမိခဲ့ဘူးဆိုရင် ဒီဇာတ်လမ်းဟာ အခုလိုဖြစ်လာမှာမဟုတ်ပါဘူး၊ ဒါပေမယ့် ဖြစ်ချင်တဲ့ကံတရားက ပါလာမှတော့…

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင် ဂျမ်း အခုထိ ရောက်မလာသေးဘူးလား ခေါင်ဆော်..."

အသံလာရာကို လှည့်ကြည့်မိတော့ သူနဲ့ မနီးမဝေးမှာ ဆရာသစ်၊ နာရီကို ငုံ့ကြည့်လိုက်၊ ကောင်းကင်အလင်းရောင်ကို မော့ကြည့်လိုက်နဲ့ စိတ်အလိုမကျဖြစ်နေတဲ့ ဦးဖေသစ်ကို ကျွန်တော်နဲ့ နောက်တော့ အရင်းနှီးဆုံးခင်မင်ခဲ့ရမယ့် ကိုဇော်ဇော်က...

"ဂျမ်း နေမကောင်းလို့တဲ့၊ မလာနိုင်ဘူးလို့ ကိုမြမောင်ကို ပြောတယ် လေးလေး"

ကိုဇော့်ဇကားကြောင့် လေးလေး စိတ်ပျက်သွားပုံရတာ သူတွေ့နေခဲ့သည်။

"ဟာကွာ..၊ ဒီမှာ ရိုက်ဖို့ စီစဉ်ပြီးမှကွာ..."

ကိုဇော်က ဝင်ပြောပါသေးတယ်။

"ကိုမြမောင်တို့..၊ ကိုအရိုင်းမင်းတို့ ရှိသားပဲ"

"လခွီးမှပဲ... ဒီကောင်တွေကို ပထမကတ်တွေမှာ ရိုက်ပြီးသားကွ၊ ဂျမ်းက ဂိုဏ်းစတားအဖြစ် သရုပ်ဆောင်ရမှာ တော့်ရဲ့"

ကိုဇော်ကိုယ်တိုင် ခေါင်းကုတ်နေတာ မြင်နေရပါတယ်။

ဆရာဦးဖေသစ်က ခေါင်းကိုခါလိုက် ဗျစ်တောက်ဗျစ်တောက်ပြောဆိုနေရင်း သူရှိရာကို အမှတ်မထင် လှည့်ကြည့်မိသည်။

ပထမတော့ မမှတ်မိဘူး၊ နောက်တော့မှ သူ့ကို လက်ညှိုးညွှန်ကာ...

"မောင်မိုး..."





သူလည်း လေးလေးဆီ လျှောက်လာခဲ့ပါတယ်။

"ဘယ်လာတာလဲကွ"

ကျွန်တော်က ပြုံးရင်း...

"အလုပ်ကိစ္စနဲ့ ဒီဘက်လာတာ လေးလေး"

"ကိစ္စ ပြီးပြီလား"

"ဟုတ်ကဲ့"

"ဘာတွေလုပ်နေလဲကွ၊ ကဲ... ထိုင်ပါဦး"

ဆရာဦးဖေသစ်က ပခုံးကိုဖက်ရင်း ခပ်လှမ်းလှမ်း သစ်ပင်ရိပ်အောက်က ထိုင်ခုံတွေဆီ ခေါ်သွားသည်။

နှစ်ယောက်သား အတူထိုင်ရင်း ကျွန်တော်က...

"ကျွန်တော် လမ်းဘေးပလက်ဖောင်းမှာ အထည်ဟောင်းရောင်းတယ် လေးလေး"

"ဟော!..."

လေးလေးက အံ့ဩပုံရတယ်။

နောက်တော့ သူ့ပုံစံကို အကဲခတ်မိကာ...

"မင်းကိုမြင်တော့ အတော်ပဲ၊ မင်း လေးလေးတို့ကို အကူအညီပေးနိုင်မလား"

"ပြောပါ လေးလေး"

လေလေးက ဆုံးဖြတ်ချက်ချလိုက်ဟန်နှင့်...

"မင်း လေးလေးတို့ကို နှစ်ခန်း၊ သုံးခန်းလောက် အကူအညီပေးနိုင်မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ!..."

"ဟုတ်တယ် မောင်မိုး၊ ဂိုဏ်းစတားလုပ်မယ့်လူက ဖျားလို့ဟဲ့၊ ပန်းဆိုးတန်း လှမ်းဖုန်းဆက်ပြီး လူခေါ်ဖို့လဲ ဒီနေ့ သန်လျင်မှာ လူကြမ်းတွေ တော်တော်များများ ရောက်နေတယ်လေ၊ အဲဒါကြောင့် လေးလေးတို့ အခက်ကြုံနေရတယ်၊ မင်း လုပ်ပေးနိုင်မလား မောင်မိုး..."

သူ ဆုံးဖြတ်ရခက်ဟန်ရှိနေသည်။

ဘယ်လိုဆုံးဖြတ်ရမှန်းမသိအောင် ဖြစ်ခဲ့မိသည်။

"ဖြစ်ပါ့မလား လေးလေး"

လေးလေးက ရယ်ရင်း သူ့ပခုံးကိုပုတ်ကာ...

"ဖြစ်ပါတယ်ကွာ..၊ လုပ်ကြည့်စမ်းပါ"

ကိုဇော်ဇော် ဆိုသူကလည်း...

"ဖြစ်မှာပါ ညီလေးရာ၊ ဆရာသစ်ပြောရင် ဖြစ်တယ်လို့ပဲမှတ်ကွာ"

"ကဲ.. ကဲ.. အောင်ညိုရေ...၊ မောင်ဂျမ်း ဝတ်မယ့်အဝတ်တွေ ပေးဟေ့"

အောင်ညို ဆိုတဲ့ ချာတိတ်က အဝတ်အိတ်ကိုယူလာပေးသည်၊ ကိုဇော်ဇော် ဆိုသူကလည်း သူ့ကို ကျေးဇူးတင်ကြောင်း တတွတ်တွတ်ပြောရင်း အဝတ်အစားတွေကို ကူညီ ဝတ်ဆင်ပေးသည်။

ဇာတ်ညွှန်းကို သူ ယူဖတ်ချိန်မှာ သူ မိန်းကလေးတစ်ယောက်





တွေ့ခဲ့တယ်။ သာမန်မိန်းကလေးတွေထက် တစ်မူထူးခြားလွန်းတဲ့ ထိုမိန်းကလေးရဲ့အလှက အံ့သြငေးမောမိမတတ်ပါပဲ။

သူ့အကြည့်ကို သတိထားမိတဲ့ ကိုဇော်ဇော်က...

"အဲဒါ ဆရာသစ်တင်တဲ့ မင်းသမီးသစ်လေကွာ..၊ နွေဦးနိုင်တဲ့၊ အသစ်ပေမယ့် လုပ်ရဲတယ်ကွ၊ ဖြစ်နိုင်တာထက် လွန်ကဲနေတယ်"

"ဪ... "

"ကဲ.. ကဲ.. စမယ်ဟေ့၊ မောင်မိုး အဆင်သင့်ဖြစ်ပြီလား"

"ဟုတ်ကဲ့.. လေးလေး"

ခုန ကိုဇော် သင်ပြထားတဲ့အကြောင်းအရာတွေကို စိတ်ထဲမှာ ...တ်ရင်း လေးလေးက သူနဲ့ မင်းသားကျော်ခေါင်ကို သေသေချာချာ ...င်ပြပေးသည်။

ရိုဟာစယ် အစမ်းလုပ်သည်။ သေချာပြီထင်တော့မှ လေးလေး ...

"ကျန်တဲ့အပိုင်းကတော့ အိုကေပဲ၊ မောင်မိုးက ဒိုင်ယာလော့ခ် ...ွ တစ်ဖက်ကပြောပြီးရင် မင်းသားပစ်တဲ့ သေနတ်အရှိန်ကြောင့် ...က်ကိုကျသွားမယ်၊ ဟုတ်ပြီနော်..၊ အဲဒီအပိုင်းကတော့ ရိုဟာ ...ယ် မလုပ်တော့ဘူး၊ တစ်ခါတည်းရိုက်မယ်..၊ ဟုတ်ပြီလား..."

ကိုမြမောင်နဲ့ ကိုအရိုင်းမင်းက ပြုတ်ကျမယ့်လှုပ်ရှားမှုကို စိုးရိမ် ...ုံနဲ့ အကျသက်သာအောင် ပီပြင် ရှင်းပြသည်။

"စ,မယ်ဟေ့..၊ ရယ်ဒီ.. ဖိုက်.. ဖိုး.. သရီး.. တူး..ဝမ်း..၊



www.burmeseclassic.com

www.burmeseclassic.com



အက်ရှင်…"

ရဲအရာရှိဝတ်စုံ ဝတ်ထားတဲ့မင်းသားက သေနတ်နဲ့ သူ့ကို လှမ်းချိန်သည်။ သူက တဖြည်းဖြည်း နောက်ဆုတ်သည်။ လက်တန်းကို နောက်ပြန် လက်နဲ့စမ်းမိတော့ သူ ရပ်လိုက်သည်။

"ခင်ဗျား ပြေးလို့ မလွတ်ပါဘူး ရန်နိုင်၊ ခင်ဗျား လှုပ်ရှားဖို့ မကြိုးစားနဲ့နော်၊ ခင်ဗျားလက်ထဲက သေနတ် အောက်ကို ဖြည်းဖြည်းချ…၊ ဟုတ်ပြီ…"

သူ့လက်ထဲက သေနတ် အောက်ကိုတဖြည်းဖြည်းချရင်း သူ ရုတ်တရက် ရဲအရာရှိကို လှမ်းပစ်မည်အလုပ်မှာ မင်းသားရဲ့ပစ်တဲ့ ကျည်ဆန်က သူ့ရင်ဘတ်ကို အနီရောင်စွန်းထင်စေခဲ့သည်။

သူ ပါးစပ်ဟ,လိုက်တော့ နီနီရဲရဲသွေးအတုတွေ ပါးစပ်ထဲ ပွက်ခနဲ လျှံကျလာသည်။

"မင်း…"

သူ ထစ်ငေါ့စွာ အားယူပြောသည်။ နောက်တော့…

လက်တန်းကိုမှီချက်သား နောက်ကျွမ်းပစ်ချလိုက်သည်။ အောက် ရေမြေ မှာ အဆင့်ဆင့်ပုံထားတဲ့ ပစ္စည်းအဟောင်းပုံတွေကြားက ရေ တွေဆီကျပြီး အရှိန်လွန်ကာ ထပ်ဆင့်မြေပြင်ပေါ်ကို ကိုးရိုးကားရား ပြုတ်ကျခဲ့သည်။

"ကတ်…"

သူ့ဆီကို အရိုင်းမင်းတို့ ပြေးလာကာ တွဲထူပေးရင်း…

"အိုကေပဲ…၊ ညီလေး…"





ဆရာဦးဖေသစ်က သူ့ပခုံးကိုပုတ်ပြီး…

"အဆင်ပြေတယ် မောင်မိုး"

စက်အဖွဲ့သားတွေကအစ လက်မထောင်ပြတာကြောင့် သူ အားတက်မိသည်။ နောက်တစ်ခန်းအတွက် သူ ပြင်ဆင်ရသည်။

ဒီအခန်းက ခုန ဝရန်တာက ပြုတ်ကျလာတဲ့အခန်းရဲ့အဆက် ဖြစ်သည်။ မင်းသမီးက တိုက်ထဲကပြေးထွက်အလာ သူ့ သေနတ် ချိန်ပြီး ဂျစ်ကားပေါ်ကိုတင် မောင်းပြေးရမယ့်အခန်း ဖြစ်သည်။

သက်သောင့်သက်သာအခန်းမို့လို့ အားလုံး အေးအေးဆေးဆေး ပါပဲ။ ရိုက်တော့လည်း အခက်အခဲမရှိခဲ့…။

ဒါပေမယ့် ပြဿနာဆိုတာ အမြဲတမ်း ချောင်းမြောင်းနေတဲ့ အားရိုင်းနဲ့တူပါတယ်။ သူ သေနတ်အတုနဲ့ နွေဦးနိုင်ကိုချိန်ပြီး ခြံထဲက ကားထွက်လာပုံ(အပြ)ခန်းကို ရိုက်ကူးချိန်…

ကားက ခြံထဲမှာ အရှိန်ပြင်းပြင်းနဲ့ မောင်းထွက်သည်။

ကင်မရာ မြင်ကွင်းအောက်မှလွတ်ကင်းပြီမို့ ခြံအကွေ့အကွယ် အရောက်မှာ အေးအေးသက်သာလို့ သူ ထင်မှတ်ပြီး ဘရိတ်ကို နင်းမယ်အလုပ်မှာ…

ရှေ့မှာ ခြံထဲ ကမူးရှူးထိုးပြေးဝင်လာတဲ့ လူတစ်ယောက် ကြောင့်…

"ဟာ…"

"အို…"

နွေဦးနိုင်လည်း အံ့အားသင့်ပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကပြေးလာတဲ့လူလည်း ရုတ်တရက်မို့ အာလုပ်လို့ဘာကိုင်ရမှန်းမသိ ဖြစ်နေပါသည်။ သူလည်း စက်တီယာတိုင်ကို အေးကိုဆွဲအချမှာ ရှေ့ကလူက ကားအရွှန်းမဲ့ မလွှတ်မကောင်းဖြစ်ပြီး ထိုသူကိုဝင်တိုက်မိလျှက်သားဖြစ် ခဲ့ရပါသည်။

"ကျွီ...."

"ဒုန်း..."

အရှိန်နဲ့ပြေးဆောင့်လိုက်တဲ့အသံ...၊ တိုက်မိတဲ့ပုံရိပ်...။

သူ့မျက်နှာကို တစ်စုံတစ်ခုနဲ့ရိုက်မိလိုက်သလို ခံစားရသည်။

အဲဒီအသိက နောက်ဆုံးပါပဲ...။





လျှကြမ်း...

ကျောအခန်းမှာ

ငါ ခပ်ကြမ်းကြမ်း သာရှစ်ဆောင်ပြမယ်...

လျှကြမ်းတစ်ယောက်ရဲ့ခြင်္ကရာ

လူတွေရဲ့မှန်းဆိုနေရာကာအခါ

ကိုယ့်ဘဝကိုပြန်နှာကျင်လာတယ်...။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တမင်မလုပ်ပါဘူး လေးလေးရယ်"

မာမာနဲ့ မိဇော်က ရှိုက်ကြီးတငင်ငိုနေမြဲ..။

လေးလေးက စိတ်မကောင်းဟန်နှင့်...

"လေးလေး သိပါတယ် သားရယ်၊ တမင်လုပ်တာမဟုတ်ဘူး ဆိုတာ တို့အားလုံး သိတယ်၊ ဂျမ်းကလဲ နေမကောင်းရက်သားနဲ့ သူ့ကြောင့် ရွှတင်ပျက်မယ်ဆိုပြီး ကမ္ဘာရှူးထိုး ခြံထဲပြေးအလာမှာ မထင်မှတ်ဘဲဖြစ်ကြတာပါကွာ..၊ လေးလေး အပြစ်ပါပဲ"

"တောက်..၊ ဘယ်အငြိုးတွေနဲ့များကွာ..."

ကိုမြမောင် မချိတင်ကဲ တောက်ခေါက်သည်။

မျက်လုံးတစ်ဖက်၊ မျက်နှာတစ်ခြမ်း ပတ်တီးစည်းထားပေမယ့် ပတ်တီးကိုကျော်လွန်ပြီး စိမ့်ထွက်လာတဲ့မျက်ရည်၊ ဒီပုံရိပ် ဒီမြင်ကွင်းက အားလုံး အတွက် ရင်နင့်ချင်စရာပါ။

"ညီမလေး..."

"ကိုကို..."





သူ့ကိုဖက်ပြီး ညီမလေးက ရှိုက်ကြီးတငင် ငိုနေသည်။ သူ့တော့ စိတ်ထဲက အဆက်မပြတ်ပြောမိနေဆဲ။ 'ကိုဂျမ်းရယ် ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ..၊ ကျွန်တော် ခင်ဗျားကို မသတ်ခဲ့ပါဘူး'။

"နွေဦးနိုင် ကတော့ လတ်တလောမှာ ညာခြေထောက် အရိုးအက်ခဲ့တယ်"

"ဗျာ!..."

သူ မျက်ရည်တွေကို လက်ခုံဖြင့်သုတ်မိသည်။

"ကျွန်တော် ကိုဂျမ်းနဲ့ပတ်သက်တဲ့ တရားဥပဒေ အဆုံးအမကို ခံယူပါ့မယ်"

"ကိုကို..."

မိဇော်နဲ့ မာမာရဲ့ငိုသံနဲ့ စကားက သူ ရင်ကွဲစရာ..။

"ကိုကို့အတွက် ထိုက်သင့်တဲ့အပြစ်ကတော့ ကိုကို ခံရမှာပဲပေါ့ ညီမလေးရယ်၊ ကိုကို ညီမလေးအပေါ် ဆက်ပြီး တာဝန်မကျေခဲ့ရင် ခွင့်လွှတ်ပါကွာ.."

"အဲဒီအတွက် စိတ်ချပါ သားရယ်၊ မင်းညီမလေးအတွက် အစစအရာရာ အန်ကယ်လ် တာဝန်ယူပါတယ်"

"ဗျာ!..."

အေးနားမှာလာရပ်တဲ့ ဆရာဝန်ကြီးရဲ့စကားကြောင့် မိဇော်ကပါ အံ့အားသင့်ရင်း...

"ဖေဖေ..."

သူရော မိမာ ပါ ဆရာဝန်ကြီးကို ငေးကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးနဲ့ပတ်သက်ပြီး သားတို့မောင်နှမကို အန်ကယ်လ် သိနေတာကြာပါပြီ၊ အထူးသဖြင့် မင်းကိုပေါ့ မောင်မိုးပြာ၊ အန်ကယ်လ် မင်းနဲ့ တွေ့ချင်နေတာ ကြာလှပြီ၊ အကြောင်းကြောင်းကြောင့် မတွေ့ဖြစ်ကြတာပါ"

"ကျွန်တော့်ကို…"

သူနဲ့ ဆရာဝန်ကြီးရဲ့ အဆက်အစပ်မဲ့စကားကို အားလုံးက စိတ်ဝင်တစားနားထောင်နေကြသည်။

"မောင်မိုးပြာ ဆိုတဲ့နာမည်ကို အန်ကယ်လ်ကိုယ်တိုင် ပေးခဲ့တာဆိုရင် သား သိလောက်ပါပြီ"

"ဗျာ!.. ဒါဆိုရင် အန်ကယ်လ်က ဒေါက်တာ…"

ဆရာဝန်ကြီးက ကရုဏာပါတဲ့အပြုံးနှင့် သူ့ကို နှစ်သိမ့်ဒေးမောင်ရင်း…

"အန်ကယ်လ်က ဒေါက်တာရဲညိုပါ၊ အခုအချိန်ထိ မန္တလေးမှာ တာဝန်ကျနေတဲ့ နာ့(စ်)အစ်မမြနဲ့ အန်ကယ်လ် မောင်မိုးပြာကို ရထားပေါ်မှာ ခက်ခက်ခဲခဲ မွေးဖွားခဲ့ရတယ်၊ ယနေ့အချိန်အထိ အန်ကယ်လ်ရော အစ်မမြပါ မသစ္စာတို့သားအမိကို မမေ့ခဲ့ဘူး၊ မသစ္စာ အဲဒီဘူတာနားကရွာမှာ ဆရာမအလုပ် ဝင်လုပ်နေတယ် အန်ကယ်လ် ကြားခဲ့တယ်၊ မသစ္စာက…"

သူက…

"မေမေ ကျွန်တော် ရှစ်နှစ်သားကတည်းက ရွာမှာပဲ ပိုးထိပြီး ဆုံးသွားခဲ့တယ်"





"ဟင်!…"

ဆရာဝန်ကြီး စိတ်မကောင်းဟန်ရှိသည်။

"မေမေ ဆုံးတော့ မိမာရဲ့အမေ ကျွန်တော့်အမေရဲ့အစ်ကို ဖေဖေ ဦးမင်းကဲ လာခေါ်တယ်၊ ဖေဖေတို့ မဆုံးခင်အထိ ဖေဖေနဲ့ မေမေက ကျွန်တော့်ကို သားအရင်းတစ်ယောက်လို စောင့်ရှောက်ခဲ့ပါတယ်"

အပြောင်းအလဲမြန်ဆန်လွန်းတဲ့ သူ့ရဲ့နက္ခတ်ကိုက မွေးဖွားရာကစပြီး အမှားအယွင်းတွေ ရှိနေပါသလား။

ပင်လယ်ကိုဖြတ်ပြီး အန်တာရင်ဆိုင်တဲ့ လှေငယ်လေးလို အင်အားပြုပြီး ငြိမ်းခြောက်တာတ်တဲ့မုန်တိုင်းက အမုန်းကြီး မမုန်းစေချင်ပါ။ ဝဋ်ရှိရင်လည်း ကျေပါစေတော့ အရှင်ဘုရား…။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လူသေမှုနဲ့ ထောင်ကျခဲ့ပါတယ်။ အမိန့်ချမယ့်နေ့မှာ လေးလေးတို့ရယ်၊ ကျွန်တော့်ကို ကရုဏာသက်ကြတဲ့ အနုပညာရှင်အသိုင်းအဝိုင်းအချို့ကပါ အမိန့်ကို လာရောက် နားထောင်ကြပါတယ်။ လေးလေးလက်ထဲက ကိုငချမ်းရဲ့သမီး ငါးနှစ်အရွယ် ကလေးလေးကိုမြင်တော့ သူ့ရင်ထဲ ဆို့နင့်လာခဲ့တယ်။ အမိန့်ချမှတ်ပြီး သူ့ကို အချုပ်ကားရှိရာဆီ ရဲသားတွေကတွဲခေါ်တော့ သူ တောင်းပန်ပြီး မိဖော်နဲ့မိမာကို နှုတ်ဆက်သည်။ ကိုဖော်ကို နှုတ်ဆက်သည်။ လေးလေးကိုလည်း နှုတ်ဆက်သည်။

"လေးလေး ကျွန်တော် ထောင်ကမထွက်မချင်း ကိုငချမ်း သမီးလေးကို စောင့်ရှောက်ပေးပါ၊ ကျွန်တော် ပြန်လာရင် ကျွန်တော် ပြန်ပြီး စောင့်ရှောက်ပါ့မယ်၊ အဲဒီအတွက် လေးလေး ကူညီပေးပါလို့ အနူးအညွတ်တောင်းပန်ပါတယ်"

လေးလေးရဲ့မျက်ဝန်းတွေ နီရဲလာပါသည်။

ကလေးလေးကတော့ အပြစ်ကင်းစင်စွာ သူ့ကို မော့ကြည့်သည်။ သူ ဒူးထောက်ရင်း ကလေးနဖူးကို နမ်းကာ...





"ဦးကို ခွင့်လွှတ်ပါ သမီးရယ်..."

တစ်ကောင်ကြွက် တစ်မျက်နှာ ဒီကလေးအတွက် သူကိုယ်သူ အပြစ်တင်လို့မဆုံးနိုင်အောင်ဖြစ်ခဲ့ရသည်။ သူ ပြန်အထမှာ အဝေးဆီက ပုံရိပ်တစ်ခုကို တွေ့မိခဲ့သည်။ အဲဒီအရိပ်က သူ့ရှိရာဆီ ရွေ့လျားလာပါသည်။ ဗိုးချဲပေါ်က မိန်းကလေးဟာ နှေဦးနိုင် ဆိုတာ သူ သိပါတယ်။ ဗိုးချဲနောက်က ဗိုးချဲကိုတွန်းလာတဲ့လူကြီးရယ်..၊ နှေဦးနိုင်ရယ်က သူ့ကို စိမ်းကားမုန်းတီးနိုင်လွန်းတဲ့အကြည့်တွေနဲ့ သူ့ကို နှုတ်ဆက်တယ် ထင်ပါသည်။

"နင့်ကို ငါ့တစ်သက်မကျေဘူး မိုးပြာ...၊ နင်ဟာ လူသတ်သမား"

"ဟာ!..."

"ဟင်!..."

အာမေဋိတ်သံတွေ၊ အံ့အားသင့်ဟန်တွေ ရောထွေး ကျယ်လောင်သွားတဲ့ တရားရုံးထဲက အဖြစ်အပျက်..။

သူ ကြက်သေ သေနေမိခဲ့ပါသည်။ ဗိုးချဲကိုတွန်းပြီး အပြင်ကို ထွက်သွားတဲ့ အမုန်းဆန်တဲ့ လူသားနှစ်ဦးကို သူ ငေးမိလျက်သား...။ ရင်းစားပြန်မရတဲ့ ဆုံးရှုံးမှုတွေနဲ့...

ငါတို့ကမ္ဘာကြီးကို တည်ဆောက်ထားပါသလား။

အငွေ့ပျံလောင်ကျွမ်းစရာကောင်းတဲ့ သောကတွေနဲ့ ရင်ထဲက အကောင်းပကတိဖြစ်စရာမကောင်းအောင် ပျက်စီးကြေမွလောက်ပြီ ဆိုတာ မှတ်တမ်းရေးထားချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အပြာရောင်ကောင်းကင်ရဲ့သမိုင်းမှာ လင်းပြတောက်ပဖို့ နေရောင်ခြည်ရွှေမင်းသမီးက သူ့အလင်းကိုရုပ်သိမ်းဖို့ သွေးအေးအေးနဲ့ တောင်းဆိုနေသည်ဟု မှတ်ချက်ချရမလို…။

ပရမ်းပတာဆန်တဲ့ နှလုံးသွေးနဲ့ ခပ်ကွေးကွေး ငြိမ်ဝပ်နေတဲ့ ချစ်ခြင်းသည် ဘယ်က စတင်ဖြစ်ပေါ်လာပါသလဲ…။

အဖြေတွေ၊ အမေးတွေ၊ အမှားတွေနဲ့…

ပတ်ချာလည် မောဟိုက်စရာကောင်းတဲ့ အတွေးတွေ…၊

ဦးခေါင်းနဲ့မဆံ့အောင် များပြားလွန်းပြီ…။





ကြက်ခြေခတ်တွေ များလွန်းတဲ့
ကိုယ့်နေ့စွဲတွေလဲ
(သေချာပါတယ်)
အချိန်တရားရဲ့ပုံသဏ္ဍာန်က
အော့အန်ချင်စရာ…။

www.burmeseclassic.com



သူ့အသံကို သို့ရပ်တန့်ရင်း ရှေ့သို့ အုပ်မိုးငိုက်ကျနေတဲ့ ဆံပင်ကို နားရွက်ကြားမှာ ညှပ်သည်။

"ဒီဒဏ်ရာအတွက် ကျွန်တော် စိတ်မပျက်ခဲ့ဘူး၊ ရုပ်ဆိုးသွားလို့လဲ ကျွန်တော် ဝမ်းမနည်းခဲ့ဘူး၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော် ထောင်ကထွက်ထွက်ချင်း လေးလေး လာခေါ်တာနဲ့ လိုက်ခဲ့တယ်၊ ပထမတော့ ကျွန်တော် ဓာတ်ညွှန်းစ,ရေးတယ်၊ သရုပ်ဆောင်ဖို့ကိုတော့ ကျွန်တော် ခါးခါးသီးသီးငြင်းတာပေါ့၊ ဒါပေမယ့် လေးလေးရဲ့စကားတစ်ခွန်းက ကျွန်တော့်ခံယူချက်ကို ပြန်ပြင်ရတဲ့အထိ ဖြစ်ခဲ့တာပေါ့"

"ဘာပြောလို့လဲ ကိုကို..."

စောနန္ဒာ က လတ်ပိုက်ကာနားထောင်ပြီး သူ့မျက်နှာပေါ်က ဒဏ်ရာကို ငေးကြည့်ရင်းက အခုလိုပြောလာပါတယ်။

"ငွေမြမ်းအတွက် မင်း အကြွေးတွေ အများကြီး ဆပ်စရာကျန်သေးတယ်၊ လိုအပ်နေတဲ့ အနုပညာသမားတစ်ယောက်အတွက် မင်း ကွက်လပ်ဖြည့်ပေးစမ်းပါလို့ လေးလေး ပြောတဲ့အချိန် ကျွန်





တော် တုန်လှုပ်သွားတာ အမှန်ပဲ၊ ငါ့ကြောင့် ဆိုတဲ့ အတွေးပေါ့၊ င်းသားတစ်ယောက် ဆုံးရှုံးသွားလို့ နှစ်ယောက်ပေါ်မှာ သေချာပေယ့် ပြည့်စုံတဲ့ လူကြမ်းတစ်ယောက် ဆုံးရှုံးသွားရင် လေး,ငါးနှစ်အတွင်း ပြည့်စုံတဲ့လူကြမ်းတစ်ယောက် ပေါ်မလာဘူးတဲ့၊ ဒီစကားတစ်ခွန်းဟာ ကျွန်တော့်ရင်ကို နင့်ကျပ်သွားစေခဲ့တဲ့အထိပေါ့"

ကိုနေလည်း ဒီစကားကို လက်ခံတယ်။

"ဟုတ်တယ် မိုးပြာ..၊ ငါတို့မရှိလို့ နောက်တစ်ယောက်တွေပါမှာ သေချာပေမယ့် လက်သီးမောင်မောင်တို့၊ ကိုအံ့ကျော်၊ ဦးကျောက်လုံးတို့လို အနုပညာသမားတွေပေါ်ဖို့ကို ဒီခေတ်ကြီးမှာ ရှားပါးသွားပြီ၊ လူတိုင်းက မင်းသားဖြစ်ချင်တယ်၊ လူတိုင်းက လူကြမ်း မလုပ်ရဲဘူး၊ ခေတ်ပညာတတ်လူကြမ်းတစ်ယောက်ဖြစ်တဲ့ င်းအတွက် ငါတို့ ဂုဏ်ယူတယ် မိုးပြာ"

"ကောင်းလိုက်တဲ့စကားပဲ မင်းသား"

ကိုမင်းစိန်ရဲ့ နောက်ပြောင်မှုကြောင့် မင်းသမီးက သဘောကျရယ်မောပါသည်။ ဦးငြိမ်းနှင့် မိဇော်ကို သူ ဦးတည်ပြီး...

"ဒီနေ့တော့ ကျွန်တော် ဒီလောက်နဲ့ပဲ ရပ်ပါရစေ ဦးငြိမ်း"

ဦးငြိမ်း က ကွမ်းတစ်ယာကိုထုတ်ဝါးရင်း...

"အေးပါကွာ၊ ကဲ...ရှုတင်မရှိရင် ငါ မင်းတို့ကိုဒကာခံမယ်၊ းစပ်ရာဆိုင်ကို သွားကြရအောင်..."

"ကောင်းတယ် ဦးငြိမ်း"

ကိုဇော် အပြောကြောင့် မင်းသမီးက...



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့တော့ သမီး မလိုက်တော့ဘူး ဦးငြိမ်း"

"အေးပါဟာ..၊ အကယ်ဒမီများရတော့ နင်တို့က ငါ့တောင် အရေးမလုပ်ချင်တော့ဘူး"

"ဦးငြိမ်း နော်..."

မင်းသမီးရဲ့ စိတ်ဆိုးဟန်စကားကြောင့် ဦးငြိမ်းက တဟားဟား ရယ်မောသည်။ မိဇော်က ကက်ဆက်ထဲက ခွေပေါက်စလေးကို ထုတ်ယူရင်း...

"ကိုကို မိဇော် စနေနေ့ လာခဲ့မယ်၊ ကိုကို အားရဲ့လား မိမာကိုလဲ ပြောထားလိုက်ဦးနော်"

သူက မိဇော် ခေါင်းကိုပုတ်ရင်း ပြုံး၍ ခေါင်းညိတ်ပြသည်။ ဒါကိုမြင်တဲ့ ဦးငြိမ်းက...

"ရိုပိုတာကိုမကြောက်တဲ့ လူကြမ်းဆိုလို့ မင်းပဲရှိမယ် မိုးပြာ"

ကိုဇော် က တခွီးခွီးရယ်၏။ မိဇော် က ကိုဇော်ကို မျက်စောင်းထိုးရင်း...

"ကိုဇော် နော်..."

"ဟ...ငါနဲ့ဘာဆိုင်လို့လဲ"

ဒီအဖြစ်အပျက်ကို ကိုနေနဲ့ စောနန္ဒာတို့ကအစ သဘောကျမဆုံး။ ကိုနေလည်းလိုက်မည်ဆိုတော့ ပရိုဂျူဆာက ဗျာဗျာသလဲ...

"ဟာ.. ဦးငြိမ်း ရောက်နေတာ ကြာပြီလား၊ ကျွန်တော် မမြင်ဘူးဗျ၊ စိတ်မရှိပါနဲ့ဗျာ.."

ဦးငြိမ်းက...





"ခင်ဗျား ရှောင်နေတာမဟုတ်လား ကိုအုန်းရွှေ၊ ကဲ.. ကျွန်တော်တို့အားလုံး ဆိုင်တစ်ဆိုင်သွားမလို့..၊ ခင်ဗျား လိုက်ဦးမလား"

"ဟာ.. လိုက်ရမှာပေါ့၊ ကျွန်တော် ဒကာခံပါ့မယ်"

ဦးငြိမ်းက...

"မလုပ်ပါနဲ့ဗျာ၊ နဂိုကမှ တချို့တလေကြောင့် ကျုပ်တို့စာနယ်ဇင်းသမားတွေ နာမည်ပျက်ရတဲ့ကြားထဲ လိုက်ခဲ့ပါ၊ မိုးပြာအတွက် ကျုပ် ဒကာခံတာ..."

ပရိုဂျူဆာက ပိုက်ဆံမကုန်ဘူးဆိုတော့ သွားဖြဲမတတ် တမဲ့မဲ့နှင့် ရယ်မောနေ၏။

ကိုနေက...

"ဒီဇာတ်လမ်းကို ငါတော့ စိတ်ဝင်စားသွားပြီ မိုးပြာ၊ ကိုယ့် ရိုက်ထုတ်ပြီး မင်းနေရာမှာ ငါ ဝင်သရုပ်ဆောင်လိုက်ချင်တယ် ကွာ"

"ဟော့ကောင်.. ငါ ဒီဇာတ်ကို အရင်ဦးထားတာနော်"

ကိုဇော့် စကားကြောင့် သူ ပြုံးမိပါသည်။ ကိုနေ က ကားပေါ်တက်ခါနီးအထိ သူ့ရဲ့ဇာတ်လမ်းကို စိတ်ဝင်စားပုံရသည်။

"ဘယ်နေ့ နောက်ဆက်တွဲကို အင်တာဗျူးမှာလဲ၊ ငါရှိနေရင် ကောင်းမယ် မိုးပြာ"

မိဇော် က ဘာမှဝင်မပြော။ ဦးငြိမ်းကတော့...

"မင်းတို့ ဂျူတီအားမယ့်ရက်ကို မင်းတို့ရွေးကြလေ"

ဦးငြိမ်း စကားကြောင့် ကိုဇော်က...



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ကွာ..၊ လာမယ့် အင်္ဂါနေ့ကို စနေမင်းပန်းခြံထဲမှာ စောနှုန်းနဲ့(ပလေးဘက်)တစ်ခန်းပဲ ငါတို့ နောက်ဆုံးထားရိုက်မယ်၊ မနက်ဖြန် နေသာရင် ကျန်တဲ့ကတ်တွေ အပြီးဖြတ်မယ်ကွာ၊ ဟုတ်လား"

"ကောင်းတယ် ကိုဇော်၊ ချသာချ .. ဒီရက်တွေ ဒိတ်အားနေတာ ခင်ဗျားသိတာပဲ၊ ခင်ဗျားသဘော"

သူကတော့ ရင်ထဲက ရှင်းလင်းလိုက်ရတဲ့ အတိတ်တွေအတွက် တစ်ခုခုဖြစ်ကျန်ရစ်ခဲ့တာ သေချာနေခဲ့ပါတယ်။





"သမီးရေ .. မိုးဖြူ"

သူ မုန့်ထုပ်တွေကိုမြှောက်ပြရင်း တိုက်ခန်းတံခါးဖွင့်ကာ အထဲကို ဝင်ခဲ့သည်။ 'ဖေဖေ..'ဆိုတဲ့ မီးဖိုဆောင်ဘက်ဆီက လွင်လွင်ဆာဆာအသံလေးနဲ့အတူ သမီးက ပြေးထွက်လာသည်။

သမီးက သူ့ဆီပြေးလာတော့ သူက မုန့်ကို စားပွဲပေါ်အမြန်ချကာ သမီးကို အသာဆီးပွေ့မိသည်။ သမီးကို ပတ်ချာလည်မွှေ့ရမ်းတော့ သမီးက တခစ်ခစ်ရယ်နေသည်။ မိမာက နောက်ဖေးမီးဖိုဆောင်မှ ဖွန်းတစ်ချောင်းကိုင်ကာ ထွက်လာရင်း သူတို့သားအဖကို...

"ဒီအဖေနဲ့ ဒီသမီးကတော့ တော်တော်မျက်စိနောက်စရာကောင်းနေပြီ၊ ကျုပ်ကတော့ ဆေးရုံကတစ်ဖက်၊ သူ့ကိုထိန်းရတာတစ်ဖက်နဲ့ ဖတ်ဖတ်ကိုမောနေပြီ၊ ဟောကြည့်... သူ့အဖေလာတော့ ကျုပ်ကို ဂရုတောင်မစိုက်တော့ဘူး"

သမီးက သူ့ကိုဖက်ထားရင်း မိမာစကားကြောင့် တခစ်ခစ်ရယ်မောနေ၏။ သမီးကို သူ ပွေ့ချီထားရင်း ဆက်တီခုံမှာ သူ မှီထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ မိဇော်နဲ့တွေ့တယ်၊ သူတောင် ဧနေနေ့ လာခဲ့မယ်တဲ့"

"ဘယ်မှာတွေ့တာလဲ ကိုကို"

ကျွန်တော်က…

"ရွာတင်မှာ…၊ မိမာ၊ ဦးငြိမ်းလဲ ပါတယ်လေ၊ အင်တာဗျူး လုပ်တာပေါ့"

"ဘယ်သူ့ကိုလဲ…"

"ငါ့ကို…"

သူက ရယ်ရင်း…

"အမှတ်…"

သူ ရယ်မောကာ ခေါင်းညိတ်ပြသည်။

မိမာ ကတော့ မရယ်တောတဲ့အပြင် အခုလိုပြောပါတယ်၊

"မိဇော်နဲ့ ညီမလေး ပြီးခဲ့တဲ့အပတ်က တွေ့ကြသေးတယ် ကိုကို၊ မိဇော်က တစ်ခုပြောတယ်"

"ဘာလဲ…"

မိမာ က သူ့ကိုစိုက်ကြည့်သည်။

"အန်ကယ်လ်ညိုတို့က မိဇော်ကို မေးတယ်တဲ့၊ သမီး မောင်မိုးပြာက ချစ်သူတွေလားတဲ့"

သူ အံ့သြသွားကာ…

"ဟာ!… ဘယ်လိုမြင်ကြတာလဲ…၊ မိဇော်က မငြင်းဘူး လား"

မိမာ က သူ့အစ်ကိုကို နားမလည်နိုင်ပုံ ငေးမိရင်း…





"တစ်ခါတစ်ခါကျတော့လဲ ကိုကို့ကို ညီမလေးကအစ စိတ်ပျက်လာတယ်"

"ဘာကိုလဲဟ…"

မိမာ က…

"မိန်းမတစ်ယောက်ရဲ့ သူ့ရင်ထဲကချစ်ခြင်းကို ကိုကို နားသည်သင့်တယ်ထင်လို့…၊ မိဇော် ကိုကို့အပေါ် သံယောဇဉ်ရှိနေတာ ညီမလေးလဲ သိနေတယ်၊ ကိုကိုလဲ သိနေတာပဲဟာ…"

သူ ဘာပြောရမှန်းမသိအောင် ဖြစ်ခဲ့ရသည်။

"ကျေးဇူးတရားကြောင့် မိဇော်ကို ရွေးချယ်လိုက်ဖို့ ညီမလေး တိုက်တွန်းချင်ဘူး၊ ဒါပေမယ့် ကိုကို့အပေါ်ထားတဲ့ မိဇော်ရဲ့အကြင်နာတာ မိန်းမချင်းတောင် သတိထားငေးပူလို့ရတယ် ကိုကို၊ အဲဒါကို ကိုကို မသိတာလား၊ ကိုကို မမြင်ချင်ယောင်ဆောင်နေတာလား ဟင်…"

သူ သမီးကိုပွေ့ပိုက်ရင်း ငိုင်တွေသွားမိခဲ့ရတယ်။ ခန္ဓာကိုယ်ကို ဘူသတဲ့ ဆရာဝန်မတစ်ယောက်ရဲ့စကားဟာ သူ အခံရခက်စေသည်။

"ကိုကို ဘာကိုမျှော်နေတာလဲ…"

သူ အားကုန်ဖွင့်ဟပြောချင်ပေမယ့် နှုတ်ဆွံ့အကာ တိတ်ဆိတ်နေရတဲ့အဖြစ်…။



www.burmeseclassic.com

www.burmeseclassic.com



" မင်းဟာက ဘာတွေလဲ"

သူ ခါးပိုက်ထောင် ဖစ်အိတ်ထဲက ကတ်ပြားတွေ တစ်တွေ

ကြီး ကျလာခဲ့တယ်။

မျက်ဝန်းပုံ အပိုင်းလိုက်၊ မျက်ခုံး၊ နှာတံ၊ ပါးစပ်၊ မေးရိုး

အစ ဆံပင်အဆုံး တစ်ခုချင်းစီ အသေးစိတ် ခြယ်မှုန်းထား

ခဲခြစ်လက်ရာ စက္ကူကတ်ပြားတွေ..။

"မျှော်လင့်ချက်တွေ..."

ကိုဇော်က သူပြောလိုရာကို သဘောမပေါက်။ စက္ကူကတ်

တွေကိုသာ အပိုင်းလိုက် အပိုင်းလိုက် စီတန်းရင်း မျက်နှာတ

ဖြစ်ပေါ်လာအောင် ပုံဖော်နေသည်။

"တော်တော်ကြာပြီထင်တယ်နော် မိုးပြာ"

သူ နှာနှာကျင်ကျင်ပြုံးနဲ့ရင်း...

"ဆယ့်ငါးနှစ်ကျော် ကတ်ပြားတွေကအစ ပါတယ် ကိုဇော်

"ဟာ!... တကယ်..."

ကိုဇော် မျက်လုံးပြူးရင်း အံ့ဩတကြီး ဆိုသည်။





"ကျွန်တော့်ဘဝမှာ ဒုက္ခတွေ ဘယ်လောက်ရောက်နေနေ၊ စိတ်ဆင်းရဲစရာတွေနဲ့ ဘယ်လောက်ကြုံကြုံ ကျွန်တော် အလိုချင်ဆုံး ဆုတောင်းတစ်ခု ပြည့်ဝခဲ့မယ်ဆိုရင် နောက်ထပ်ရလာမယ့် သောက တွေကိုလဲ ကျွန်တော် ခံယူပါ့မယ်"

ကိုဇော် ရယ်သံနဲ့...

"နွေဦးနိုင်ရဲ့အမုန်း ပြေပျောက်နိုင်ပါစေ ဆိုတဲ့ ဆုတောင်း လား"

သူ ခေါင်းခါသည်။ ပြီးတော့ ဆက်ပြောသည်။

"မနိုင် ကျွန်တော့်ကို ဘယ်လောက်မုန်းနေနေ ကျွန်တော် သူ့အပေါ် မေတ္တာမပျက်ခဲ့ဘူး"

"အေးကွာ..၊ မနိုင် မင်းအပေါ်ထားတဲ့ ခါးခါးသီးသီးအမုန်း က ငါတို့ အနုပညာအသိုင်းအဝိုင်းကလူတွေတောင် အံ့ဩရတယ်"

"ဒါပေမယ့် မနိုင် က ကျွန်တော်နဲ့ပတ်သက်ပြီး မမုန်းနိုင်တဲ့ လူတစ်ယောက်ရှိတယ်"

"ဘယ်သူလဲ..."

ကျွန်တော်က ကတ်ပြားတွေကို အိတ်ထဲပြန်ထည့်ရင်း...

"သမီးလေ"

ကိုဇော် က ကြမ်းခင်းတွေကို လက်နဲ့ပုတ်ရင်း...

"ဟာ.. ဟုတ်ပါ့ကွာ၊ မင်းရဲ့သမီးကိုတော့ သူ တော်တော် သံယောဇဉ်ကြီးတာ၊ အားရင် ကျောင်းကိုသွားပြီး မုန့်ပို့ရတာနဲ့၊ မင်းနဲ့ မလွဲသာမရှောင်သာ ရိုက်ကွင်းမှာတွေ့ခဲ့လို့ မိုးဖြူလေးပါသာ



www.burmeseclassic.com

www.burmeseclassic.com



ရင် ကလေးကို ဘူအခန်းတွေရိုက်ပြီးရင် အမြဲ ခေါ်ခေါ်ထားတတ်တယ်"

"သမီးကလဲ သူ့ကိုချစ်ပါတယ်"

ကိုဇော် က ခေါင်းညိတ်ရင်း...

"ဆရာသစ်ကတောင် ပြောသေးတယ်၊ ဂျမ်းလက်ထဲမှာရှိရင်တောင် ဒီကလေး ဒီလောက် ပြောင်ရောင်မှာမဟုတ်ဘူးတဲ့"

သူ သက်ပြင်းချမိသည်။ တစ်ခါသာတွေ့ဖူးတဲ့ ကိုဂျမ်းကို သူ မျက်ဝန်းထဲက မထွက်နိုင်အောင်ပါဘဲ။

"ဟိုကလေးနှစ်ယောက် ထမင်းစားကြမယ်"

လေးလေးရဲ့အစ်မ ကြီးကြီးဒွေက ထမင်းစားခန်းက လှမ်းခေါ်တော့...

"မစားသေးဘူး ကြီးဒွေ၊ လေးလေး လာမှ စားတော့မယ်"

"အေး... အေး..."

လေးလေး ခေါ်တယ်ဆိုလို့ သူနဲ့ ကိုဇော် လေးလေးကို လာစောင့်နေကြခြင်း ဖြစ်သည်။

သူတို့စကားကောင်းနေကြစဉ် လေးလေး ရောက်လာပါတယ်။

"ဟိုနှစ်ကောင် ထမင်းစားပြီးပြီလား"

"မစားသေးဘူး၊ လေးလေးကို စောင့်နေတာ"

သူ ပြန်ဖြေတော့...

"ငါ ရေမိုးချိုးပြီးမှ စားကြတာပေါ့ကွာ"

သူတို့ ထိုင်နေရာဆီသို့ လေးလေးက လျှောက်လာရင်း ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်သည်။





"ဒီနေ့ တော်တော် ခရီးဆန့်လိုက်ရတာကွာ၊ လွှကို ပြိုင်းသွားတာပဲ၊ စိစစ်ရေးလဲ ရောက်လိုက်တယ်၊ ၃၆ လမ်းထဲမှာ ကိုမြင့်စိုးနဲ့တွေ့လို့ ထိုင်စကားပြောရသေးတယ်"

လေးလေး စကားအဆုံးမှာ ကျွန်တော်က...

"ကျွန်တော်တို့ကိုခေါ်တာ ဘာကိစ္စလဲ လေးလေး"

လေးလေးက သူ့ဆံပင်တိုတိုကို လက်ဝါးနဲ့ ပွတ်နေရင်း...

"ငါ ကားကြီးတစ်ကားရိုက်ဖို့ စီစဉ်ထားတယ်"

"ဇာတ်က ဘယ်သူ့ဇာတ်လဲ လေးလေး"

လေးလေးက သူ့ကိုကြည့်ပြီးမှ ကိုဇော့်ကိုပါ ကြည့်သည်။

"အင်း... အဲဒါတော့ နောက်မှပြောမယ်ကွာ၊ ဇာတ်လမ်းကတော့ ရှိပါတယ်၊ မင်းသားကတော့ မောင်နေ ပဲကွာ၊ မင်းသမီးကတော့ မိနိုင် ပဲ ရွေးထားတယ်"

"ဟာ!... ဖြစ်ပါ့မလား လေးလေး"

သူ အလန့်တကြားငြင်းမိတာကြောင့် လေးလေးက...

"ဘာကိုလဲ သားကြီး"

သူ အပြောရခက်စွာ...

"မဟုတ်ဘူးလေ...၊ ကျွန်တော်..."

"ဘာဆိုင်လဲ သားကြီးရယ်၊ သူ အောင်မြင်ဖို့ ငါ တွန်းတင်လာတာပါကွ၊ ဒယ်ဒီခေါ်တယ်ဆိုရင် မိနိုင် မလာဘူးလို့ ငြင်းရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် လေးလေး၊ သူ့အဖေ ဦးရဲထွဋ်က ရှိသေးတယ်"

လေးလေးက ရယ်သည်။

"ကိုရဲထွဋ်ကိစ္စက ငါတာဝန်ထား၊ မင်းတို့လုပ်ရမှာက သားကြီးက ဝတ္ထုရေး ဓာတ်ညွှန်းပါ နှစ်ခုစလုံး တာဝန်ယူရမယ်"

"ဝတ္ထု ရေးရမယ်"

"အေး .. ဒီကားမှာ မောင်ဇော်က လေးလေးနဲ့တွဲပြီးရိုက်မယ်၊ တို့ဆရာတပည့်တွေ တွဲရိုက်ချင်တဲ့သဘောသက်သက်ပဲ၊ မှတ်တမ်းကို သားကြီး ကိုင်၊ ဒါပေမယ့် ရိုက်ကွင်းကျရင် တာဝန်ရှိမယ်မဟုတ်ဘူး၊ ကြံ့သလို ဝိုင်းကူကြပေါ့ကွာ ဟုတ်လား၊ ကဲ.. ကဲ... ငါ ရေသွားချိုးလိုက်ဦးမယ်၊ ပြီးမှ ထမင်းစားကြတာပေါ့"

လေးလေးက ခုံမှထကာ အတွင်းခန်းဘက် ထွက်သွားသည်။ ခန်းဆီးစကို အမ,မှာ...

"လေးလေး ကျွန်တော် ဘာကိုရေးရမှာလဲ"

ကိုဇော်က တစ်ဖက်လှည့်နေ၏။

လေးလေးက သူ့ကို တည်တည်ငြိမ်ငြိမ် ကြည့်နေပါသည်။ ပြီးတော့...

"မင်းအကြောင်း မင်းရေးပေါ့ မိုးပြာရယ်"

"ဗျာ!..."

ပါးပြင်ပေါ်ကဒဏ်ရာ သွေးစို့တက်ချင်စရာ စကား...။





၁

"ဟာ... အန်တီဇော် လာတယ်"

သမီးက တံခါးဝဆီသို့ပြေးသည်။ မိဇော်က မုန့်ထုပ်တွေ၊ ကစားစရာအရုပ်တွေ တစ်ပွေ့တစ်ပိုက် ကိုင်ထားသည့်ကြားက သမီးကို ပြေးချီရသည်။

"အို... လဲနေပါ့မယ် သမီးလေးရယ်"

သမီးကိုချီထားရင်း သမီးပါးကို တရှုံ့ရှုံ့နမ်းတော့ သမီးက တခစ်ခစ်ရယ်ပါသည်။ စားပွဲရှေ့မှာ စာအုပ်တစ်အုပ်၊ ဘောပင်တစ်ချောင်းနဲ့ ငေးငိုင်နေသော သူ့ကို မိဇော်က အကဲခတ်မိရင်း...

"ကိုကို ဘာဖြစ်နေတာလဲ၊ ကိုကို့လက်ထဲက ဆေးလိပ်ပြာလဲ ခြွေပါဦး ကိုကို..."

လက်ထဲမှ တငွေ့ငွေ့လောင်ကျွမ်းနေသော စီးကရက်မှာ ပြာတောင့်ရှည်က ရှည်လျားလွန်းနေပါသည်။

သူ့ မသောက်ချင်တော့ဘဲ စီးကရက်ကို ပြာခွက်ထဲကို ထိုးချေလိုက်သည်။

"ဟ... ငါယောက်မက တကယ်လာတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုဆောင်ဘက်ကထွက်လာတဲ့ မိမာ စကားကြောင့် မိဇော်က သူ မမြင်အောင် အံကြိတ်ပြသည်။ ဒါပေမယ့် မိမာရဲ့မျက်နှာမှာ ရယ်ချင်ချင်အရိပ်တွေ..၊ ကလေးကို ဘေးမှာချထားရင်း မုန့်ထုပ်တွေ၊ ကစားစရာတွေ မိဇော်က ပေးတော့...

"မိဇော်ရယ် သိပ်မဝယ်ပေးပါနဲ့ဟာ...၊ ပိုက်ဆံ အပိုကုန်တယ်၊ နင်တို့ဝယ်ပေးလို့ အိမ်မှာလဲ သူ့ပစ္စည်းတွေနဲ့ ပြည့်ကျပ်နေပြီ၊ ကြာရင် ဒီတိုက်ခန်းက စတိုးဆိုင်ဖွင့်ရမယ့်ပုံပေါက်နေပြီဟဲ့..၊ သမီးမိုးဖြူ အန်တီမာဆီလာ.. ရေချိုးကြမယ်၊ မိဇော် ခဏနော်..."

'ကလေးကိုဆွဲပြီး နောက်ဘက်ဆီ ထွက်သွားတော့မှ မိဇော်က သူ့ကို...

"ကိုကို တစ်ခုခုဖြစ်နေတယ်ထင်တယ်၊ မှန်းစမ်း... နေများမကောင်းလို့လား"

သူ့နဖူးကို သူ့လက်ဖဝါးနုနုလေး လှမ်းစမ်းတော့ သူ့ရင်ထဲကျဉ်တက်သွားမတတ်...။ သူ့အတွက် စိုးရိမ်ပူပန်တတ်လွန်းတဲ့ ဒီမိန်းကလေးကို သူ ကရုဏာသက်မိတာ အမှန်ပဲလေ..။

"ကိုကို နေကောင်းပါတယ် မိဇော်.."

သူ့စကားကြောင့် သူမက ခုံတစ်လုံးမှာဝင်ထိုင်ရင်း သူ့မျက်နှာကို မေးထောက်ငေးကြည့်ကာ...

"ဒါဆို... ကိုကို ဘာဖြစ်နေတာလဲ"

သူ နောက်မှီပေါ် ကျောမှီချလိုက်ရင်း...

"လေးလေး ဓာတ်တစ်ခုတည်ဖို့ ကိုကိုကို မနေ့ကပြောတယ်





မိဇော်..."

သူမက မျက်မှောင်ကြုတ်ရင်း...

"အဲဒါ ဘာဖြစ်လဲ ကိုကို..."

သူ.. သူမကို ရင်ဆိုင်ကြည့်တော့ မိန်းကလေးက မသိမသာ မျက်နှာလွှဲပြန်သည်။ သိပ်ဟန်ဆောင်မှုကင်းမဲ့တဲ့ မိန်းကလေးပဲလို့ တွေးမိရင်း သူ ပြုံးမိသည်။

"အဲဒီဇာတ်ကို ကိုယ်ကိုယ်တိုင်ရေးပြီး ကိုယ်တိုင် ဇာတ်ညွှန်းခွဲဖို့ တာဝန်ပေးတယ်လေ"

"ရေးပေါ့ ကိုကိုရယ်..၊ ဒါများ အဆန်းလုပ်လို့..."

"အင်း... ရေးရမှာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ရေးရမှာက ကိုယ့်အကြောင်း ကိုယ်ပြန်ရေးရမှာဖြစ်နေလို့ မိဇော်"

အံ့ဩဟန်မပြဘဲ မိဇော်က ပြုံးနေတာ သူ တွေ့သည်။ သူ့ကို မိဇော်က...

"မိဇော် မနေ့ကတည်းက သိပါတယ်"

"မိဇော် သိတယ်..."

သူ့အမေးကို မိဇော်က ခေါင်းညိတ်ပြသည်။

"ဦးငြိမ်း ပြောတာလေ၊ ဦးငြိမ်းနဲ့ လေးလေး တစ်ခုခု ကြံစည်နေကြတာကို မိဇော် သိလို့ အတင်းမေးမှ ဦးငြိမ်း ပြောပြတာ..."

"ဩော်..."

မိဇော် ခုံမှထကာ ပြတင်းပေါက်နားရပ်၍ အပြင်ကိုငေးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ မထင်မှတ်တဲ့စကားတွေ မိဇော် ပြောလာပါတယ်။

"မြုံနေတဲ့အနာကို အသစ်ဖြစ်ဖို့ ပြန်ခွဲရတယ် ကိုကို၊ အဲဒါမှ အဲဒီအနာကျက်အောင် ပြန်ကုလို့ရမှာပေါ့၊ ကိုယ့်ခေါင်းပေါ်မှာ အမြဲ ရောက်နေမယ်ထင်ပြီး အဆိုးရွားဆုံးတိမ်တိုက်တွေအတွက် ပူဆွေးသောက ရောက်မနေပါနဲ့ ကိုကိုရယ်…၊ အသေချာဆုံးတစ်ခုကို ပြောရမယ်ဆိုရင် ကောင်းကင်ရှိနေသရွေ့ တိမ်တိုက်ကတော့ ရှိနေမှာပဲလေ"

"ဘာကိုဆိုလိုတာလဲ မိဇော်…၊ ကိုကို နားမလည်ဘူး"

မိဇော် က သူ့ဘက်လှည့်သည်။

"အနုပညာဟာ ကောင်းကင်ပြင်ကြီးတစ်ခုပါ၊ ကိုယ့်ရင်ခွင်ထဲက တိမ်တိုက်တွေက ခံစားချက်တွေလေ…"

"ကိုကိုရဲ့ အတိတ်ကဖြစ်ပျက်ခဲ့တာတွေကို မြေပြင်ပေါ်က ကြည့်နေတာကို တိမ်တိုက်ထက်မြင့်မားတဲ့ ကောင်းကင်ပေါ်က ငုံ့ကြည့်တဲ့အရသာကို ကိုကို တွေးကြည့်ခဲ့ဖူးလို့လား"

သူ မိဇော်ကို အလန့်တကြား လှမ်းကြည့်မိသည်။ သူမက ခံစားချက်ကင်းမဲ့တဲ့မျက်လုံးတွေနဲ့ သူ့ကို ငေးမောနေမြဲ…။





"ကဲ… အားလုံး ပြီးဆုံးသွားပြီ၊ စောတော့ စောပါသေးတယ်၊ ထမင်းစားကြတော့မလား"

ရိုက်ကွင်းဖြုတ်ရန် သတိပေးတော့ စက်အဖွဲ့ကောင်လေးတွေက စက်တွေကို သိမ်းဆည်းဖြုတ်သိမ်းရန် ပြင်ဆင်နေသည်။

စောနမှာက နောက်ဆုံးအခန်းအတွက် တော်တော်ပင်ပန်းသွားရတယ်၊ ယပ်တောင် တဖျပ်ဖျပ်ခတ်နေပါတယ်။ ကိုနေကတော့…

"လာဗျာ ကိုဇော်… ဆိုင်တစ်ခုခုသွားရအောင်၊ ကျွန်တော်တော ခံမယ်ဗျာ၊ မိုးပြာ မင်းရော လိုက်ခဲ့လေ"

"သွားပါဗျာ…၊ ကျွန်တော် မိဇော်နဲ့ အင်တာဗျူးအတွက် ...းထားလို့…"

"ဟာ!… ဟုတ်သားပဲ၊ ကဲ… ဒါဆို မိဇော်ကို ငါတို့သွား...ဆိုင်ကိုပဲ ချိန်းလိုက်လေ"

မင်းသမီးကလည်း မိတ်ကပ်ပြန်ဖို့နေရာမှ…

"မော… တို့လဲ လိုက်မယ်လေ၊ ဓာတ်သိမ်းပိုင်းကို အရမ်းသိ...နေတာနော်၊ ချန်မထားခဲ့နဲ့ဦး"

မင်းသမီးအပြောကြောင့် ကိုနေက သူ့ကိုရည်ရွယ်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ကဲ… မင်းသားရေ…၊ မင်းကိုတော့ ပွဲတောင်းနေပြီ၊ ရှေ့…
အချိန်ရှိတုန်း မင်း အိပ်မက်ကလေးဆီ ဖုန်းဆက်လိုက်…"

"ဟာဗျာ…၊ ကိုနေ ကလဲ…"

ဟမ်းဖုန်း လှမ်းပေးရင်း ကိုနေ့အပြောကြောင့် သူ ရှက်ရမ်း
ရမ်းမိသည်။ 'လုပ်မနေနဲ့ မိုးပြာ…၊ မိဇော့်မျက်လုံးတွေ ကြည့်တာနဲ့
တင် မင်းကို ဘယ်လောက်ညှတ်နေမှန်း ငါသိပါတယ်၊ ငါ ဒါရိုက်
တာပါကွ' ဟု ကိုဇော် ပြောတဲ့စကားကြောင့် သူက ကိုဇော်ကို…

"လျှောက်မပြောစမ်းပါနဲ့ ကိုဇော်ရာ…၊ ခင်ဗျားတို့ ရမ်းသမ်း
ပါးစပ်သေနတ်ပစ်နေတာကြောင့် တစ်ဖက်သား သိက္ခာကျစရာတွေ
ဖြစ်ခဲ့ရတာ ခင်ဗျား သိရဲ့လား…"

"ဟ… ငါလဲ လူရင်းတွေမို့လို့ ပြောမိတာပေါ့ကွ"

ကိုဇော့် စကားကြောင့် သူ နှာခေါင်းရှုံ့ရင်း ဆန္ဒသစ်မဂ္ဂဇင်း
တိုက်ရဲ့ဖုန်းနံပါတ်ကို နှိပ်လိုက်သည်။

တစ်ဖက်က ဖုန်းဝင်လာကြောင်း အချက်ပေးတော့ သူက…

"ဆန္ဒသစ်ကလား…၊ ဪ… ဦးငြိမ်းလား၊ ကျွန်တော်
မိုးပြာပါ၊ အင်း… ဟုတ်တယ်၊ မိဇော်နဲ့ အင်တာဗျူးအတွက်
ကျွန်တော် ချိန်းထားလို့…၊ မိဇော်ရှိလား ဦးလေး၊ ဟုတ်ကဲ့ မိဇော်ကို
ဦးငြိမ်း ဖုန်းပေးလိုက်ပါလား၊ မိဇော်လား ကိုကိုပါ…"

"ကိုကို…တဲ့…၊ မဟုတ်ဘူး…မဟုတ်ဘူးနဲ့ တွေ့လား ကိုနေ…"

ကိုဇော့် အပြောကြောင့် ဖုန်းကို လက်ဝါးနဲ့အုပ်ကာ ကိုဇော့်ကို
မျက်လုံးပြူးပြရသည်။





ကိုနေနဲ့ ဇော်နှာက သဘောကျကာ ရယ်နေ၏။

"မိဇော် ကိုဇော်တို့အားလုံးကလဲ ရှုတင်ပြီးလို့ အားနေတယ်
လေ၊ ကိုကို့အင်တာဗျူးကို သူတို့လဲ နားထောင်ချင်တယ်တဲ့၊ မိဇော်
ဆိုင်ကိုလာခဲ့လေ…၊ ဆိုင်…"

သူ ဖုန်းကို ကိုနေ့ကို လှမ်းပေးရင်း…

"ကိုနေ သွားမယ့်ဆိုင်ကို ကိုနေပဲ ပြောလိုက်တော့"

ကိုနေ က ခေါင်းညိတ်ကာ မိဇော်ထံ ဆက်သည်။

"မိဇော်လား ကိုကိုပါ၊ အဲလေ… ယောင်လို့…"

တဟားဟား ပွဲကျသွားသည်။

"အလကား စတာပါဟာ… ဟဲ့ တမျက်နှာပေါ်ကျမှ ငါ့ကို
…နဲ့ မ,မနဲ့ဦး မယ်မင်းကြီးမ…၊ ဆိုင်နာမည်လား 'တာဝါ' ပဲ
…ခဲ့လိုက် ဟုတ်လား၊ အေးပါ… ငါတို့ ချက်ချင်းထွက်ခဲ့မယ်"

ဖုန်းကို ပြန်ပိတ်ကာ…

"ကဲ… ကိုကို…၊ မိဇော်တို့ သွားကြမယ်"

ရယ်သံတွေ ဆူညံသွားပြန်သည်။

"ခင်ဗျားတို့ကတော့ဗျာ…"

သူ ညည်းညူရင်း သက်ပြင်းချမိသည်။

ကလေးရယ်… ကိုယ့်ကြောင့် မင်းတော့ အဲနေခက်ပြီ ထင်
…



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... စ,ကြဖို့ကောင်းပြီ မိဇော်..."

ကုတ်ဘူးကို သံကွင်းဆွဲဖွင့်ရင်း ကိုနေ အပြောကြောင့် မိဇော်က အသင့်ချထားတဲ့ ကက်ဆက်ခွေလေးကို ခွေလည်မလည် စစ်ဆေးသည်။ အသင့်ဖြစ်ပြီဆိုမှ သူ့ကို မျက်စ,ပစ်သည်။

သူ ခေါင်းညိတ်တော့မှ ကက်ဆက်အသံဖမ်းခလုတ်ကို နှိပ်လိုက်သည်။

ကျွန်တော် လူသေမှုနဲ့ ထောင်ကျခဲ့တယ်၊ ကျွန်တော် ထောင်က ထွက်တဲ့နေ့မှာ မိဇော်နဲ့ သူ့အဖေ၊ အမေ၊ လေးလေး၊ ကိုဇော်၊ မိမာနဲ့ ကိုငချမ်းရဲ့သမီးလေးတို့အားလုံး လာကြိုကြပါတယ်၊ ပြီးတော့ ကျွန်တော် မမြင်ဖူးတဲ့ အမျိုးသမီးကြီးတစ်ယောက် ပါလာတယ်။

မိမာလည်း ဆရာဝန်တစ်ယောက်ဖြစ်နေပါပြီ။ အဓိကကတော့ ဦးရဲညိုတို့ရဲ့ အစစအရာရာ ကူညီပံ့ပိုးမှုကြောင့်လို့ ကျွန်တော် သိရတယ်။ ကျွန်တော်တို့ အခုလို ဆိုင်တစ်ဆိုင်မှာထိုင်ရင်း စကားပြောမိကြမှ အဲဒီအမျိုးသမီးဆိုတာ ကျွန်တော့်ကို ရထားပေါ်မှာ ဒေါက်တာဦးရဲညိုနဲ့အတူ မွေးဖွားပေးတဲ့ သူနာပြုဆရာမကြီးမှန်း ကျွန်တော်





သိခဲ့တယ်။ အန်တီမြလို့ခေါ်တဲ့ ဒေါ်မြမြဦးဟာ ရန်ကုန်ဆေးရုံကြီးကို ပြန်ပြောင်းလာတယ်လို့ သိရတယ်။

အန်တီမြက ကျွန်တော့်မျက်နှာကို သူ့လက်ချောင်းတွေနဲ့စမ်းပြီး မျက်လုံးထဲမှာလည်း မျက်ရည်တွေ စို့တက်နေရင်း...

'ကလေးရယ်..၊ မင်းကိုမြင်တော့ မသန္တာကို သတိရမိတယ်' လို့ ပြောတယ်။ ကျွန်တော် ငယ်ငယ်က ကျွန်တော်တို့ရွာနဲ့ အနီးဆုံး တိုက်နယ်ဆေးရုံတစ်ခုမှာ တာဝန်ကျတော့ အားရင် အားသလို မေမေ့ဆီ လာတတ်ပါတယ်။

မေမေနဲ့လည်း ညီမရင်းတစ်ယောက်လို ခင်မင်မိတာပေါ့။ မေမေဆုံးခါနီး ခြောက်လလောက်မှာ မန္တလေးကို အန်တီမြ ပြောင်းရတဲ့အချိန်၊ မေမေဆုံးခဲ့တာ အန်တီမြ မသိလိုက်ဘူးလေ။

နောက်ပိုင်းမှ သိသိချင်း ကျွန်တော့်ကိုမွေးစားဖို့ ဆက်သွယ်ခဲ့ချိန်မှာ ကျွန်တော့်ကို သူဦးလေးတွေ လာခေါ်သွားတယ်လို့ ရွာက ပြောတယ်တဲ့။ အန်တီမြက ကျွန်တော့်ကို အမြဲတမ်း စုံစမ်းမေးမြန်းနေခဲ့တယ်ပေါ့။

ကျွန်တော် ထောင်ကျနေချိန်မှာ ဒေါက်တာဦးရဲညိုနဲ့ အန်တီမြက ဆေးရုံမှာတွေ့ခဲ့ပြီး စကားစပ်မိကြတာလေ။ အခုနောက်ပိုင်း အထိ အန်တီမြက ကျွန်တော့်ကို သားအရင်းတစ်ယောက်လို စောင့်ရှောက် ကူညီတတ်တယ်။

တစ်နေ့မှာ လေးလေးက ကျွန်တော့်ကို စကားတစ်ခွန်း ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ရှေ့ဆက် ဘာလုပ်မှာလဲ" တဲ့။

ကျွန်တော် ဘာပြောရမှန်းမသိဘဲ စဉ်းစားရခက်နေချိန်မှာ လေးလေးက အခုလို ပြောလာပါတယ်။

"ဂျမ်းအတွက် မင်းမှာ တာဝန်အများကြီးရှိတယ် မိုးပြာ"

အဲဒီစကားကြောင့် ကျွန်တော် လေးလေးကို မော့ကြည့်မိတာ ပေါ့။

"လိုအပ်နေတဲ့ ဂျမ်းလို လူကြမ်းသရုပ်ဆောင်တစ်ယောက် အတွက် မင်း အစားဝင် ဖြည့်ဆည်းပေးစမ်းပါ။

မင်းရဲ့ဝါသနာ၊ မင်းရဲ့ဗီဇအတွက် မင်းရဲ့မျက်နှာပေါ် ဒဏ်ရာဟာ မင်းကို ပါရမီဖြည့်တာလို့ပဲ သဘောထားစမ်းပါ သာ ကြီးရယ်..။

မင်းပဲ ပြောခဲ့တယ်လေ၊ စိတ်ကူးထဲမှာ စိုက်ပျိုးခဲ့တဲ့ မန်းရေ အပြင်လက်တွေ့အထိ မွေးပျိုးချင်တယ်ဆို...။

မင်း နှစ်ရှည်လများ ကြံခဲ့တဲ့မျိုးစေ့ ရှင်သန်ချိန်ရောက်နေပြီ"

မျက်ဝန်းကို အတင်းစုံမှိတ်ပစ်ပေမယ့် ကိုဂျမ်းရဲ့ နောက်ဆုံး မျက်ဝန်းမပိတ်မီ သူ တွေ့ခဲ့ရတဲ့ တစ်ခုခုပြောချင်နေတဲ့စကားတွေ သူ အခု သိလာရသလိုပဲ။

သူ အားကိုးတကြီး လေးလေးကို ကြည့်မိသည်။

"လေးလေး..."

လေးလေး သိနေသလို ပြုံးနေပါသည်။

"ကျွန်တော် ကိုဂျမ်းအတွက် အစားဝင်မယ်"





လေးလေးက ခေါင်းညိတ်သည်။

သူ ရည်ရွယ်ချက်မရှိဘဲ မျက်နှာပေါ်ဖုံးနေတဲ့ဆံပင်ကိုဖယ်ပြီး အမာရွတ်ကိုစမ်းမိသည်။

သူ့ရင်ခွင်သည် ဆောင်းညသန်းခေါင်မှာ လင်းရှုရာတဲ့လမင်း လို မှုန်ပျပျအိပ်မက်တွေနဲ့ ပြည့်နှက်နေခဲ့တယ်။

မှန်းကျပ်ရပါများတယ်ကွယ်..၊

ဒါပေမယ့် လွတ်မြောက်ချင်သလားလို့ဆိုတော့ ရေရေရာရာ မသိအောင် အတွေးခက်နေခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းတော့…

ကောင်းကင်ကြီးက ကျယ်လွန်းဟာ မဟုတ်ပါဘူး။

အတောင်ပံကိုက ကောင်းကင်နဲ့မမျှအောင် သေးကွေးနေတာပါ။

ဒါပေမယ့် မေမေရှယ်…

ကောင်းကင်ထဲက စီးမျောရာ လေပြည်အတိုင်း ကျွန်တော် မိုက်ကန်းကန်း စီးဆင်းခဲ့တယ်။







အတိတ်ဆိုတာ

ရွက်ဆုတ်ပြကွမ်းမိန် ဆုတ်ပြသလို

လက်ထဲမှာ

မြေမှုန့်ကြေမွသွားရင် ကောင်းမယ်…။



www.burmeseclassic.com

www.burmeseclassic.com



သူ့ အံသြတကြီး ငေးနေမိလျက်သား…။ (ဒီလောက်ကြီး မုန်းတီးစရာကောင်းအောင် ငါ ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်မိလို့လား မွေဦးနိုင်…၊ ကျေးဇူးပြုပြီး မင်းမျက်လုံးတွေ ရုပ်သိမ်းပေးပါ)

ရင်ထဲကစကားတွေ အခါခါပြောပေမယ့် နာကျင်အငြိုးကြီးလှတဲ့ သူ့ရှေ့က မိန်းကလေးကတော့ ကြားနိုင်မည်မထင်။ သူမကတော့ စိမ်းကားနာကြည်းတဲ့မျက်ဝန်းတွေမှတစ်ဆင့် ထက်မြတဲ့ မြားအစင်းပေါင်း များစွာနဲ့ သူ့ကို အကြိမ်ပေါင်းများစွာ ပစ်လွှတ်နိုင်ခဲ့သည်။

"ရှင်ဟာ… လူယုတ်မာ…"

"မပြောနဲ့…"

ကြုံးအော် တားဆီးလိုက်တဲ့ သူ့အသံက သူမရဲ့ နာကျင်ရယ်မောတဲ့အသံကို မတားဆီးနိုင်…။

"ငါ မင်းကို တကယ်ချစ်တာပါ"

ရင်ခွင်ထဲ အတင်းဆွဲသွင်းလိုက်ချိန်မှာ သူမက ရုန်းသည်။





သူက မလွှတ်…၊ နောက်တော့ သူ့ရဲ့လက်မောင်းကို အားကုန်ကိုက်လိုက်တော့…

"အား…"

သူမကိုလွှတ်မိပြီး လက်မောင်းကိုစမ်းမိတော့ သွားရာနဲ့အတူ သွေးစက်တွေရဲ့စိုစွတ်မှုကို သူ သိခဲ့ရသည်။

သူ့ရှေ့က မိန်းကလေးရဲ့မျက်ဝန်းက သူ့အပေါ် ခါးသီးနာကြည်းမှုတွေ ပြည့်နှက်နေရုံမက သူ့ကို စက်ဆုပ်ရွံရှာနေပုံရသည်။ ကျလုလုမျက်ရည်စက်ကို ထိန်းသိမ်းနေရင်း နှုတ်ခမ်းတစ်ဖက်ကို သွေးထွက်သွားမလား စိုးရိမ်စရာကောင်းလောက်အောင် ဖိကိုက်ထားသည်။

သူမမျက်ဝန်းထဲမှ အမုန်းတွေသည် ကျွန်တော်နဲ့ သူကြားက ပတ်ဝန်းကျင်လေထုထဲမှာ ဖုံးနှံ့စိမ့်ဝင်နေတယ်လို့ ထင်ချင်စရာ။

ကြည့်စမ်း…၊ သူတို့ တစ်ခုခု လွဲချော်နေကြပြီထင်ပါရဲ့။

သံသယက သူ့စိတ်ထဲကို ပထမဆုံးဝင်ရောက်လာသည်။ သူ့စိတ်က မဟုတ်ပါဘူးလို့ ငြင်းဆန်ချင်ပေမယ့် အားစေးထည့်ခံထားရသူတစ်ယောက်လို ဖြစ်နေခဲ့ရတာ အမှန်…။

"ရှင့်ကို ကျွန်မ အရမ်းမုန်းတယ်"

"ဖြန်း…"

သူ လည်ထွက်သွားမတတ်…။

"ဒါက ရှင့်ရဲ့အများအတွက်…"

"ဖြန်း…"



www.burmeseclassic.com

www.burmeseclassic.com



သူ့ပါးပြင်တွေ ပူထူရှံ့မက သူ ကြက်သေ,သေနေမိသည်။ သူ့ပုံစံက ကျောက်ရုပ်ပမာ··။

“ဒါက···”

“ကတ်···”

ကိုမောင်မောင်ရဲ့ ကတ်လို့အော်သံနဲ့အတူ လက်ခုပ်သံတွေ ကြားရသည်။ (ဒါဟာ သရုပ်ဆောင်နေတာလား၊ သရုပ်ဆောင်ခြင်း တစ်ခုလား၊ မဟုတ်သေးဘူး···)။

သူ ရပ်နေမြဲအတိုင်း ကိုဇော်က မှတ်တမ်းစာအုပ်ကိုင်ရင်း သူ့ဆီ လျှောက်လာ၏။

“ကိုမောင်မောင် ကျွန်မ သရုပ်ဆောင်တာ ဘာလိုသေးလဲ”

သူမရဲ့ ပုံမှန်အတိုင်း လေ့ကျင့်မှုအပေါ် ဘယ်သူမှရိပ်မိပုံမပေါ်။

“ဟာ··· မလိုဘူး မင်းသမီး၊ သိပ်ကောင်းတယ်ဗျာ၊ ဟော့··· စက်အဖွဲ့တွေ ခဏနားမယ်”

ကိုဇော် သူ့ပခုံးကိုဖက်ရင်း သစ်ပင်ကြီးအောက်က ခုံတန်းလျား ဆီသို့ ခြေလှမ်းရွှေ့စေသည်။

နှစ်ဦးသား အတူထိုင်ရင်း စကားမဆိုမိကြ။

နောက်တော့ ကိုဇော်က သက်ပြင်းချသံနဲ့ စတင်လှုပ်ရှားသည်။ သူ့ကိုယ်တိုင်တော့ အဖြစ်အပျက်တွေကို လိုက်မမီနိုင်အောင် အံ့သြ နေတုန်းပဲ··။ အတော်ကြာတော့ သူ့ဆီကမ်းပေးတဲ့ စီးကရက်တစ် လိပ် ရောက်လာသည်။

သူ စီးကရက်ကို နှုတ်ခမ်းမှာကိုက်ရင်း မီးခြစ်ခြစ်သံနဲ့အတူ





ကိုဇော်က မီးတောက်နေတဲ့မီးခြစ်ကို သူ့စီးကရက်ရှေ့ကို လာထိုး ပေး၏။ သူ အလိုက်သင့် မီးကူးယူရင်း စီးကရက်ကို ခပ်ပြင်းပြင်း တစ်ချက်ရှိုက်ယူရင်းက သူ့ရင်ထဲကအရာတွေကို မီးခိုးသက်ပြင်းငွေ့ နှင့်အတူ ရောလွှတ်ကြည့်သည်။

ရင်ထဲကဗလုံတွေ အဲဒီမီးခိုးငွေ့နဲ့အတူ ပါသွားခဲ့ရင် သိပ် ကောင်းမှာနော်···။

ကိုဇော်က နေရာပြောင်းနေတဲ့ စက်အဖွဲ့သားတွေကို ငေးနေ ရင်းက···

“အခု ဖြစ်ခဲ့ရသမျှဟာ သရုပ်ဆောင်နေတယ်လို့ မင်း ထင်နေ တာလား မိုးပြာ”

သူ ခေါင်းယမ်းပြမိသည်။

“ဟုတ်တယ် မိုးပြာ··၊ သူလုပ်ခဲ့သမျှဟာ သရုပ်ဆောင်နေ တာ မဟုတ်ဘူးကွ··၊ သရုပ်ဆောင်မှုကို အကာအကွယ်ယူပြီး မင်းအပေါ် အမုန်းနဲ့အငြိုးကို သွေးအေးအေးနဲ့ တုံ့ပြန်လိုက်တာ”

“ကျွန်တော် သူ့မျက်လုံးတွေ မြင်ကတည်းက ရိပ်မိပါတယ် အစ်ကို၊ ဒါ··· ဒါတွေဟာ ဘာကြောင့်လဲ··၊ ကျွန်တော် သိချင်တာ က သူ ကျွန်တော့်အပေါ် ဘာကြောင့် မုန်းနေတာလဲဆိုတာကို···”

ငိုက်ကျလာတဲ့ မေးဖျားအထိ ဆံပင်ကို သိမ်းမဖယ်မိ။

ကိုဇော်က သူ့ဘယ်ဘက် ဆံပင်ခပ်အုပ်အုပ်ကို စိုက်ကြည့်နေ သည်။ ပြီးတော့ ခပ်အေးအေးလေး ဆက်ပြောသည်။

“မင်းက မိုးပြာ ဖြစ်နေလို့ပေါ့ ညီလေးရာ···”



www.burmeseclassic.com

www.burmeseclassic.com



"မျှာ!..."

ပထမတော့ သူ သဘောမပေါက်မိ..။

နောက်တော့မှ သူ ကိုဇော်ကို ဆက်ခနဲ လှည့်ကြည့်သည်။ ကြောင်အမ်းအမ်းနှင့် အလောတကြီးနိုင်စွာ...

"သူ့အငြိုးတွေ မပြေသေးဘူး မိုးပြာ"

ကိုဇော်က သူ့ဘယ်ဘက်ပါးပြင်ကို ဆံပင် ခပ်အုပ်အုပ်နှင့် ကွယ်ထားပေမယ့် အရုပ်ဆိုး အကျည်းတန်စွာ ရှိနေတဲ့ ကန့်လန့်ဖြတ် ဒဏ်ရာကြီးကို မှန်းဆ ငေးမောရင်း...

"မင်းပါးပြင်မှာ ဒဏ်ရာဖြစ်ခဲ့တဲ့ ကားတိုက်မှုမှာ ကားပေါ်ပါလာတဲ့မိန်းကလေးက နွေဦးနိုင်ဆိုတာ မင်း မမေ့နဲ့ မိုးပြာ"

သူ့ ခုနက အငြိုးကြီးလှသော မျက်ဝန်းတွေကို ပြန်မြင်ယောင်လာမိသည်။





အခြဖြစ်အမျက်ကတော့ ဒါပါပဲဗျာ..၊

ဒီပြဿနာဖြစ်ပြီးကတည်းက ကျွန်တော်ပါတဲ့ကားဆို သူငြင်းတာများတယ်၊ မလွှဲသာမရှောင်သာလို့ ဆုံကြရရင်လည်း သူက ခင်းသမီး၊ ကျွန်တော်က လူကြမ်းမလေ..၊

ခုနလိုမုံ့စိမျိုး ခဏခဏ လုပ်ပြတတ်တယ်။ ဟိုတလောက ကိုမောင်ကတောင် တစ်ခါ ပြောဖူးတယ်။ "မင်းကို သူမုန်းတဲ့အမုန်းမျိုးကို ငါ တစ်ခါမှ မတွေ့ဖူးဘူး" တဲ့။

အခုနောက်ပိုင်းမှာ အစတုန်းကလောက် အငြိုးမပြင်းထန်ပေမယ့် အမုန်းက မလျော့သေးပါဘူး။ ကော်ဖီခွက်ခွေလေးကို ထုတ်ယူပြီး ဘူးထဲ ပြန်ထည့်နေတဲ့ မိဇော်က...

"မိုးဖြူလေး ရှိနေတာကို၊ မနိုင်က မိုးဖြူကိုတော့ သူ သံယောဇဉ် တော်တော်ကြီးတယ် ကိုကို"

ကိုဇော်ကလည်း...

"ဟုတ်တယ်ကွ...၊ သူ ဒီကလေးကို တော်တော် သံယောဇဉ်ကြီးတာနော်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မနိုင်နဲ့ ဟိုတလောက တွဲပြီးရိုက်ခဲ့တဲ့ ကားတစ်ကား ရှိတယ်၊ ရိုက်ကွင်း ခဏနားတော့ မနိုင်နဲ့ ဟိုအကြောင်း သည် အကြောင်း စကားလက်ဆုံကျရင်း မိုးဖြူလေးအကြောင်းရောက်သွား ရော မနိုင်က ဒီကလေးကို အပြီးအပိုင် မွေးစားချင်နေတာ မိုးပြာ"

"ဟင့်အင်း… ကျွန်တော် မပေးနိုင်ဘူး စောနန္ဒာ၊ ဒီကလေး က ကျွန်တော့်ရင်ငွေ့၊ ကျွန်တော့်အသက်ပဲ၊ သူ ကျွန်တော့်ကို ဘယ်လောက်ပဲ မုန်းနိုင်ပါစေ၊ ကျွန်တော် အပြုံးမပျက်ပါဘူး၊ ဒါပေမယ့် မိုးဖြူလေးကို ကျွန်တော့်ရင်ခွင်ထဲက ခွဲမထုတ်ပါနဲ့လို့ တောင်းပန်ချင်တယ်ဗျာ"

"ဆရာသစ် မင်းကိုပြောလား မိုးပြာ…"

ကိုနေ စကားကြောင့် သူက…

"ဘာကိုလဲ ကိုနေ…"

"မင်းအကြောင်းကို ရိုက်ဖို့လေ"

ကျွန်တော် ဘာမျှပြန်ပြောမိဘဲ အအေးဘူးကိုသာ လှည့်ပြီး ကစားနေမိသည်။ ကိုနေက သူ့ကို ကြည့်နေမြဲပါ။ ပြီးတော့…

"ငါရယ်၊ ဆရာသစ်ရယ်၊ ဦးငြိမ်းရယ် စကားပြောဖြစ်ကြ တယ်၊ ပထမတစ်ခေါက် အင်တာဗျူးကတည်းက ငါ တော်တော် စိတ်ဝင်စားသွားတာ၊ ဆရာသစ်က ဒီကားကို သူရိုက်ဖို့ နဂို ကတည်းက ဦးငြိမ်းနဲ့တိုင်ပင်ပြီး ဒီအင်တာဗျူးကို တမင် ဖန်တီးခဲ့ တာတဲ့…၊ အဲဒီမှာတင် ငါက ထုတ်လုပ်သူအဖြစ်နဲ့ရော မင်းနေရာက ငါ သရုပ်ဆောင်ချင်တဲ့အကြောင်း အရမ်း စိတ်အားထက်သန်နေပါ





တယ် ပြောတော့ ဆရာသစ်က မောင်နေဆိုရင် မိုးပြာနဲ့ တော်တော် ရင်းနှီးနေတာ ဖြစ်နိုင်ဖို့ များတယ်တဲ့၊ မိုးပြာရဲ့စိတ်ကို သိအောင် တော့ အရင်လုပ်စေချင်တယ်လို့ မှာတယ်၊ ငါလဲ မိုးပြာနဲ့ တစ်ထပ် တည်းမဖြစ်တာတောင် အကောင်းဆုံးဖြစ်အောင် လုပ်ပါ့မယ်လို့ ကတိပြုထားတယ်…၊

မင်းဝတ္ထုအတွက်ရော ဇာတ်ညွှန်းအတွက်ပါ လက်ရှိပေါက် ဈေးအတိုင်း ငါ ပေးပါ့မယ်"

"ကျွန်တော် မယူချင်ဘူး ကိုနေ၊ ဒီထက်ဆိုးတာက ကျွန်တော့် အကြောင်းကို ကျွန်တော်ရေးဖို့ ခက်နေတာ အမှန်ပဲ"

ကိုဇော်က သူ့ပခုံးကို ပုတ်ရင်း…

"သြော်… ငါ့ညီရယ်၊ မိဇော်ရဲ့အခန်းဆက် အင်တာဗျူးနဲ့တင် မင်း လုံလောက်နေပြီ၊ လိုအပ်တာ နည်းနည်းပါးပါးလောက် ဖြည့် ရှက်လိုက်ပေါ့ကွာ"

"ဟုတ်တယ် ကိုကို၊ မိဇော်လဲ အကောင်းဆုံးဖြစ်အောင် ပိုင်းပြီး ကူညီပေးမှာပေါ့"

ကိုနေက…

"နာမည်ကြီးစာရေးဆရာ ဆရာငြိမ်းမင်း ပြောဖူးပါတယ် မိုးပြာ၊ (…………………)"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် မိုးမှောင်..၊ ဒီကိုလာ..."

၃၆ လမ်းထဲ လျှောက်လာရင်း ခေါ်သံကြောင့် ခေါ်သံရှိရာကို ကြည့်မိတော့ လမ်းဘေးလက်ဖက်ရည်ဆိုင် စားပွဲတစ်လုံးမှာ အခန့်သားထိုင်နေတဲ့ ကိုကုသိုလ်က ကိုဟိန်းစိုးတို့နဲ့ထိုင်နေရင်း လှမ်းခေါ်တာ ဖြစ်သည်။ ကိုဟိန်းစိုးက သူ့ ထိုင်,ထိုင်ချင်းပဲ...

"ငါ သတင်းတွေ ကြားတယ်နော် ကောင်လေး"

ကိုကုသိုလ်ကလည်း...

"ဆရာသစ် ငနေနဲ့ ချမှာဆို..၊ ဟော့ကောင် မင်းသမီးက နိုင်နိုင်တဲ့၊ ဘယ်လိုဖြစ်တာလဲ ဟိုဟာမလေးကရော လက်ခံရဲ့လား"

"မြင့်သိန်းရယ်... ဆရာသစ်လေ..၊ ဒယ်ဒီသစ် ခေါ်တယ်ဆိုရင် နိုင်နိုင် မရိုက်ဘူးလို့ ငြင်းရဲလို့လား"

ကိုကုသိုလ်က ခေါင်းညိတ်ရင်း...

"ဟုတ်တော့ ဟုတ်ပါတယ်၊ သူ့အဖေ ရှိသေးတယ်၊ နိုင်နိုင်က ပြောလို့ရသေးတယ်၊ သူ့အဖေက ဒီကောင့်ကို နိုင်နိုင့်ထက်တောင် ပိုဆိုးပြနေတယ်"





"အေးလေ... ပြီးခဲ့တာတွေ ပြီးကြပြီပဲ၊ ဘယ်သူမှ ဒီလိုဖြစ်ကြရမယ် မထင်တာ၊ ဖြစ်ချိန်တန်လို့ ဖြစ်ကြတာပဲဟာ၊ အဲဒါကြီးကို ခက်တွယ် အမုန်းမပြေနိုင်ရင် ရူးနေလို့ပဲ ဖြစ်မယ်"

"အဲမယ်... ကိုဟိန်းစိုး ခင်ဗျားလေသံက တရားသဘောတွေ ပါလာပါလား"

ကိုကုသိုလ်ရဲ့ ပြန်ပြောတဲ့စကားကြောင့် သူ ရယ်မိပါသည်။

"မိုးပြာ ပြီးရင် လမ်းထိပ်ထွက်ခဲ့..၊ ကိုဇော်ကြီးတို့ ခေါ်နေတယ်၊ ကိုသီဟ မင်းကိုမှာလိုက်တာ ပြောမလို့တဲ့"

ဘေးကဖြတ်သွားတဲ့ ပျံလွှားရဲ့စကားကြောင့်...

"အေး... အေး... ခဏနေရင် လိုက်ခဲ့မယ်"

"ဟော့ကောင်... လက်ဖက်ရည်တိုက်နော်"

"အေးပါကွာ"

ကိုကုသိုလ်တို့ကိုလည်း ပျံလွှားက နှုတ်ဆက်သည်။ ပျံလွှား ထွက်သွားမှ...

"ကိုဟိန်းစိုး ဘာကားတွေ ရိုက်နေတာလဲဗျ"

"ဒီကြားထဲမှာ ပါပါကြီးကားတစ်ကား ဝိုင်းကူပေးနေရတယ် လတ်တလောတော့ ဘာကားရိုက်ရင် ကောင်းမလဲ စဉ်းစားနေတယ်"

ကျွန်တော်က ရယ်ချင်ဟန်နဲ့...

"ဆရာချစ်ရဲ့ ဥပေက္ခာဒေဝီတို့၊ နှင်းကေသရာချစ်တဲ့ သူရဲကောင်းတို့ ရိုက်ပါလား"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"မသာလေး..."

တဟားဟား ရယ်မိကြသည်။ ကိုဟိန်းစိုးက...

"အဲဒီဝတ္ထုတွေသာ ငွေကြေးအင်အား၊ ဆက်တင်အခမ်းအနား ကောင်းကောင်းနဲ့သာ ရိုက်လိုက်လို့ကတော့ မဲလ်ဂစ်ဗ်ဆင်ရဲ့ Breat Heart တို့ထက်တောင် နာမည်ကျော်သွားမှာ ငါ ကျိန်းသေလောင်း ရဲတယ် မိုးပြာ"

ကိုကုသိုလ်က...

"ဟုတ်ပါ့ကွာ၊ အရည်အသွေးကောင်းဖို့အတွက် အဓိက စက်ပစ္စည်းကိရိယာနဲ့ ဆက်တင်အခမ်းအနားလဲ အရေးကြီးတယ်ကွ၊ ရိုက်ကူးရေးဆို ဝိုင်းလုနေတဲ့ ဟိုမှာ မသုံးတော့တဲ့ စက်အိုကြီးတွေကိုပဲ ငါတို့ သုံးနေရတယ်။ ဘယ်မှာလဲ ဆက်တင်အခမ်းအနား၊ ဟိုမှာ လေမုန်တိုင်းမိတဲ့အခန်းတွေ၊ မြို့ပျက်တိုက်ပွဲတွေ ဆက်တင်အကြီးကြီးတွေ စတူဒီယိုထဲမှာဆောက်ပြီး အကြီးအကျယ် ရိုက်ကူးကြတာ ဟို အရင်ခေတ်က အေဝမ်းခြံတို့၊ ဦးသာမုခြံမှာတောင် ဆက်တင်အတွက် သီးသန့်ဆောက်ထားတဲ့ စတူဒီယိုတွေ ရှိခဲ့သေးတယ်"

ကိုဟိန်းစိုးက...

"သိပ်အကုန်အကျမများဘဲနဲ့ ဟိုမှာ နာမည်ကြီးတဲ့ကားတွေ ရှိပါတယ်ကွာ၊ အီးအယ်လ်မာချီဟာတို့၊ ပြီးတော့ ဆားဗီးယား အဲဒီကားဆို မေတ္တာသက်သက်ပဲ"

ကိုဟိန်းစိုး ပြောစကားကို သူ သဘောကျမိသည်။ သူက ကိုဟိန်းစိုး စကားဆုံးတော့...





"တော်တော်တော့ ကြာပါပြီ၊ ကျွန်တော် သိပ်ကြိုက်ခဲ့တဲ့ ကားနှစ်ကား ရှိတယ်"

"ဘာကားတွေလဲ"

ကိုကုသိုလ်အမေးကို ကျွန်တော်က...

"မြန်မာကားတွေပါ အစ်ကို..၊ တစ်ကားက စက်မှုကျောင်းသားတွေချည်းပဲ ရိုက်တာ၊ သိပ်မအောင်မြင်လိုက်ဘူး၊ အဲဒီကားက ကျွန်တော် အကြိုက်ဆုံးကားပဲ၊ 'စတုတ္ထမြို့ပြကျောင်းသူ' ဆိုတာလေ၊ အဲဒီကား ကိုမိုး(ကိုလွင်မိုး)က ဇာတ်ကြောင်းပြောသူအနေနဲ့ သရုပ်ဆောင်တာ၊ ကိုမိုးတောင် နာမည် သိပ်မကြီးသေးဘူး၊ မင်းသမီးက မမေသဉ္ဇာဦးရယ်၊ ကိုရိုင်း ပါတယ်ဗျာ"

ကိုဟိန်းစိုးက...

"ဟုတ်တယ်၊ အဲဒီကား ငါကြည့်လိုက်ရတယ်၊ သိပ်ကောင်းကွာ၊ သီချင်းမပါဘူး၊ ကဗျာရွတ်သံတွေ ပလေးဘက်ပုံစံ ဖန်တီးထားတာ၊ ကျောင်းကော်ရစ်တာမှာ မောင်မိုးနဲ့ မေသဉ္ဇာဦး လမ်းလျှောက်စကားပြောရင်း နောက်ဘက်ဂရောင်းမှာ ကျောင်းသားတွေရဲ့ အမှုမဲ့အမှတ်မဲ့ လှုပ်ရှားသရုပ်ဆောင်မှုတွေ...၊

မေသဉ္ဇာဦးရဲ့အလောင်းကို လှည်းဆွဲတူနဲ့ မောင်မိုး နှစ်ယောက်တည်း အသုဘချတော့ ပြတဲ့ရိုက်ချက် တော်တော်ကောင်းတာကွ၊ နေပါဦး... မျက်နှာဖုံး ကာဘာဒီဇိုင်းက သော်ကိုကိုကျော် ဖြစ်မယ်ထင်တယ်"

ကျွန်တော် ခေါင်းညိတ်ပြလိုက်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ဒါရိုက်တာလဲ သူတို့အုပ်စုဖြစ်မယ် ကိုဟိန်းစိုး"

ကိုကုသိုလ်က…

"အေးဗျာ… ရှာကြည့်လို့ရရင် ကျွန်တော့်ကို ငှားပေးစမ်းပါဗျ"

ကိုဟိန်းစိုးက…

"ပြန်ရိုက်ရင်တောင် အဲလောက်ကောင်းမှာ မဟုတ်ဘူး၊ လုပ်ပါဦး နောက်တစ်ကား…"

ကျွန်တော်က…

"ကိုကျော်သူ ဒုတိယမြောက်ရိုက်တဲ့ ကားကြီးလေ..၊ ဆရာမောင်သိန်းဆိုင်ရဲ့ဝတ္ထု ဒဏ္ဍာရီထဲက သတို့သမီး၊ ကျွန်တော် အဲဒီကားကို ကင်မရာရိုက်ချက်တွေရော..၊ သရုပ်ဆောင်မှုအပိုင်းတွေပါ သိပ်အားရတာ…"

"ဟုတ်ကဲ့"

ကျွန်တော့်စကားကို သူတို့ လက်ခံသည်။ ပြီးတော့ ကိုကုသိုလ်က အခုမှ သတိရသွားဟန် တူသည်။

"ကဲ… ကိုယ်တော် စကားကောင်းနေလိုက်တာ ဘယ်မှာလဲ ခေတ်ညွှန်း…"

သူ့ ရယ်ရင်း…

"ပါ;ပါတယ်ဗျာ…"

ကျွန်တော်က သေးမှာချထားတဲ့အိတ်ကို ဆွဲဖွင့်လိုက်သည်။ ပြီးတော့ လက်နှိုက်ကာ စာအုပ်ကိုယူတော့ အိတ်ထဲက စာအုပ်နဲ့





အတူ အိတ်အမည်းလေးတစ်ခုပါ ကပ်ပါလာသည်။

ကျွန်တော်က စာအုပ်ကို ကိုကုသိုလ်ထံ လှမ်းပေးတော့ အိတ်အမည်းလေးကို မေးဆတ်ရင်း စပ်စုနေသေးသည်။

"ဘာတွေလဲကွ"

ကျွန်တော်က အရေးမကြီးဟန်နဲ့…

"ကတ်ပြားတွေပါ အစ်ကို…"

"ပြစမ်းပါဦး…"

ကိုဟိန်းစိုးကလည်း စိတ်ဝင်စားပုံနဲ့ ပြောတော့ ကျွန်တော်က ပလတ်စတစ်အိတ်အမည်းလေးကို လှမ်းပေးသည်။ ကိုဟိန်းစိုးက လှမ်းယူရင်း အထဲက ကတ်ပြားတွေကို ဆွဲယူကြည့်ကာ…

"ဟာ!… မနည်းပါလား"

ကိုကုသိုလ်ကလည်း ကတ်ပြားတချို့ကိုယူကာ…

"မင်းပုံက… မျက်နှာအစိတ်အပိုင်းတွေပဲ…"

ကိုဟိန်းစိုးက ကတ်ပြားတွေကို စိတ်ဝင်တစား တစ်ခုချင်းစီ ထုတ်ကြည့်နေသည်။

"ဒီကတ်ပြားတွေက ရည်ရွယ်ချက်တစ်ခုခု ရှိပုံရမယ် မိုးပြာ"

သူက ပုလင်းထဲမှ စီးကရက်တစ်လိပ်ကိုထုတ်ယူကာ နှုတ်ခမ်းမှာ တေ့သည်။ မီးမညှိမိသေး…

"ပျောက်ဆုံးနေတဲ့ ကျွန်တော့်ရဲ့ ကမ္ဘာသစ်တစ်ခုကို လိုက်ရှာနေတာ အစ်ကို"

နှစ်ယောက်စလုံး သဘောမပေါက်ကြ…။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကမ္ဘာပေါ်မှာ ကျွန်တော် ငယ်ငယ်ကတည်းက မက်ခဲ့တဲ့ အိပ်မက်တွေ ရှိတယ်၊ ပြည့်စုံငြိမ်းအေးရာ ဆန္ဒတွေ ရှိတယ်..၊ ဒါပေမယ့် အခုထိ အဲဒီကမ္ဘာ ပျောက်ဆုံးနေတာ ကြာလှပါပြီ"

ဘာတွေပြောနေမှန်း မသိဘူးလို့ သူတို့ တွေးမိမှာပဲ ထင်ပါရဲ့..။ ကျွန်တော် ကတ်ပြားတွေကို ပြန်ထုပ်ပိုး သိမ်းဆည်းပေးပြီး ကျောပိုးအိတ်ထဲ ထည့်ရန်အလုပ်မှာ...

"ဒုန်း"

သူ ခွေးခြေပုလေးမှာ ထိုင်နေရာက တစ်ခုခုနဲ့ ဆောင့်မိပြီး ကတ္တရာပေါ် အရှိန်နဲ့ ပြုတ်ကျသွားသည်။

"ဟာ!... တိုက်ပြီ..."

"ဘယ်လိုလဲကွ..၊ လက်ဖက်ရည်ဆိုင်ထဲမှာ ထိုင်နေတာတောင် ကားကဝင်တိုက်ရတယ်လို့ကွာ၊ တော်တော်မိုက်ရိုင်းတာပဲ"

ကိုဟိန်းစိုးနဲ့ ကိုကုသိုလ်တို့ တွဲထူရင်းပြောတော့ သူ နာကျင်နေတဲ့ကြားက အားယူ ထ,ရသည်။ ဘေးမှာရှိတဲ့ ရိုက်ကွင်းသွားမယ့်အုပ်စုလည်း သူ့ဆီ ပြေးလာသည်။ ကိုအောင်နိုင်ကလည်း ဘယ်ကနေဘယ်လို ရောက်သည်မသိ..။

"မိုးပြာ မင်း ဘာဖြစ်သွားလဲ"

သူ လက်ကာ,ကာ တားရင်း...

"ဘာမှမဖြစ်ဘူး၊ ရတယ်... နည်းနည်း ပွန်းတာလောက်ပဲ"

ချောကလက်ရောင် ပြောင်လက်နေတဲ့ ကားရှေ့ခန်းက ဆင်းလာတဲ့လူကိုမြင်တော့ ကိုကုသိုလ်က ခပ်တိုးတိုးပြောတယ်။





"ဟာ... မြွေခြောက်ပဲ မိုးပြာ၊ နိုင်နိုင်အဖေကွ"

ကိုဟိန်းစိုးကလည်း ထိုလူကို လှမ်းပြောပါတယ်။

"ဘယ်သူများလဲလို့ ကိုရဲထွဋ်ပါလား"

ဥပမိရုပ်ကောင်းကောင်း တင်းမာမာမျက်နှာနဲ့ လူကြီးက ပြန့်ကြဲနေသော စက္ကူကတ်ထူပြားတွေပေါ် နင်းလာရင်း...

"ဆောရီးဗျာ.. ကားနေရာ လွတ်မလားလို့ နောက်ဆုတ်ရင်း တိုက်မိတာ၊ ဘာမှမဖြစ်နိုင်ပါဘူး၊ ကျုပ် သွားဦးမယ်"

ထွက်ခွာရန် ပြန်ပြင်ဆင်နေသော ထိုလူကြီးရဲ့လုပ်ရပ်ကြောင့် ကိုဟိန်းစိုးက တော်တော် ဒေါသထွက်သွားပုံ ရတယ်။

"ခဏနေပါဦး ကိုရဲထွဋ်..."

ကိုဟိန်းစိုးအသံကြောင့် ဦးရဲထွဋ်က ထွက်ခွာဟန်ပြင်ပြီးမှ ရပ်လိုက်သည်။ ပြီးတော့ သူတို့ဘက်ပြန်လှည့်ကာ...

"ဘာကိစ္စလဲ ကိုဟိန်းစိုး"

ကိုဟိန်းစိုးကတော့ ခပ်အေးအေးပါ။

"ကိုရဲထွဋ်လဲ လူကြီးလူကောင်းတစ်ယောက်ဆိုတာ ကျွန်တော် ယုံကြည်တာ၊ အဲဒီ ယုံကြည်စိတ်ကိုတော့ ကိုရဲထွဋ်ကိုယ်တိုင် ပြန်ဖျက်ဆီးလိုက်ပုံမျိုးတော့ မဖြစ်စေချင်ဘူးလေ"

"ကိုဟိန်းစိုး ဘာကို ပြောချင်တာလဲ"

သူ့ကို ရည်ရွယ် မေးငေါ့ရင်း...

"ကိုရဲထွဋ်ကား မလာခင်ကတည်းက ကျွန်တော်တို့ ဒီနေရာမှာ ထိုင်နေတာပါ၊ မိုးပြာက ရပ်နေတဲ့သူ၊ ရွှေလျားနေတာက



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကိုရဲထွဋ်၊ တိုက်မိတော့ ဘယ်သူဘယ်သူကို တောင်းပန်သင့်တယ် ဆိုတာ ကျွန်တော် ထပ်မရှင်းပြချင်တော့ဘူး''

ကိုအောင်နိုင်ကလည်း . . .

''အဲဒါ မှန်တယ်''

ဦးရဲထွဋ်က တစ်ယောက်ချင်းစီကို အကဲခတ် လေ့လာနေပုံ ရ သည်။ နောက်ဆုံး သူ့ဆီရောက်တော့ အကြည့်ကို မလွှဲမဖယ်ဘဲ ရင်ထဲ ပေါက်ထွက်မတတ် အကြည့်စိမ်းစိမ်းနဲ့ အချိန်အကြာကြီး ငေးကြည့်နေမိသည်။

လူအုပ်ကလည်း သူတို့နှစ်ယောက်ကို အကဲခတ်နေဟန် ရှိ သည်။ သူ သက်ပြင်းချရင်း ခေါင်းငုံ့မိသည်။

ဦးရဲထွဋ်သည် ပြန့်ကြဲနေသော စက္ကူပြားတွေကြားမှ ကတ် ပြားအစွန်းအဖျားတစ်ခုကို နင်းထားပါသည်။

နင်းထားတဲ့ မျက်ဝန်းတစ်စုံနှင့် မျက်ခုံးထူထူ၊ သူ အဲဒီပုံရိပ်ကို ကြည့်ပြီး ဦးရဲထွဋ်ကို ခပ်ဖြည်းဖြည်း မော့ကြည့်သည်။

ဦးရဲထွဋ်ကို သူ ပြန်ကြည့်မိတဲ့အခါ . . .

''ငါ တောင်းပန်ပါတယ် ချာတိတ်''

အေးစက်စက် စကားဆိုပြီး ချက်ချင်း ပြန်လှည့်ထွက်သွားပါ တယ်။ သူ မြေပြင်ကိုသာ ငေးနေမိသည်။

ကတ်ပြားလေးတစ်ခုကို အသာ ကောက်ယူကြည့်မိသည်။





**ကျောင်း**ရှေ့ တံခါးဝ မှာရပ်ရင်း သူ သမီးကို ရပ်စောင့် နေမိ၏။

''ဦးလေးက လူကြမ်းကြီးဆို . . .''

ဂျစ်တင်တစ်ပုံစံ အဖြူနဲ့အစိမ်းဝတ်ထားတဲ့ ကလေးတစ် ယောက်က သူ့ကို မေးတာကြောင့် သူ ရယ်ချင်သွားသည်။

''ဟုတ်တာပေါ့ သား၊ . . ၊ သားက ဘာလုပ်မလို့တုန်း''

ကောင်လေးက သူ့ကို မော့ကြည့်ပြီး . . .

''အဲဒါဆို ဦးလေးနဲ့ သားနဲ့ ချဲမလား၊ သားက ညတိုင်း တရုတ်သိုင်းကား ကြည့်ထားတာ၊ ဒီမှာကြည့် . . ၊ ဂျက်လီအကွက် ယိမ် . . .''

ကလေးက ပြောလည်းပြော ခြေနှစ်ဖက်ကိုခွဲရင်း တရုတ်ကား ထဲက သိုင်းကွက်ပြသလို လုပ်ပြတာကြောင့် သူ ရယ်မိသည်။

ကလေးမိခင်က နောက်မှ ရောက်လာပြီး . . .

''ဩော် . . . သားက ကိုမိုးပြာနဲ့ စကားပြောနေတာကိုး၊ ဘယ့် နှယ်လဲ သမီးကို လာကြိုတာလား''

www.burmeseclassic.com



"ဟုတ်တယ် အစ်မ"

သူ့အဖြေကြောင့် အမျိုးသမီးက...

"ခုနှ မင်းသမီး မနွေဦးနိုင် လာကြိုတာ တွေ့လိုက်တယ်"

"ဟုတ်လား..."

"ဟုတ်တယ်..၊ ဟိုရှေ့နားက ဆိုင်ထဲ ဝင်သွားကြတယ်"

လက်ညှိုးညွှန်ပြတဲ့ မလှမ်းမကမ်းက ဆိုင်ကို လှည့်ကြည့်ပြီး...

"စားသောက်ဆိုင်ကို ပြောတာလား အစ်မ"

အမျိုးသမီးက ခေါင်းညိတ်ပြသည်။

သူ ခပ်လှမ်းလှမ်းက စားသောက်ဆိုင်လေးရှိရာသို့ လျှောက်လာခဲ့သည်။ သူမရဲ့ကားကို သတိထားမိပြီး ဆိုင်ထဲ ဝင်လာမိသည်။

မနိုင်နဲ့ သမီးက ရယ်မောစကားပြောဆိုရင်း စားသောက်နေကြပါသည်။ သူ ခပ်လှမ်းလှမ်းကဝိုင်းမှာ ထိုင်တော့ စားပွဲထိုးလေးက...

"အစ်ကို ဘာသောက်မလဲ..၊ ပြော်..."

သူ့ကို သေချာ ငုံ့ပြောတော့မှ ကောင်လေးက မှတ်မိသွားဟန် ရယ်ပြသည်။

"အအေးတစ်ခုခုပဲ ယူခဲ့ကွာ"

"ဟုတ်ကဲ့"

သူ လာချပေးတဲ့ အအေးပုလင်းကို ငုံ့သောက်နေစဉ်..

သမီးက သူ့ကို မြင်သွားသည်။

"ဟော... ဖေဖေ"





သမီးက သူ့ဆီ ပြေးလာပါသည်။

"ဖေဖေ ရောက်နေတာ ကြာပြီလား"

ချစ်စဖွယ်ဟန်လေးနဲ့ သမီးရဲ့အမေးကို သူ ချစ်ခင်နှစ်လိုစွာဖြင့်...

"အားပေါ့ သမီးရယ်"

သမီးက ပါးမို့မို့လေးတွေ မြင့်တက်သွားအောင် ရယ်ရင်း...

"သမီးက မာမီနိုင်နဲ့ စကားပြော ကောင်းနေလို့ပါ ဖေဖေရဲ့"

သူ အရွယ်နဲ့မလိုက်အောင် စကားပြောတတ်တဲ့ သမီးကို သူက အံ့အားသင့်ရင်း...

"ဘယ်က မာမီနိုင်လဲ သမီး"

သမီးက မနိုင်ထံ လက်ညှိုးညွှန်ရင်း...

"အန်တီနိုင်ကို ပြောတာလေ..."

"ဟင်!... သမီးကို သူက အဲလို ခေါ်ခိုင်းလို့လား"

"ဟင့်အင်း"

"ဒါဖြင့် ဘယ်သူ ခေါ်ခိုင်းတာလဲ"

သမီးက နားထင်ကို လက်ညှိုးလေးနှင့်ထောက်ရင်း စဉ်းစားဟန်နှင့်...

"ဘဘဇော်... ဘဘဇော်က ပြောတယ်၊ သမီးတဲ့.. သမီးရဲ့ အန်တီနိုင်နဲ့ အန်တီဇော်ကိုတွေ့ရင် မာမီနိုင်နဲ့ မာမီဇော်လို့ ခေါ်ရမယ်တဲ့"

ဒီလူကြီးကတော့ လုပ်ပြန်ပြီလို့ တွေးမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးက ပြန်မမေးဘူးလား"

"မေးတာပေါ့ မေမေရဲ့..၊ အဲမှာတင် ဘဘဇော်က အဲဒီနှစ်ယောက်က တစ်ချိန်ကျရင် သမီးရဲ့အမေ တစ်ယောက်ယောက် ဖြစ်မှာတဲ့၊ ဟုတ်လား မေမေ"

သမီးအမေးကို ပြန်မဖြေအားဘဲ...

"သမီး အဲလိုခေါ်တော့ သမီးအန်တီနိုင်က ဘာပြန်ပြောလဲ"

"ဟင့်အင်း... ရယ်နေတာပဲ၊ သမီးက ခေါ်လို့ရမလားမေးတော့ မာမီနိုင်က သမီးကြိုက်ရင် ခေါ်ပေါ့တဲ့"

သူ ခေါင်းခါယမ်းမိသည်။ ခဏနေတော့ မနိုင် သူ့ရှေ့ ရောက်လာသည်။ ညနေခင်းအလင်းအောက်မှာ သူမရဲ့လှပခြင်းက သတင်းကြီးဆို ကြီးသင့်ပါသည်။ အရာခပ်သိမ်း ဒူးထောက်ဦးညွှတ်သင့်သူများအတွက် သူမရဲ့လှပခြင်းက တန်ဖိုးကြီးမားမှာပါ။

ခပ်စိမ်းစိမ်းမျက်ဝန်းတို့သည် သူမရဲ့အင်အား။

"တို့ သမီးကို အိမ်မှာ ခေါ်သိပ်မလို့၊ မနက်ဖြန်ဆို သမီးလဲ ကျောင်းပိတ်နေတာပဲ၊ တနင်္ဂနွေညနေဆို လာပို့ပေးမယ်"

စကားသံ ပြတ်တောက်တောက်သည်။ အကြင်နာမဲ့တဲ့ ဥပေက္ခာတေးသွားတစ်စ...။ သူ သက်ပြင်းချရတော့မှာပေါ့။

"ပျား ရိုက်ကွင်းသွားရင် သမီးက..."

သူမက သူ့ကို ဆတ်ခနဲ လှည့်ကြည့်ရင်း...

"တို့ ခေါ်သွားမယ်လေ"

"လူပြောစရာများ ဖြစ်နေမလား"





သူမက မျက်ခုံး အတွန့်ချိုးပြီး...

"ဘာအတွက်လဲ..."

သူက...

"ခင်ဗျားအတွက် ပြောတာပါ၊ ခင်ဗျားရဲ့ဂုဏ်သိက္ခာ ကျွန်တော့်သမီးကြောင့် ထိနိုက်မှာ စိုးလို့ပါ"

"မဆိုင်ပါဘူး"

"ဒါဆိုလဲ ခေါ်သွားလေ"

သူ့အပြောကြောင့် သူမက ခေါင်းညိတ်သည်။ သမီးက...

"ဖေကြီး သွားမယ်၊ တာ့တာ..."

သူ ထိုင်ခုံမှာပဲ ခေါင်းငိုက်စိုက် ကျန်ရစ်ခဲ့သည်။

အသွားထက်မြပြီး အဆိပ်ပြင်းတဲ့ မိန်းမတစ်ယောက်ဟာ ရင်ခုန်သံတွေ ပြင်းထန်အောင် စွမ်းဆောင်နိုင်ကာလည်း အမှန်။



www.burmeseclassic.com

www.burmeseclassic.com



ကဗျာ...

ရင်အုံမှာ ရင်ငွေ့ရှိုနေတောင်း
သက်ပြင်းပေါင်းက နှင်းမြှမ်တဲ့အခါ
သင်ပေးတဲ့ စာဆိုပ်
နှင်းရိပ်ပြုနဲ့ ဆေးကြောချင်တယ်...။





## အခန်း [၉]

## "ကိုယ့်ရင်ခွင်ထဲက တိမ်တိုက်"

မွေးဖွားလာကတည်းက အပူဆုံးလရဲ့ နေမင်းနဲ့ အချင်းဆေးခဲ့တယ်ဆိုရင် မှားမလား..။ ကံကြမ္မာရဲ့ တရားမမျှတမှုအောက်မှာ သောကကို ငရဲကကျွေးတဲ့ ဆေးကို စားသုံးရင်း ငါ့ကို လူတွေ ဘယ်လောက်များ မုန်းနေခဲ့ပြီလဲ...။

ဒါပေမယ့် ကျွန်တော့်ရင်မှာ တိမ်တိုက်တွေ ရှိနေပါတယ်။ အဲဒီတိမ်တိုက်တွေနဲ့ ကျွန်တော့်ဘဝအတွက် မျှော်လင့်ချက် ရဲတိုက်တစ်ခုကို စိမ်းစိုမှုမရှိတဲ့ ကျွန်တော့်ရင်ပြင်မှာ အကြိမ်ကြိမ် ကြိုးစားတည်ဆောက်ကြည့်မိတဲ့အခါ..။



www.burmeseclassic.com

www.burmeseclassic.com



“ကောင်းတယ်ကွာ မိုးပြာ၊ ဇာတ်အစကို အဲဒါနဲ့ဖွင့်ဖို့ ဆရာသစ်ကို ပြောရမယ်”

မင်းသားက နေကာမျက်မှန်ကို ဆက်တီပေါ်တင်ရင်းပြောသည်။

“ဪ… ဒါနဲ့ မင်းကို ပြောရဦးမယ်၊ ဆရာသစ် မနိုင်ကို ရွေးထားတာ မနိုင် လက်ခံလား”

သူ ပြုံးရင်း…

“လက်ခံတာတော့ လက်ခံပါတယ်၊ ဒါပေမယ့် သူ ကျွန်တော်နဲ့တွေ့ပြီး စကားပြောဦးမယ်တဲ့”

“ဟာ… မနိုင်က ရစ်ပြီ”

ကိုနေက စိတ်ညစ်ဟန်နှင့်ပြောတော့ သူ ရယ်သည်။

“အဲဒါဆို မင်းတို့တွေ့ဖို့ကို ငါ ချိတ်ပေးမယ်၊ ငါ့တာဝန်ထား”

“လိုသေးတယ်… ကိုနေ”

“ဟာ!… ဘာလဲကွ…”

စိတ်ရှုပ်သံကြီးနဲ့ ကိုနေပြောတော့ ကျွန်တော် တဟားဟား ရယ်မိပါသည်။ ပြီးမှသာ…





“ဟုတ်တယ် ကိုနေ၊ ဇာတ်သိမ်းကို ဘယ်လိုသိမ်းရမလဲဆိုတာ ကျွန်တော် စဉ်းစားလို့မရဘူး ဖြစ်နေတယ်လေ”

“ဒါများကွာ… ညွှန်းပေးလိုက်ပေါ့”

သူ ထိုင်ရာမှထရင်း ရေခဲသေတ္တာပေါ်က ခုနတင်ထားတဲ့ စီးကရက်ဘူးကိုယူပြီး စီးကရက်တစ်လိပ် ထုတ်ယူကာ ဘူးကို ကိုနေ့ကို ပစ်ပေးလိုက်သည်။

“အဲလောက် လွယ်လွယ်ကူကူ ဖြစ်နိုင်ပါ့မလား၊ အပြင်မှာလဲ ကျိုးခဲ့၊ မတူညီတဲ့ အလွဲမှုတွေနဲ့ မင်းသမီးနဲ့ လူကြမ်းဆိုတာ လောကက ဖန်ဆင်းထားတာလေ…”

“ဒါဆို မင်း ဘယ်လိုလုပ်ဖို့ စိတ်ကူးရှိလဲ မိုးပြာ”

သူ အခုမှ စီးကရက်ကို မီးညှိဖြစ်သည်။ တစ်ချက်ရှိုက်ဖွာကာ ခေါင်းမော့၍ အားရပါးရ မှုတ်ထုတ်ပစ်ပြီးမှ…

“ကျွန်တော် လိုအပ်နေတဲ့ ဇာတ်ကွက်လေးတစ်ခုကို လိုက်ရှာနေတယ် ကိုနေ၊ အချိန်မီမှာပါ”

ကိုနေက မျက်စောင်းထိုးသည်။

“မီမှာ ဖြန့်မလာသေးဘူးလား”

“ဒီည နိုက်ဂျူတီရှိတယ် ကိုနေ”



www.burmeseclassic.com

www.burmeseclassic.com



"အခုမှပဲ ပေါ်လာတော့တယ် ကိုယ်တော်"

အစိမ်းနဲ့အဖြူကို တွဲဝတ်ထားတဲ့ မာမီကို သူ နောက်ကနေ သိုင်းဖက်ရင်း…

"မဟုတ်ပါဘူး မာမီရာ၊ သား အလုပ်မအားလို့ပါ"

မာမီက သူ့လက်ကိုဆွဲရင်း ဆေးရုံရဲ့ ဆရာဝန်တွေ၊ သူနာပြု တွေ နားနေဆောင်ထဲ သူ့ကိုခေါ်သွားရင်း ထိုင်ခုံတစ်ခုမှာ ထိုင်ခိုင်း သည်။ ဆရာဝန်တစ်ဦးက လှမ်း၍…

"အစ်မမြတို့ကတော့နော် သူ့သားလာမှပဲ လူနာတွေ နားညည်း သက်သာတော့မယ် ထင်တယ်"

မာမီက ရယ်နေပါသည်။

"လမ်းကြုံလို့ ဝင်လာတာလား"

သူ ခေါင်းခါသည်။

"ရော့…၊ မာမီအတွက်…"

ကျွတ်ကျွတ်အိတ်နဲ့ ထည့်ထားတဲ့ မုန့်ထုပ်အိတ်ကို မာမီကို လှမ်းပေးတော့…





"ဒီကလေး မဝယ်လာပါနဲ့လို့ ပြောထားတာကွယ်"

"ဘာဖြစ်လဲ မာမီရယ်…၊ ကိုယ့်အမေအတွက် ကိုယ့်သားက ဝယ်လာပေးတာ သူ့စိမ်းမဆန်စမ်းပါနဲ့ မာမီရာ"

မာမီက ရယ်နေသည်။ ရယ်နေရင်းမှ တစ်စုံတစ်ခုကို သတိရ သွားဟန် တူသည်။ ချက်ချင်း တည်ငြိမ်အေးစက်သွားရင်း…

"သစ္စာသာ သူ့သား ဒီလိုသာတွေ့ခဲ့ရင် ဘယ်လောက်ဝမ်း မြောက်လိုက်မလဲနော်"

"မေမေ…"

သူ နှုတ်ကရေရွတ်မိတော့ မာမီက သူ့ဆံပင်တွေကို သပ်ရင်း…

"မင်းဘဝကလဲ အရမ်းကြမ်းလွန်းပါတယ် သားကြီးရယ်၊ အမေက မရှိ…၊ အဖေက ဘယ်သူဘယ်ဝါမှန်း မသိတဲ့ဘဝ"

မာမီစကားကြောင့် သူ စားပွဲပေါ် လက်ထောက်ရင်း…

"မာမီနဲ့ မေမေ တွေ့တဲ့အချိန်မှာ ဘာတွေသိခဲ့လဲဟင်…"

မာမီက သူ့စကားကို သဘောမပေါက်ဟန် ရှိသည်။

"ဘာကိုလဲ သားကြီး၊ မာမီ နားလည်အောင် ပြောစမ်းပါ"

သူက…

"ဖေဖေနဲ့ပတ်သက်တာကိုလေ၊ ကျွန်တော် ဖေဖေ့ကို အရမ်း တွေ့ချင်တယ်၊ ဖေဖေ့ဘက်ကသာ မသိရင်နေပါစေ၊ ကျွန်တော့် ဘက်ကသိရင် ကျေနပ်ပြီ မာမီ၊ ကျွန်တော့်မှာ ဆန္ဒတစ်ခုရှိခဲ့တယ် မာမီ…၊ ရုပ်ဆိုးသည်ဖြစ်စေ၊ ရုပ်ချောသည်ဖြစ်စေ အကျင့်စာရိတ္တ ကောင်းကောင်း,မကောင်းကောင်း ကျွန်တော် အဖေဆိုတာကို သိ



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ရရင် မြင်ခွင့်ရရုံနဲ့တင် ကျွန်တော့်ဘဝကို ကျွန်တော် ကျေနပ်နိုင်တယ်''

မာမီက သူ့ကို ကရုဏာသက်ဟန် ကြည့်နေပါသည်။

''မာမီ မင်းကို မွေးပြီးချိန်ကစပြီး မာမီနဲ့ သစ္စာ ညီအစ်မအရင်းတွေလို ခင်မင်မိကြတယ်၊ မာမီ ဂျူတီမရှိတဲ့ရက်တွေဆိုရင် သစ္စာတို့ရွာကို မာမီ သွား၊သွားလည်တယ်..၊

သစ္စာက အဲဒီရွာမှာ ကျောင်းဆရာမတစ်ယောက်ပေါ့၊ ပြီးတော့ ဖြစ်ပြီးခဲ့တဲ့အတိတ်ဆိုတာကို သစ္စာဟာ မေ့ပစ်ထားချင်ပုံရတယ်..၊

သစ္စာ တစ်ခါပြောပြလို့ သိရတာတော့ ရှိတယ်''

သူ အားရဝမ်းသာ ဖြစ်သွားခဲ့တယ်။ မာမီရဲ့နှုတ်ထွက်စကားတို့သည် သူ့အတွက် မျှော်လင့်ချက်ရောင်ခြည်တန်းတစ်ခု။

''သိသလောက်တော့ ပြောပါ မာမီရယ်.. နော်...''

''အင်း...၊ မင်း ပြောဆိုလို့တာ ပြောရမှာ၊ ဘယ်က အစ ဖော်ရမှန်း မသိဘူး''

''သိသမျှသာပြော မာမီ''

မာမီက အနည်းငယ် စဉ်းစားဟန်ပြုသည်။ နောက်တော့...

''အင်း... သိပြီ၊ တစ်ခါက မာမီ မင်းတို့အိမ်မှာအိပ်တဲ့ည..၊ လကလဲ သာလိုက်တာ၊ နှစ်ယောက်သား အိမ်ရှေ့ကွပ်ပျစ်မှာ စကားပြောမိကြတယ်၊ မင်းကတော့ သစ္စာ့ရဲ့ရင်ခွင်ထဲမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတယ်၊ သစ္စာက မင်းကို ငုံ့ကြည့်ပြီး ရည်ရွယ်ချက်မရှိဘဲ ပြောမိတယ်..၊





အတ္တကြီးတဲ့လူတစ်ယောက်ရဲ့ လုပ်ရပ်ကြောင့် အပြစ်မဲ့ကဲ့ကလေးတစ်ယောက်ရဲ့အနာဂတ် မလှမပဖြစ်နိုင်တာ 'သူ' သိနေယောက်ပါပြီတဲ့၊ မာမီက သူဆိုတာ ဘယ်သူလဲလို့ မေးမိတော့ သစ္စာက ခပ်ယဲ့ယဲ့ပြုံးပြရင်း မာမီကို သားရဲ့အဖေပေါ့လို့ ပြောတယ်လေ၊ မာမီလဲ ထပ်ပြီးမေးတော့တာပေါ့၊ ကိုယ်ဝန်ကြီးနဲ့ မိန်းမတစ်ယောက်ကို စိတ်လွတ်ကိုယ်လွတ် ကွာရှင်းရအောင် သစ္စာ မင်းယောက်ျားက ဖခင်စိတ်ရောရှိရဲ့လားလို့ မာမီက မေးတယ်လေ..၊

သစ္စာ ပြောပါတယ်၊ သူက အတ္တကြီးတယ်လေ၊ နဂိုကတည်းက သစ္စာက ဆင်းရဲတယ်၊ ပြီးတော့ နယ်မြို့လေးတစ်မြို့မှာ နေတာပါတဲ့၊ အဲဒီနယ်မြို့လေးမှာ သစ္စာတို့မောင်နှမနှစ်ယောက် အတူတူနေကြတယ်၊ အဖေ အမေက မရှိဘူး၊ အစ်ကိုမှာ အိမ်ထောင်ရှိတယ်၊ အဲဒီအစ်ကိုနဲ့ သစ္စာ အတူနေရင်း ကျောင်းတက်ရတယ်တဲ့၊ သစ္စာ အစ်ကိုက သူတို့ဆီက အလုပ်သမားပေါ့၊ တစ်နေ့ သူ မူးရူးပြီး သစ္စာကို ချစ်ရေးဆိုတယ်၊ ပြီးတော့ ဆွဲလားရမ်းလားလုပ်တော့ သစ္စာ သူ့ကို ပါးရိုက်မိတယ်၊ အဲဒီကတည်းက သူ သစ္စာအပေါ် အငြိုးအတေးထားပြီး အကွက်ကျကျ ယုတ်မာတယ်လေ၊ အစ်ကို အသည်းအသန်ဖြစ်တယ်ဆိုပြီး သူ့တပည့်တစ်ယောက်နဲ့ ညာခေါ်ခဲ့တယ် မမ၊ သစ္စာ လိုက်သွားမိတာ သစ္စာအမှားပါ၊ မိန်းမတစ်ယောက်ဟာ အရက်သိက္ခာကိုငဲ့ပြီး သူ့ကို လက်ထပ်မှာပဲလို့ သူ တွေးတယ် ထင်ပါတယ် မမမြရယ်..၊

သစ္စာ သူ့ကို လက်မထပ်နိုင်ဘူးလို့ ငြင်းလိုက်တယ်၊ အဲဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



တင် အစ်ကိုအပေါ် အငြိုးထားတော့တာပဲ၊ အစ်ကိုကို ထောင်ချောက်ဆင်ပြီး ထောင်ထဲ ဆွဲသွင်းတယ်၊ သူ့ကိုလက်ထပ်မှ အမှုကျေအေးပေးမယ်လို့ သစ္စာကို ခြိမ်းခြောက်တာပေါ့၊ သစ္စာကလဲ ခေါင်းမာမာနဲ့ငြင်းပြီး အစ်ကို့အမှုကို ရအောင်လိုက်ခဲ့တယ် မမမြ၊ အမှန်က သစ္စာမှာ ပိုက်ဆံ မရှိပါဘူး…၊

သူတို့က အဲဒီမြို့နယ်ရဲ့ နာမည်ကြီးရှေ့နေကို ငှားနိုင်တဲ့အချိန်မှာ သစ္စာက သားကိုယ်ဝန်နဲ့ပဲ အခြား နာမည်ကြီးရှေ့နေအိမ်ကို သွားတယ်…၊ သစ္စာ အဲဒီအိမ်ရှေ့မှာ ထမင်းထုပ်နဲ့ ထိုင်စောင့်တယ်၊ တစ်ရက်ကြာတဲ့အထိ အဲဒီရှေ့နေကြီးကို အဲဒီခြံ အဲဒီအိမ်မှာ လုံးလုံး မမြင်ရဘူး…၊

နောက်တစ်ရက် မိုးတွေရွာတဲ့အချိန် သစ္စာလဲ တစ်ကိုယ်လုံး မိုးရေစိုရွှဲနစ်ပြီး ခိုက်ခိုက်တုန်နေချိန်မှာ ရှေ့နေကြီးတို့လင်မယား ထီးနဲ့ ထွက်လာပြီး ရှေ့နေကြီးရဲ့မိန်းမက စပြောပါတယ်…၊

ညီမလေး ဘာကိစ္စကြောင့် အိမ်ရှေ့မှာ ရပ်နေတာလဲတဲ့…၊

သစ္စာက လက်အုပ်ချီရင်း သစ္စာကို ကယ်ပါလို့ မျက်ရည်တွေကျပြီး ပြောမိတယ်၊ ရှေ့နေကြီးလင်မယားက သစ္စာကို သနားသွားပြီး အိမ်ထဲခေါ်သွားတယ် မမမြ…၊

အဝတ်အစားတွေ လဲပေးပြီး နွေးနွေးထွေးထွေးဖြစ်မှ သစ္စာကို မေးမြန်းကြတယ်၊ သစ္စာလဲ ဖြစ်ကြောင်းကုန်စင် ပြောပြပါတယ်…၊

ကျွန်မမှာ အမှုလိုက်စရာ ငွေမရှိပါဘူးလို့ ပြောတော့ ရှေ့နေကြီးက သစ္စာကို သမီးတစ်ယောက်လို ခေါင်းကိုပုတ်ပြီး နှစ်သိမ့်





တယ်၊ သမီး စိတ်အေးအေးနဲ့ ပြန်ပါ၊ ဦးဦး ဒီအမှုကိုနိုင်အောင် လိုက်ပေးပါ့မယ်လို့ ပြန်ပြောတယ်၊ ကျွန်မ သိပ်ဝမ်းသာသွားခဲ့တယ် မမမြရယ်၊ ရှေ့နေကြီးက အမှန်တရားမှန်ရင် သေဆုံးရှိုး မရှိပါဘူး သမီးရယ်တဲ့၊ ပြောတဲ့အတိုင်းလဲ အမှုက ကွင်းလုံးကျွတ် လွတ်ခဲ့တယ်။ သစ္စာ အဲဒီအရပ်၊ အဲဒီမြေမှာ မနေချင်တော့တာနဲ့ ရန်ကုန်ကို အစ်ကိုတို့လင်မယားနဲ့အတူ ပြောင်းလာခဲ့တယ် မမမြ၊ ရန်ကုန်ရောက်တော့ အနေရှာလေးကို အရာမအမြစ်နဲ့ ပိုစတင်ကျလာတာနဲ့ ပြောင်းလာတာပေါ့၊ အစ်ကိုကတော့ သားမွေးပြီးမှသွားပါလို့ တားပေမယ့် သစ္စာ ခေါင်းမာမာနဲ့ ထွက်လာခဲ့တာ၊ ကံကောင်းလို့သာ ရထားပေါ်မှာ မမမြတို့၊ ကိုရဲညိုတို့နဲ့တွေ့ပြီး အသက်ရှင်ခဲ့ရတာ တဲ့လေ၊ ကဲ… မာမီ သိတာ ဒါပါပဲ သားကြီးရယ်…”

စကားဆုံးတော့ သူ မာမီကို…

“မမမေတို့နေတာ ဘယ်မြို့လဲ မာမီ”

မာမီက ခေါင်းခါပြီး…

“အဲဒါတော့ မသိဘူး သားကြီးရဲ့”

သူ စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။ သူ့ရဲ့ စိတ်ပျက်ပုံအမူအရာကြောင့် မာမီက…

“သိပ်လဲ စိတ်ဓာတ်မကျပါနဲ့ကွယ်…၊ မာမီလဲ တတ်နိုင်သလောက် စုံစမ်းပေးပါ့မယ်၊ ဟုတ်လား…”



www.burmeseclassic.com

www.burmeseclassic.com



သက်တံ့တောင်တန်း

ဆိပ်ကမ်းမြစ်ငါ

နွေလယ်ရင်ဆေး

ဆိပ်မက်များ၍မက်မိသည်...။





သူ ဆိုင်ထဲမှာ ကုတ်ဘူးတစ်ဘူး မှာသောက်ပြီး စောင့်နေခဲ့ပါသည်။ ချိန်းထားတာထက် နာရီဝက်ကြာမှ သူမ ရောက်လာသည်။ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ရှိပုံရတဲ့ ထိုမိန်းမဟာ သူ့အသွေးအသားထဲ စုံမက်မြတ်နိုးခြင်းကို အပိုင်စား သိမ်းယူထားနိုင်သည်။

နှုတ်ခမ်းတစ်စုံရဲ့ အဖွင့်အပိတ်မှာ သူ တိတ်တိတ်လေး လွမ်းဆွတ်ခဲ့ရဖူးသည်။ မျက်ဝန်းအကြည့် မျက်တောင်တစ်ခတ်မှာ မုန်တိုင်းရဲ့အညာခံရတဲ့ ထောင်ချောက်ကို ခုန်ဆင်းမိတဲ့သားကောင်လို...

ထိတ်လန့်ခြင်းနဲ့ တိမ်းညွတ်ခဲ့ရတဲ့ ချစ်ခြင်းမေတ္တာ အရှင်..၊ လက်ညှိုးညွှန်ရာကို ဦးညွတ်ခဲ့ရတဲ့ ကျေးကျွန်..။

ရင်ဘတ်တွေကို အပမ်းခံ ကျူးသွင်းထားတဲ့ ကဝေ။

"ရောက်နေတာ ကြာပြီလား"

သူ ခေါင်းညိတ်သည်။ မျက်မှန်အနက်လေးကို ခေါင်းပေါ်ပင့်တင်ရင်း အနားလာရပ်တဲ့ ဝိတ်တာလေးကို အချိုရည်နဲ့ မုန့်တချို့မှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေး ထွက်သွားတော့မှ…

"လေးလေးပြောထားလို့ ရှင့်ဝတ္ထုကို ကျွန်မနဲ့ရိုက်မယ်လို့ ကျွန်မ သိခဲ့တယ်"

အေးစက်စက် လေယူလေသိမ်းသည် အစိမ်းရောင်လေပြည်တွေ ကပ်ငြိနိုင်တုန်းပဲ။

"တကယ်တမ်း ရှင်နဲ့ပတ်သက်သမျှကို ကျွန်မ ခါးခါးသီးသီး ငြင်းခဲ့ပေမယ့် ဆရာသစ်ကို ကျွန်မ မလွန်ဆန်နိုင်ရဲတာ အမှန်ပဲ၊ နောက်ပြီး ကိုနေ…၊ သူတို့တွဲတင်လို့ ကျွန်မ ဒီနေရာ၊ ဒီအဆင့်ကို ရောက်ခဲ့ရတာ ကျွန်မသိလို့ ဒီတစ်ကြိမ် ကျွန်မ ခေါင်းညိတ်ခဲ့လိုက်ရတယ်"

သူ ဘာမှ ပြန်မပြော။ သူမက သူ့ကို တည့်တည့်မတ်မတ် စိုက်ကြည့်နေသည်။ သူ မျက်ဝန်းချင်း မဆုံအောင် လွှဲထားရသည်။

"ရှင့်ရဲ့ပေါ့ဆမှုကြောင့် ကျွန်မ ပထမကားကို လွှဲချော်ခဲ့ရတယ်…၊ ကိုဂျမ်း သေခဲ့ရတယ်…၊ ကျွန်မနေရာကို အစားထိုးခဲ့တဲ့ စိုးစိုး အကယ်ဒမီ ရတယ်၊ ဒါတွေအားလုံးရဲ့ တရားခံဟာ ရှင် မဟုတ်ဘူးလား…"

အသံတိုးတိုးနဲ့ အဖျားခတ် တုန်ခါနေတဲ့ နူးညံ့တဲ့ မုန်တိုင်းတစ်ခု စတင် မွေးဖွားလာသည်။

"ဒယ်ဒီကဆိုရင် ဥပဒေမရှိရင် ရှင့်ကို သတ်ချင်နေတာ အမှန်ပဲ၊ ကျွန်မတို့မိသားစုအတွက် ရှင်ဟာ ဝံပုလွေတစ်ကောင်…၊ ရှင့်နာမည် မကြားအောင်၊ ရှင်နဲ့မပတ်သက်အောင် ကျွန်မ နေခဲ့တယ်၊





ဒါပေမယ့် သမီး မိုးဖြူနဲ့တွေ့တော့ ကလေးရဲ့မျက်နှာကြောင့် ရှင်နဲ့ မပတ်သက်ချင်ပေမယ့် ပတ်သက်နေရပြန်ရော၊ ကျွန်မ…"

စကားစကိုဖြတ်တော့ သူ သူမကို ကြည့်မိသည်။ သူမ စကားသံမှာ လှိုက်ခါတုန်ခါမှုတွေ မရှိတော့။ ပုံမှန်အတိုင်း ထိန်းပြောလာသည်။

"မိုးဖြူကို ကျွန်မ အမွေစားအမွေခံ မွေးစားချင်တယ်"

သူ ဝုန်းခနဲ ထရပ်မိသည်။ ဆိုင်ထဲမှာဆိုသော အသိကြောင့် စိတ်ကို ပြန်လည် ထိန်းထားရသည်။

"တော်ပါတော့ဗျာ…၊ ဒီမယ် မနိုင်… ဖြစ်ခဲ့ရတဲ့ အကြောင်းတရားတွေက ဘာလဲ…၊ ကျွန်တော်သာ ခင်ဗျားတို့ ရုပ်ရှင်ရိုက်နေတဲ့ခြံရှေ့ကို မရောက်လာရင်…၊ လေးလေးကိုသာ မတွေ့မိရင်…၊ ကိုဂျမ်းသာ အချိန်မီရောက်လာရင်… အခုလို အဖြစ်အပျက်ဆိုးတွေနဲ့ကြုံရမှာ မဟုတ်ဘူးဆိုတာ သေချာမှာပါ၊ ခင်ဗျားဘက်က ဆုံးရှုံးမှုရှိသလို ကျွန်တော်ကရော ဆုံးရှုံးမှု မရှိတော့ဘူးလား၊ ဟောဒီမှာ ကြည့်စမ်းပါ"

ရှေ့ကို ငိုက်ကျ ဖုံးကွယ်ထားတဲ့ ဆံပင်တစ်ခြမ်းကို ကျွန်တော် ဖယ်ရှားပြလိုက်သည်။ မျက်ခုံးအစပ်မှ မေးရိုးအထိ ဓားခုတ်ရာလို့ အရုပ်ဆိုး အကျည်းတန်သည့် ဒဏ်ရာအစင်းကြောင်းကြီးတစ်ခု ပေါ်လာ၏။

ဒဏ်ရာအတိုင်း လိမ့်ဆင်းသွားတဲ့ မျက်ရည်တစ်စက် စီးဆင်း လိမ့်ကျလာတာ သူ အချိန်မီ မတားဆီးနိုင်မီ…။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ခံစားရတာတွေထက် ပိုပြီး ကျွန်တော် အထိနာခဲ့ရတာပါ၊ ဟောဒီ အမာရွတ်ကို ကျွန်တော်က တစ်သက်လုံး ပိုင်ဆိုင်ထားခဲ့ရတဲ့သူပါ၊ ခင်ဗျား ကျုပ်လို နေခဲ့ရလား…၊

ဒါပေမယ့် ကျွန်တော် ကျေနပ်တယ်၊ လုံစ်ပဟာသွားတဲ့ ကိုငကျမ်းလို အနုပညာရှင်တစ်ယောက်အတွက် ဒီဒဏ်ရာနဲ့ ကျွန်တော်ဟာ အစားထိုး ဖြည့်ဆည်းပေးရတာကို ရပ်နေတဲ့နေရာ၊ ပေးလာတဲ့ဘဝနဲ့ ကျွန်တော် နေရဲပါတယ်…၊

ကျေးဇူးပြုပြီး ခင်ဗျားတို့အမုန်းတရားတွေ ရပ်တန်းက ရပ်သင့်ပါပြီ…၊ ပူလောင်နေတဲ့ ကျွန်တော့်ရင်ခွင်အတွက် သမီးလေးဟာ ကျွန်တော့်ရဲ့ အမောဖြေ ရင်ငြိမ်းဆေးပါ၊ ကျွန်တော့်ရင်ခွင်ကတော့ ဆွဲမထုတ်ကြပါနဲ့"

သူ ပြောအပြီး သူ ကျသင့်တဲ့တန်ဖိုးကို သူ့အတွက်သာ စားပွဲပေါ် တင်ပေးပြီး ထွက်လာခဲ့သည်။





✍ နိုင်ပြီလို့ ထင်ထားမှ

စစ်ပွဲရဲ့ အကျိုးအကြောင်းကြား

ဪ… မာမားရယ်…၊

ရှုံးပြီဆိုတာ သိလိုက်တယ်…



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကာလကြာ တမြည့်မြည့် လှိုက်စားနေတဲ့
ရင်ထဲက အမုန်းတရားတွေ..၊
သူ့ရဲ့ အရှုပ်ဆိုး အကျည်းတန်လှတဲ့ ဒဏ်ရာပေါ်ကို
အုလိုက်သင့် စီးဆင်းကျလာတဲ့ မျက်ရည်စက်တစ်စက်ကြောင့်
အရှိန်သေ ပျောက်ဆုံးဖို့ နီးကပ်ခဲ့ရတာ အဲဒီနေ့ကစပြီး ကျွန်မ
သိနေတယ်..၊

ဒါပေမယ့် ကိုယ့်နှလုံးသားကိုတော့ ညာနေဆဲပါ..။

ရွှေဦးနိုင်





"တောက်... အဲဒါ သမီးကို ခုတုံးလုပ်ပြီး သူ့ကိုယ်သူ
ည်ကြီးအောင် လုပ်နေတာ..၊ ဒါတောင် လူကြမ်းမို့လို့..."

ဒယ်ဒီရဲ့ဒေါသကိုသိတဲ့ ဒယ်ဒီညီမ သူမ အန်တီလေးက...

"အစ်ကိုကြီးရယ်..၊ ဟုတ်ရောဟုတ်လို့လား၊ ဒါ အပြင်မှာ
တင်းချဲ့ကားတာ ဖြစ်နေမှာပေါ့"

ဒယ်ဒီက အန်တီလေးကို ဒေါသနဲ့ကြည့်ရင်း...

"ဒီလောကအကြောင်းကို နင် မသိရင် အေးအေးနေစမ်းပါ၊
သိတယ်..၊ ဒီကောင် သမီးကိုအသုံးချတာ၊ ဒီကောင်နဲ့ သမီး
ကိုက်တဲ့ကားမှာ ပြဿနာတွေဖြစ်ကြတာ၊ ဒီကောင် ထောင်ကျတာ
မီး ခြေတစ်ဖက်မဖြတ်ရုံ အသည်းအသန်ကုခဲ့ရတာ၊ ဒီအနုပညာ
ိုင်းအဝိုင်း ကျဉ်းကျဉ်းလေးက မသိဘဲနေမလား၊ အေး...
တဲ့သူက ဖွ..၊ ရေးတဲ့သူက ရေးနဲ့ ဟုတ်နေလိုက်ကြတာ"

ဒယ်ဒီရဲ့ ဒေါသမီးစ,က သူမဘက် လှည့်လာမည်ကို သူမ
ကြိုသိနေခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး… သမီးကရော ဖြစ်ပြီးတာတွေကို သင်ပုန်းချေနိုင် မလား၊ သမီးရနိုင်မယ့် ရွှေစင်ရုပ်တုကို တခြားတစ်ယောက်လက်ထဲ ပါသွားအောင် ပုတ်ချစော်ကားတဲ့ ဒီကောင်ရေးတဲ့ ဓာတ်ညွှန်းမှ သမီးက သိသိနဲ့ လက်ခံလိုက်တာ ဒယ်ဒီ လုံးလုံး တွေးလို့မရအောင် ဖြစ်မိတာ အမှန်ပဲ"

"မဟုတ်ဘူး ဒယ်ဒီ…"

သူမက အလောတကြီး ပြောမိသည်။ ဒယ်ဒီက လက်ကာပြ ကာ…

"ဒီကောင်ကို ဒယ်ဒီ ဘယ်လောက် မုန်းတယ်ဆိုတာ သမီး အသိပဲနော်၊ ကဲ… သမီး ဒယ်ဒီကို ဖြေရှင်းချက်ပေးစမ်း…"

သူမ အန်တီလေးကို လှမ်းကြည့်တော့ အန်တီလေးက သူမကို မျက်ရိပ်ပြကာ ထထွက်သွားသည်။

"သမီး သိပါတယ်၊ အဲဒီအဖြစ်အပျက်ကိုလဲ သမီး အခုအချိန် အထိ မမေ့ပျောက်နိုင်ပါဘူး"

"ဒါနဲ့များ သမီးရယ်၊ လက်မခံနဲ့ပေါ့"

သူမက ခေါင်းခါကာ သက်ပြင်းချမိသည်။

"ဒါပေမယ့် ဆရာသစ် ရှိသေးတယ်၊ ကိုနေ ရှိသေးတယ်လေ ဒယ်ဒီ"

ဆရာသစ်နဲ့ ကိုနေ ဆိုတာကြောင့် ဒယ်ဒီ နှုတ်ဆိတ်သွားပါ သည်။ ဟုတ်တယ်လေ…၊ ဆရာသစ်ဆိုတာ သူမ အခုလို အောင် မြင်အောင် မြေတောင်မြှောက်ပေးခဲ့တာရယ်၊ သူမထက်အရင်အောင်





မြင်ခဲ့သည့် ကိုနေက သူမကိုဆွဲတင်ပေးခဲ့လို့ နေ့ဦးနိုင်ဆိုတဲ့ အောင် မြင်ကျော်ကြားတဲ့ဘဝကို ရခဲ့တာ အကုန်လုံးလည်း သိခဲ့ကြသည်။

"ဆရာသစ်က နင့်ကို ဒီကားမှာ သုံးမယ်ဆိုတဲ့စကားနဲ့တင် သမီး ခေါင်းညိတ်လိုက်ရတာအမှန်ပဲ ဒယ်ဒီ"

ဒယ်ဒီ နှုတ်ဆိတ်နေခဲ့တော့ သူမ အခန်းရှိရာကို ထွက်လာမိခဲ့ သည်။ အခန်းထဲရောက်တော့ အိပ်ရာပေါ် ခြေပစ်လက်ပစ်လှဲချလိုက် မိသည်။ ဆရာသစ်နဲ့ ဆုံတဲ့နေ့က ဆရာသစ်ပြောခဲ့တာ မှတ်မိသည်။

"ညည်း နာမည်ထိုးကျသွားအောင် ငါက လုပ်မလား မိနိုင်၊ ငါ ပျိုးထောင်ပေးခဲ့ပဲ့ တပည့်က ငါ့စကား မနာခံဘူးဆိုတဲ့အဖြစ်မျိုး ဒီလောကသားတွေထဲမှာ ငါ အသံပြန်မကြားချင်ဘူး…၊

အေး… ဆရာဆိုတာ တပည့်တွေအပေါ် စေတနာထားတယ် ဆိုတာ ညည်း နည်းနည်း သဘောပေါက်ထား၊ အခုရိုက်မယ့်ကား က ငါ့တပည့်ရင်းတွေအားလုံး စုံစုံညီညီ စည်းစည်းလုံးလုံး ရိုက်ချင် လို့ကို နင့်ကို ပါစေချင်တယ်၊ ရော့… ဒါ ဓာတ်ညွှန်း၊ နင် ဖတ် ထားပေတော့…"

အဲဒီစကားကို ပြန်ကြားတော့ သူမ ခုတင်ခေါင်းရင်း စားပွဲပေါ် က အပြာရောင်စာအုပ်ရှည်ကို လှမ်းယူမိသည်။

ဓာတ်ကားရဲ့နာမည်ကို လက်ရေးသော့နဲ့ ရေးထိုးထားသည်။

"ကိုယ့်ရင်ခွင်ထဲက တိမ်တိုက်"တဲ့။

စာပျိုးလိုလို အညွှန်းလိုလို စာသားတစ်ခုကို ဖတ်မိရင်း သူမ စာမျက်နှာတွေကို စိတ်ဝင်တစား ဖတ်ရှုမိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မျက်ဝန်းထဲမှာ မြင်နေရတဲ့ပုံရိပ်...၊ ဂျစ်တစ်တစ် ဟန်ပန်၊ မျက်နှာတစ်ခြမ်း အုပ်မိုးထားတဲ့ မိုးပြာရဲ့အသွင်အပြင်...။

လူကြမ်းတစ်ယောက်ဖြစ်ပေမယ့် သူ့စတိုင်က လူယယ်တော်တော်များများ စိတ်ဝင်စား နှစ်သက်ကြသည်။

သွေးအေးတဲ့ ယာကူဇာတစ်ယောက်ရဲ့မျက်လုံးတွေနဲ့ တူသလို...။ နှစ်ကာလကြာ သိမ်းဆည်းထားတဲ့ စာအုပ်တစ်အုပ်နဲ့ တူနေပြန်ရော...။

သူရေးတဲ့ ဇာတ်ညွှန်းထဲမှာ သူမ မသိသေးတဲ့ အကြောင်းအရာတွေ ပြည့်နှက်နေ၏။ ဘယ်သူမှားနိုင်သလဲ အတွေးကို ဒီဇာတ်ညွှန်းကြောင့် သူမ စဉ်းစားမိလာသည်။

သူမနာမည် ထည့်မရေးပေမယ့် သူမမှန်း သိသာနိုင်တဲ့ အသုံးအနှုန်းတွေ...။

ဒါပေမယ့် ဇာတ်ညွှန်းက မပြီးဆုံးသေးပါ...။





“ဩ... မအေ... မိုးက အခုထက်ထိ မတိတ်နိုင်သေးဘူး”

မှတ်တမ်းစာအုပ်ကိုဖွင့်ရင်း ဘယ်နေရာမှာ မှတ်ထားသလဲ စစ်ဆေးနေရင်း စိတ်ပျက်လက်ပျက်အသံကြီးနဲ့ ကိုမြင့်မောင်စိုးအသံကြောင့် သူ ရယ်ချင်သွားမိသည်။

သူ့ရယ်သံကို ကြားတော့ ကိုမြင့်မောင်စိုးက...

“ဟေ့ကောင် ရယ်မနေနဲ့၊ ငါ့မှာ ခေါင်းရှုပ်နေပြီ၊ ဟိုကောင် အောင်ဒင်ကလဲ မှတ်တမ်းကိုင်ခိုင်းလိုက်ရင် ဘယ်လိုလွှဲအောင် မှတ်ထားမှန်းမသိဘူး မိုးပြာရာ...၊ အမြဲတမ်း မူးပြီး မှတ်ချင်ရာ မှတ်တဲ့ကောင်ကွာ”

သူ အလုပ်ကိစ္စတွေနဲ့ ကိုမြင့်မောင်စိုးတို့ရိုက်ကွင်းကို လာရင်း မှတ်တမ်းသမား ကိုအောင်ဒင် မလာသောကြောင့် ကိုမြင့်မောင်စိုးက သူ့ကို ချောဆွဲထားခြင်း ဖြစ်သည်။

“တွေ့တယ် အစ်ကို၊ ဆင်းနံ့ ဆယ့်ခြောက်၊ မင်းသမီး အင်္ကျီအဝါ၊ ထဘီအနက်၊ အန်တီချိုက အင်္ကျီအဖြူ၊ ထဘီက ပန်းပွင့်သေးသေး အနက်ရောင်ပါတဲ့ ထဘီတဲ့”



www.burmeseclassic.com

www.burmeseclassic.com



"တော်သေးတာပေါ့ကွာ..၊ အဲဒီဆင်းနိက ဘယ်က တွေ့တာလဲ"

သူ့ ရယ်ချင်ဟန်နဲ့...

"စာအုပ်အဖုံးမှာ လက်ရေးသော့နဲ့ ရေးတာ အစ်ကို"

သူ့စကားကြောင့် ကိုမြင့်မောင်စိုး ဒေါသထွက်သွားပုံရတယ်။

"ခွေးမသား အေး ဉ်ဒင်၊ လခွီးမှပဲ... အရက်ချည်းပဲ ဖိသောက်နေပြီး တွေ့ကရာမှတ်တဲ့ကောင်၊ ကားဆက်ခန်းကျမှ... မအေ..."

သေးက ကင်မရာ ထရိုင်ပေါက်တွေ သယ်လာတဲ့ ကိုအေးဝင်းက တဟားဟား အော်ရယ်၏။

"မထူးဘူး အစ်ကိုရာ၊ တခြားကတ်တွေ ကျော်ရိုက်ပါလား"

"ဟာ... နွေဦး တစ်ယောက်တည်း ရှိတဲ့အခန်းနဲ့ အောက်ဒိုးအခန်းတွေပဲ ကျန်တော့တဲ့ဟာ"

"အင်ဒိုး... အရင်ရိုက်လိုက်ပါလား"

"မင်းကွာ ဒီလောက်မှောင်နေတာ ဇာတ်ညွှန်းနည်းနည်းပြင်မှ ဖြစ်မယ်"

ဒါရိုက်တာစကားကြောင့်...

"ပြင်မနေနဲ့ အစ်ကိုရာ၊ ကိုသက်ကို လှမ်းပြောရမယ်၊ ဒီအတိုင်းပဲ ရိုက်ကြည့်စမ်းပါ"

"မိုးက သိပ်ရွာနေတယ်ကွ"

"ဘာဖြစ်လဲ အစ်ကိုရာ၊ ဒီ ဆင်းနိအတွက်ဆိုရင် အဲဒီ ဘက်





ဂရောင်းနဲ့ဆို ပိုတောင် ကောင်းသေးတယ်"

"ငါ့လခွေး... မင်းပြောမှလား၊ ပြတင်းပေါက်မှန်ပေါ်က မိုးရေစက်အငွေ့ရယ်၊ သူ့မျက်နှာ ကြေကွဲနေတာရယ် မြင်ဖို့ အပြင်က လိုက်တင်ပေးရမှာ..."

အိမ်ထဲမှာတော့ သူ့အစုနှင့်သူ ဝိုင်းဖွဲ့ကာ စကားပြောနေသည်။ အပြင်မှာ မိုးက တအားကောင်းနေ၏။ ရိုက်ကွင်းတည်ထားတာက ကီလီက ခြံထဲမှာ၊ အတွင်းခန်းတွေ ရိုက်မှာမို့ ကိုမြင့်မောင်စိုးက သူ့အားခေါ်၍ တိုင်ပင်နေခြင်းဖြစ်သည်။ ကင်မရာဆရာ ကိုထွေးကလည်း သူတို့နဲ့ စုတိုင်နေချိန်...

ကင်မရာက မော်နီတာကို ပြန်ရစ်ကြည့်နေတဲ့ ကိုထွေးက ဒါရိုက်တာကို...

"အပြင်မှာ လျှောက်လမ်းတော့ ရှိပါတယ်၊ တံစက်မြိတ်က ကျယ်တော့ မိုးမပက်နိုင်ဘူးထင်တယ် အစ်ကို၊ တစ်ယောက်က အပြင်က လိုက်တင်ထိုးပေးထားရင် ဖြစ်နိုင်တယ်"

ကိုမြင့်မောင်စိုးက လက်ခံချင်ပုံရပေမယ့် အန္တရာယ်ကို ကြောက်ရွံ့နေပုံရတယ်။

"လေတိုက်ရင် မိုးစက်က စင်မှာပဲ၊ တော်ကြာ မီးမောင်းထိုးတဲ့လူ ရှော့တွေဘာတွေ ဖြစ်ကုန်လိမ့်မယ် ကိုထွေး"

သူ့ ကြားထဲက မနေနိုင်..။

"ရတယ် အစ်ကိုရာ၊ ကျွန်တော်ကိုယ်တိုင် အပြင်က မီးထိုးပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူးထင်တယ် မိုးပြာ"

သူ့ ကိုမြင့်မောင်စိုးကို လက်ကာရင်း...

"ဖြစ်တယ် အစ်ကိုရာ..၊ လုပ်ကြည့်လိုက်တာ ပိုအကျိုးရှိမယ် တော်ကြာ ဒီအတိုင်း ထိုင်နေလို့ ပရိဂျူဆာက အစ်ကို့ကို နှာက နေမယ်"

"အဲဒါ ခေါင်းထဲ ထည့်မနေစမ်းပါနဲ့ကွာ"

"ဒါဆိုလဲ လုပ်ကြည့်မယ် အစ်ကိုရာ၊ အန္တရာယ် မဖြ လောက်ပါဘူး၊ လူကာပြီး ဆံနံးဂမ်းကို ကွယ်ထားပေါ့"

ကိုမြင့်မောင်စိုးက တွေးတွေးဆဆနဲ့ နောက်ဆုံးတော့ အခု ပြောလာပါတယ်။

"အင်းလေ... လုပ်ကြည့်တာပေါ့"





မိုးကြိုးကို အုတ်နံရံနဲ့ကပ်ထားလို့ တော်သေးသည်။ ဒါပေမယ့် အပြင်ကို ကျောပေးပြီး လက်ကို အပေါ်မြှောက်ကာ ပြတင်းပေါက်မှန်ကို မီးထိုးထားပေမယ့် သူ့ကျောပြင်မှာ လေတစ်ချက်အဝေ့ မိုးရဲ့အထိအတွေ့ စိုစွတ်စွတ်ကို ခံစားမိသည်။

သူ့ရှေ့က ကိုတွေးနဲ့ ကင်မရာကို ရေမစိုအောင် ကွယ်၍ ကာထားရသေးသည်။ ကိုတွေးက လက်နဲ့အချက်ပြတာကြောင့် ဆံနံးဂမ်းကို သူ့မေးဖျားအောက်အထိ ဆွဲနှိမ့်ချလိုက်သည်။

ကိုတွေးက ကင်မရာချောင်းကြည့်ပေါက်ကိုကြည့်ရင်း အဆင်ပြေတယ်ဆိုတဲ့ သဘောနဲ့ လက်မထောင်ပြသည်။

လက်တစ်လှမ်းစာအကွာမှာ နွေဦးနိုင်က ပြတင်းပေါက်မှန်တံခါး နောက်ကွယ်မှတစ်ဆင့် ကြေကွဲစရာကောင်းတဲ့ အမူအရာကို သရုပ်ဆောင်သည်။

မှန်ပေါ်မှာ ရေငွေ့နဲ့ လွှမ်းဆွတ်မှုနီမိတ်ပုံများက မထင်မှတ်ဘဲ ပိုကြွလာသည်။ သူမရဲ့မျက်ဝန်းမှ စီးကျလာသော မျက်ရည်တွေက မျက်နှာပေါ်က ခံစားချက်နှင့် လိုက်ဖက်လွန်းလှသည်။ မိုးသံတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆူညံနေပေမယ့် အတွင်းက ပလေးဘက်အတွက် သီချင်းတစ်ပုဒ်တော့ ဖွင့်ထားမှာ သေချာသည်။ ဘယ်လောက်အထိ ရိုက်ကွင်းမှာ ပျော်ဝင်နေမှန်းမသိ။ လက်ရှိအချိန်ကို စိတ်ကူးပြောင်းလိုက်ချိန်မှာ...

"မြတ်စွာဘုရား..."

နှုတ်က အလန့်တကြား ရေရွတ်မိသည်။ ဘယ်သူမှ မကြားပေမယ့် သူပြောလိုက်ရင် ရိုက်ကွင်းက နောက်တစ်ကြိမ် ဖန်တီးဖို့ အချိန်ကာလက ဖြစ်ခွင့်ပေးဦးမှ..။ သူ ဘယ်လိုလုပ်ရမှန်းမသိအောင် အခက်အခဲဖြစ်နေရပြီး စိတ်ထဲကတော့ "မိုးပြာ မင်း ရ သလောက် အချိန်ဆွဲကြည့်စမ်း" လို့ ကိုယ့်ကိုယ်ကို သတိပေးနေရ၏။ ကျောပြင်နှင့် ပခုံးသားမှစ၍ စိုစွတ်လာပါပြီ။ အဲဒီပခုံးသားလေးကတစ်ဆင့် စီးကျလာတဲ့ ရေစက်စီးကြောင်းလေးဟာ လက်မောင်းကတစ်ဆင့် လက်ဖျံကို နိမ့်ဆင်းဖို့စီးရင်း မီးကြိုးနဲ့ထိနေတဲ့ ဆန်းဂမ်းကိုင်တဲ့လက်ကို ကူးသွားနိုင်သည်။ သူ ပခုံးကို ခပ်ဖြည်းဖြည်း နိမ့်ချပြီး တံဆောင်ဆစ်ကို လက်ဖျံနဲ့ တစ်တန်းတည်းဖြစ်အောင် ချိန်ဆနေရသည်။

လက်ကလည်း အံသေနေပြီ။

ရေစက်ဟာ တံတောင်ဆစ်မှာစုခို၍ ရှေ့မတိုးတော့။ သူ့ အခုမှ သက်ပြင်းချရုံရှိသေး။ မထင်မှတ်ဘဲ ဆံပင်ဖျားက ရေစက်ကလေးက တဖြည်းဖြည်း ကြီးထွားလာပြီး အရှိန်နဲ့အတူ...

"ဟာ!..."





"ဖြောင်း..."

အရှိန်နဲ့လွင့်ထွက်ကာ ကိုထွေးကို မတိုက်မိဘဲ လွင့်ထွက်ကာ အုတ်နံရံနှင့် ကိုယ်တစ်စောင်း အပြင်းဆောင့်သလို လွင့်စဉ်တိုက်မိသွားသည်။ သူ့ နားထဲမှာ အသံတွေ ကြားနေရ၏။

"ဟာ!.... မီးပိတ်.. မီးပိတ်...၊ ရှော့ဖြစ်ပြီဟေ့..."

ကိုထွေးက ကင်မရာကိုပိုက်ကာ ပြတင်းနံရံကိုကပ်ကာ အော်ပြောသည်။

နွေဦးနိုင်က သဘောမပေါက်သေး နောက်မှ သတိဝင်လာကာ အားလုံးကြားအောင် အော်ပြောသည်။

"အပြင်မှာ ရှော့ဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကံသီပေလို့သာကွာ… မင်း သတိမရမချင်း ငါ့မှာ စိတ်ပူလိုက်ရတာ…"

သူ့ ရယ်ရင်း…

"ကိုယ်တွေလက်တွေ နာနေတယ်ဗျ"

ကိုတွေးက…

"နာမှာပေါ့ဟ…၊ မင်း အုတ်နံရံနဲ့ပြေးဆောင့်သလိုဖြစ်တဲ့ဟာ…"

ကိုမြင့်မောင်စိုးက…

"မင်းသာ တစ်ခုခုဖြစ်လို့ကတော့ ဆရာသစ်က ငါ့ကို လာသတ်မှာ သေချာတယ်"

သူ ခပ်ယဲ့ယဲ့ ပြုံးနေနိုင်ပါသည်။ ဒီအချိန်မှာ မထင်မှတ်စွာ သူ့ရင်းနှီးနေတဲ့ သံစဉ်တစ်ခု အရှပ်ကြိုးပြတ် တိုးဝင်လာပါတယ်၊

"ဘယ်သူမဆို ကိုယ့်အသုံးမကျမှုအတွက်တော့ သေလောက်အောင် မမှားသင့်ဘူး"

သူ အသံလာရာကို ကြည့်မိတော့ သူ့ရဲ့ခပ်လှမ်းလှမ်းမှာ နွေဦးနိုင်…၊ စိတ်ထဲက ဒီမိန်းမအတွက် စိတ်ပျက်မိသည်။





ကိုတွေးက ခပ်တိုးတိုး ဆိုပါသည်။

"ပြဿနာကတော့ စ,ပြန်ပြီ"

သူ နံရံကိုမှီလိုက်ရင်း ဘာမှပြန်မပြောဘဲ ငေးရီသာ ငေးကြည့်နေမိသည်။ ဆက်ပြောစမ်းဆိုတဲ့ သဘောပေါ့။

သူမကလည်း ဆက်ပြောပြန်ပါတယ်။

"ခဏခဏ မှားတတ်တဲ့သူ…၊ အဲဒီလူနဲ့ အလုပ်တွဲလုပ်လို့ ကျန်တဲ့သူတွေအတွက်ပါ အန္တရာယ်ကြီးမှန်း အဲဒီလူလဲ နားလည်သင့်ပါတယ်၊ ရှင်ဟာ တော်တော်စိတ်ပျက်ဖို့ကောင်းတဲ့လူပဲ မိုးပြာ"

သွေးအေးရက်စက်လွန်းတဲ့ နှုတ်ခမ်းအစုံကို သူ နာကြည်းချင်မိသည်။

"ခင်ဗျား စကားပြောလို့ဆုံးပြီးလား နွေဦးနိုင်၊ ခင်ဗျား စကားဆုံးရင် ကျုပ် ပြောရတော့မှာပေါ့၊ ခင်ဗျားမှာ ဦးနှောက် ရှိလား၊ ဦးနှောက်ရှိရင် ဒီလူ ဘာလို့မှားတယ်…၊ ဘာကြောင့် မှားတယ်ဆိုတာ ခင်ဗျား သုံးသပ်သင့်တယ်…၊ အမှားမရှိတဲ့လူရယ်လို့ ဒီကမ္ဘာမှာရော တခြားဂြိုဟ်မှာပါ ရှိမယ်လို့ ကျုပ် မထင်ဘူး၊ ခင်ဗျားကတော့ ကျင့်သားရနေတဲ့ အပြစ်ပြောတတ်တဲ့နှုတ်ခမ်းနဲ့ လူတစ်ဖက်သားကို အမုန်းတရားတွေ၊ အာဃာတတွေနဲ့ ချည်နှောင်ဖို့ ကြိုးစားနေတဲ့ မိန်းမ…"

"ရှင်…၊ ရှင်…"

လက်သီးဆုပ်ရင်း မီးဝင်းဝင်းတောက်တောက် မျက်ဝန်းတွေ သူမ စကားဆက်ခွင့်မရအောင် အခက်ကြုံနေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်ကို လျှော့ချလိုက်သည်။

"ကျွန်တော်ပြောတဲ့စကားကြောင့် ခင်ဗျား စိတ်ဆိုးသွားတယ် မဟုတ်လား နွေဦးနိုင်၊ ဆတ်ဆတ်ခါ နာကျင်နေကာယ် မဟုတ်လား၊ ဘာကြောင့်လဲဆိုတော့ ခင်ဗျားနေရာမှာ ကျွန်တော်ဆိုရင် အတွေးနဲ့တင် ကျွန်တော် ကိုယ်ချင်းစာပေးတာနော်၊ အခုဖြစ်ခဲ့တဲ့ကိစ္စမှာ ကျွန်တော် စကားအများပါရင် ခွင့်လွှတ်ပါ မနွေဦးနိုင်၊ ကိုမြင့်မောင်စိုး ကျွန်တော် သွားမယ်"

သူမ တိတ်ဆိတ်ငြိမ်သက်နေခဲ့သည်။ ပြီးတော့ သူ့ကို တွေတွေဝေဝေ ငေးကြည့်ပါသည်။ အဲဒီအခိုက်ကာလဟာ ကျွန်တော့်အတွက် အငြိုးနဲ့ အမုန်းမပါတဲ့ သူမရဲ့ ပထမဦးဆုံး အကြည့်တစ်ခုပါ..။





ဓာတ်လှေကားထဲကိုအဝင် သူ အိုးတိုးအမ်းတမ်း အနေရခက်မိသည်။ ပြန်ထွက်ပြန်ရင်လည်း မကောင်းဖြစ်မယ့်အဟုတ္တ သူ မသိသလိုနေတော့ နွေဦးနိုင် ဒယ်ဒီက...

"ကျုပ် မလိုက်တော့ဘူး ကိုအိုက်ပန်"

သူ ဓာတ်လှေကားရဲ့နံရံမှာ မှီလိုက်သည်။ ခလုတ်နှိပ်ရန် ပြင်ဆင်နေတဲ့ ကိုအိုက်ပန်ဆိုသူက အံ့အားသင့်ဟန် ပြရင်း...

"ဘယ်လိုဖြစ်တာလဲ ကိုရဲထွန်းရယ်၊ အထဲရောက်ပြီးမှ..."

ဦးရဲထွန်းက အပြင်ကိုထွက်ရန် ဦးအိုက်ပန်ဆိုသူ လက်မောင်းကိုဆွဲတော့.. သူ မနေသာ...။

"အန်ကယ်လ်..."

ဦးရဲထွန်းက လှည့်ကြည့်ပြီး ဘာလဲ ဆိုတဲ့သဘော မေးဆတ်သည်။

"ကျွန်တော်ပဲ အပြင်ထွက်ပေးပါ့မယ် အန်ကယ်လ်"

သူ ပြောပြီး ဓာတ်လှေကားအပြင်ကို ထွက်လာမိသည်။ သူ ထွက်သွားမှ ဦးအိုက်ပန်က သူ့ကို အားနာဟန်ပြုံးပြပြီး ဓာတ်လှေကားတံခါးကို ပိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုနပြုမူပုံကြောင့် ဦးရဲထွဋ်က နွေဦးနိုင်ထက်တောင် ပိုဆိုးနေပါလားလို့ တွေးမိရင်း သူတစ်ယောက်တည်း ခေါင်းခါမိပါသည်။

မထူးတော့ပြီမို့ ဓာတ်လှေကား ပြန်တက်လာတာကိုပဲ စောင့်နေခဲ့မိသည်။ သူ့ ဒီတာဝါက သူငယ်ချင်းဒါရိုက်တာတစ်ယောက်ဆီ လာခဲ့ခြင်းဖြစ်သည်။ အပေါ်ထပ်က လူနေအိမ်ခန်းတွေ..။

အောက်တစ်ထပ်က ရှိုးရွမ်း၊ ကုမ္ပဏီရုံးခန်းနဲ့ စားသောက်ဆိုင်တွေ ရှိကြသည်။ သူနဲ့ သူငယ်ချင်းဒါရိုက်တာက စားသောက်ဆိုင်မှာ စားသောက်ရင်း အလုပ်ကိစ္စတစ်ခုပြောကြပြီး သူ နှုတ်ဆက်ပြီး ပြန်အလာမှာ ဦးရဲထွဋ်နဲ့ ဆုံခဲ့ခြင်းဖြစ်သည်။ အဲဒီကအပြန်...

သူ ၃၆ လမ်းထဲဝင်တော့ လမ်းဘေး လက်ဖက်ရည်ဆိုင်လေးထဲမှာ လေးလေးဦးအုံ့ကျော်ကို ရှားရှားပါးပါး တွေ့နေရသည်။

လေးလေးဦးအုံ့ကျော်နှင့်အတူ ကိုအရိုင်းမင်းနဲ့ ကိုသရဲကြီးပါ အတူတွေ့ရသည်။

"ကောင်လေး လာလေ..."

"ဟာ... လေးလေး၊ မတွေ့ရတာ အတော်ကြာပြီနော်"

သူ ဖိုင်ဘာခုံအနိမ့်တစ်လုံးကို ဆွဲယူထိုင်တော့ ကိုအရိုင်းမင်းက...

"ဟေ့ကောင်... သေချာကြည့်ထိုင်နော်၊ မိနိုင်အဖေရဲ့ကားနောက်က ဝင်ကျုံးနေဦးမယ်"

ဟိုတစ်လောက အဖြစ်အပျက်ကို သတိတရပြောတော့ သူတို့ ရယ်မိကြသည်။





"သေခဲဦးမယ် အစ်ကို၊ ခုနတင် တွေ့ပြီးပြီ"

"ဘယ်လိုလဲ အေးစက်စက် ဆက်ဆံရေး မဟုတ်လား"

ကိုသရဲကြီးအပြောကြောင့် သူ ရောရယ်ရင်း ခေါင်းညိတ်သည်။ ဦးအုံ့ကျော်က သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး...

"မိုးပြာကတော့ ကြည့်လိုက်ရင် စတိုင်ကတော့ မိုက်ပါ့ကွာ"

"သိပ်မြှောက်မနေနဲ့နော် လေးလေး၊ ကျွန်တော် ဒီပိုင်းဖိုးရှင်းမှာပါ"

လေးလေးက သူ့ပခုံးကို ပုတ်ရင်း...

"ငါ တကယ်ပြောတာ ကောင်လေး၊ ခေတ်အဆက်ဆက် လူကြမ်းတစ်ယောက်... အဲ(ဂိုဏ်းစတားပုံစံ)မျိုး၊ ဒါမှမဟုတ် ဗီလိန်ပေါ့ကွာ ပေါ်နေကြတာပဲ၊ ငါတို့ရှေ့ကဆို ဦးလေး ဦးကျောက်လုံး၊ ငါတို့ခေတ်ဆိုရင် ငါ..၊ ကိုဗွေးဝင်း၊ နောက် ရှိပါသေးတယ်၊ ငါတို့ပြီးတော့ မောင်အောင်နိုင်၊ ကိုကိုဦး၊ ကိုစိုင်းအောင်တင့်တို့၊ အဲ...ဒီဘက်ခေတ်ကျတော့ နည်းနည်း ရှားသွားပြီ..၊

မင်းတို့ခေတ်ဆိုရင် ပိုတောင်ကောင်းသေး၊ လူကြမ်းရယ်၊ မင်းသားရယ်ဆိုပြီး ခွဲခြားမနေတော့တဲ့ခေတ်၊ လူကြမ်းလဲ အားပေးနေတာပဲ၊ ဒါပေမယ့် ရှားတာတော့ ရှားတယ် မိုးပြာ"

အဲဒီစကားကို သူလည်း နားလည်လက်ခံပါတယ်။

လေးလေးက သူ့မျက်နှာကိုကြည့်ပြီး...

"မင်းမျက်နှာပေါ်မှာ ရှိနေတဲ့ဒဏ်ရာဟာ အနုပညာလောကအတွက် ဘုရားပေးတဲ့လက်ဆောင်ပဲ၊ မျက်နှာပေါ်ကဒဏ်ရာ၊ မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာအစိတ်အပိုင်း နည်းနည်းအမူအရာပြောင်းရုံနဲ့ မင်းကို မုန်းပြီး သွားပဲ၊ ဟား… ဟား… ဟား… ဟား…”

လေးလေးက သူ့စကားသူ သဘောကျကာ ရယ်တော့သည်။

ခဏနေတော့ ဖိုးကျော် ဝင်လာသည်။ သူက…

“ဟော့ကောင်…၊ ငါ ဒီမှာ…”

ဖိုးကျော်က သူ့ကို မြင်သွားတော့ လက်လှမ်းပြရင်း အတူပါလာတဲ့ ပရိဂျူဆာကို တစ်ခုခုပြောပြီး ပရိဂျူဆာနဲ့ လမ်းခွဲကာ သူတို့ဝိုင်းဆီ ဦးတည်လျှောက်လာသည်။ အနားရောက်တော့ ခုံယူပြီး ဝင်ထိုင်ရင်းက…

“လေးလေး… နေကောင်းလား”

လေးလေးက…

“ကောင်းပါ့ကွာ..၊ မင်းလဲ ကားရိုက်တွေ အတော်များနေတယ်ဆို၊ ဘယ်သူတွေနဲ့လဲ”

“ညိုမင်းလွင်တို့နဲ့ လေးလေး”

သူတို့ စကားအနည်းငယ်ပြောပြီး သူနဲ့ ဖိုးကျော် အားလုံးကို နှုတ်ဆက်ကာ ဖရေဇာဘက် ထွက်လာခဲ့သည်။

“ဘာကိစ္စလဲ မိုးပြာ”

သူ ကားလမ်းကူးရန် ရှင်း,မရှင်းကြည့်ပြီးမှ…

“မင်းကို လေးလေး ခေါ်နိုင်းလို့”

“ဆရာသစ်…”

“အေး…”





ဖိုးကျော်က…

“ဘာကိစ္စတုန်း…”

“ကားကြီးတစ်ကားရိုက်ဖို့ စီစဉ်နေတယ် ဖိုးကျော်”

“မင်းဇာတ်ညွှန်းဆိုတာလား.. ဟို ဆန္ဒသစ်နဲ့…”

သူက…

“အေး…”

“ဘယ်သူတွေနဲ့လဲ မိုးပြာ…”

“ကိုနေ…”

“မင်းသမီးကရော…”

သူ ဘာမှမပြောတော့..။ ဟိုကောင်က သဘောပေါက်တယ်။

“မင်းရဲ့ မာရ်နတ်မင်း သမီးတော်လား”

ဦးရဲထွဋ်ကို ဒီကောင်က မာရ်နတ်လို့ပဲ ခေါ်တတ်သည်။

သူက ရယ်တော့…

“ရိုက်သာ ရိုက်ရမှာ ရိုက်ကွင်းကျရင် မင်းနဲ့ ဒီကောင်မလေး ဘာတွေဖြစ်ဦးမလဲ မသိဘူး”

ကျွန်တော်က…

“ကြည့်ရှောင်ရမှာပေါ့ကွာ..”



www.burmeseclassic.com

www.burmeseclassic.com



လူကြမ်း...

(သူတို့)အတွက်...

ခံရာခံဆဲ လူမုန်းခံပြတဲ့ အဲဒီ ဇာတ်ဝါဒနာ...။

အပိုင်နိုင်ဆုံး အပြုံးအတွက်

အယုံကြည်ရဆုံး ပရိသတ်က ရက်စက်တယ်..။

အိမ်မှာ ဗိုက်မှောက် ရေဒေါက် အိပ်နေတဲ့

သားနဲ့သမီး ခဏခဏ ငိုပြီး ပြောဖူးတယ်...

(ဖေဖေ ကျောင်းမှာ သမီးတို့ကို လူကြမ်းကြီးရဲ့သမီး)တဲ့။

နောက်ဆုံးတော့

ငါတို့မှာ သောက ဒုက္ခ ဖလင်ပြားပေါ်မှာ

ပရမ်းပတာ မှတ်တမ်းတင်ခံရရင်း

ယခုနှစ်ရဲ့လောကဓံ အကာယ်ဒမီတွေ

ဘဝက နှစ်ခဉ်ပေးနေလေရဲ့...၊

(မိုးပြာ)







"စာချုပ်စာတမ်း ကိစ္စအဝဝကိုတော့ မင်းပဲ စီစဉ်လိုက်ကွာ ညိုမြင့်"

အနက်ရောင်တိုက်ပုံကို သားအိတ်ပေါ်တင်လိုက်ရင်း ကွမ်းစားသားလို့ ရဲနေတဲ့သွားများကို ပေါ်အောင်ရယ်ရင်း...

"စိတ်ချပါ ဖေသစ်ရာ..၊ ဒါနဲ့ မင်း ဘာကားမှ မရိုက်ဘူးလား"

"သိပ်မကြာခင် ရိုက်ဖို့ စီစဉ်ထားတယ်"

လေးလေးက ဦးညိုမြင့်ကို စီးကရက်ဘူး လှမ်းပေးသည်။

သူက ကော်ဖီခွက်ကို ဦးညိုမြင့်ရှေ့ကို တစ်ခွက်၊ လေးလေးကို တစ်ခွက် လှမ်းချပေးတော့...

"ထိုင်ဦး..၊ သားကြီး..."

သူ နီးရာဆိုဖာမှာ ဝင်ထိုင်သည်။

"ဒါ ငါ့သားတပည့်ဆိုလဲ မမှားဘူး ညိုမြင့်၊ မိုးပြာ..တဲ့၊ အခုရိုက်မယ်ဆိုတဲ့ကားက သူ့ဘဝအကြောင်းလေ"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရတာ ဝမ်းသာတယ်ကွ မောင်မိုးပြာ၊ မင်းဆရာနဲ့ ငါက ငယ်သူငယ်ချင်းအရင်းကြီးကွ၊ အခုလဲ သူ့နယ်က ခြံကိစ္စကို ဝယ် သူတွေ့တာနဲ့ ဦးကို လှမ်းမှာပြီး အရောင်းအဝယ်ကိစ္စလေး လုပ်ပေး တာကွယ့်"

လေးလေးက…

"ကိုညိုမြင့်က နယ်မှာဆော့ နာမည်ကြီးရှေ့နေတစ်ယောက် မိုးပြာ၊ ဒါနဲ့ မင်း ဘယ်မှာတည်းမှာလဲ၊ ဒီမှာပဲ တည်းလိုက်ပါလား"

"ဟာ… မဖြစ်ဘူးကွ…၊ ငါ့ညီမအိမ်မှာ တည်းမှာ၊ သူ့အိမ် မှာ မတည်းရင် ငါ့ညီမ ရိရိအကြောင်းလဲ မင်း သိလျက်သားနဲ့ ဖေသစ်ရာ…"

လေးလေး ရယ်ရင်း ခေါင်းညိတ်သည်။

"အေး… ဟိုတစ်လောကတောင် မြို့ထဲမှာ တွေ့လိုက်သေး တယ်၊ ရိရိကတော့ တွေ့တာနဲ့ ကရားရေလွှတ်ပဲ ညိုမြင့်ရေ"

"ဒါကလဲ ရှေ့နေရဲ့ညီမမို့လို့ သွေးက စကားပြောတာဖြစ်မယ် ထင်တယ်ဟေ့"

နှစ်ယောက်သား တဟားဟား အော်ရယ်ကြသည်။

"ကဲ… ထားတော့၊ ညကျရင် ငါလာခေါ်မယ် ညိုမြင့် တစ်ဆိုင်ဆိုင်မှာ စကားပြောရအောင်"

"အေး… ကောင်းတယ်၊ မင်းနဲ့တွေ့တုန်း ငယ်မူပြန်ကြတာ ပေါ့ကွာ၊ ညကျမှ တွေ့မယ်ကွာ၊ ငါ သွားစရာလေး ရှိသေးတယ် သွားလိုက်ဦးမယ်"





ဦးညိုမြင့်က တိုက်ပုံနဲ့အိတ်ကို ကောက်ယူကာ သူ့ကိုပါ နှုတ် ဆက်သည်။

သူလည်း ပြန်နှုတ်ဆက်သည်။

"ငါ လိုက်ပို့ပေးမယ်လေ"

လေးလေးက အိမ်ရှေ့ ဆင်ဝင်အောက်အထိ လိုက်ပို့ရင်းက…

"လုပ်မနေနဲ့ ဟော့ကောင်၊ ရိရိအိမ်က ကားပါတယ်"

သူကတော့ ဧည့်ခန်းမှာ ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်ရင်ခွင်ထဲက တိမ်တိုက်' ကို ကန်တော့ပွဲပေးတော့ သူ အလုပ်ရှုပ်နေတာ သူမ မြင်နေခဲ့ရတယ်။

စာနယ်ဇင်းကလူတွေ သူပဲ ချည်ခံရ၊ အခြား ဖိတ်ကြားထားသူတွေ ချည်ခံရနဲ့ အကျီအဖြူရောင် နောက်ကျောပြင်မှာ ချွေးတွေ ရွှဲနစ်နေပါသည်။ ကိုဇော်ကလည်း…

"မိုးပြာ…"

ဆရာသစ်တို့ကလည်း…

"မိုးပြာ…"

သူ ပြေးလွှားလှုပ်ရှားနေတာ တွေ့နေရသည်။ အဲဒါကိုမြင်တော့ ချည်သည်သရုပ်ဆောင်အဖြစ် ပါဝင် သရုပ်ဆောင်ပေးမယ့် စောနန္ဒာက သူမကို…

"မိုးပြာက ဆရာသစ် တော်တော်အားကိုးရတယ်နော် မနိုင်"

သူမက ခေါင်းညိတ်ပြဖြစ်သည် ထင်သည်။ သူမကို စောနန္ဒာက ထူးထူးဆန်းဆန်း စကားတချို့ ပြောလာ၏။

"နန္ဒာကိုယ်တိုင် ကိုနေတို့နဲ့အတူ မိုးပြာကို အင်တာဗျူးတာကို ကြုံခဲ့ရတယ်လေ"





နန္ဒာ စကားထပ်မဆက်ခင် မဂ္ဂဇင်းတစ်ခုက အယ်ဒီတာက လာရောက် စကားပြောဆိုတာကြောင့် ပြန်၍ နှုတ်ဆက်စကား ဆိုမိသည်။

"ကားရိုက်တွေ စိပ်လှချည်လားဟော့"

သူမကို ရည်ရွယ်ပြောတော့ ဒီလိုပါပဲ အစ်ကိုရာလို့ ချည်ဝတ် စကား ပြောမိသည်။ အယ်ဒီတာ ကိုစိုးခက်ကလည်း စောနန္ဒာကို လှည့်ပြောသည်။ နောက် သူမကို…

"ကဲ… ဒီလမဂ္ဂဇင်းက ဒီတစ်အုပ်ပဲ ပါလာတယ်၊ ညည်းတို့ နှစ်ယောက် ကြည့်ကြပ်ခွဲတမ်းချတော့"

မဂ္ဂဇင်းစာအုပ်ကို သူမ လှမ်းယူရင်း ကျေးဇူးပါပဲ ပြောမိသည်။ အယ်ဒီတာ ထွက်သွားတော့မှ…

"နန္ဒာ ယူသွားလေ"

နန္ဒာက ခေါင်းညိတ်ပြုံးသည်။ ပြီးတော့ ခုနစကားကို ပြန် ဆက်ပြန်သည်။

"အင်တာဗျူးနဲ့မပတ်သက်တဲ့ အကြောင်းတချို့ ရှင်းရှင်းပြောရရင် မဂ္ဂဇင်းထဲမှာ လူမှုရေးကိစ္စတွေကြောင့် ချန်လှပ်ထားတဲ့ကိစ္စတွေ မိမိဇော် ချန်ထားသလား၊ ဦးငြိမ်း ချန်ထားသလားတော့ မသိဘူး မမနိုင်၊ ပါမလာတာတော့ တွေ့ရတယ်"

သူမက ပြုံးရင်း…

"နန္ဒာက ဘယ်လိုသိလဲ၊ ဘယ်လောက် အရေးကြီးနေလို့လဲ"

နန္ဒာက သူမ စကားကြောင့်…



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ အင်တာဗျူး နှစ်ရက်လုံးမှာ နန္ဒာ၊ ကိုနေတို့၊ ကိုဇော်တို့နဲ့ အတူရှိနေတာကိုး၊ ပြီးတော့ မိုးပြာဇာတ်လမ်းက မထင်မှတ်တာတွေ ဖြစ်ခဲ့ရတာ သိနေရတော့ စိတ်ဝင်တစား ဖြစ်ခဲ့မိတယ်"

သူမက မဂ္ဂဇင်းကို အကြောင်းမဲ့ လှန်လှောရင်းက ကဗျာတစ်ပုဒ်ကို တွေ့မိသည်။ ခေါင်းစဉ်က 'လူကြမ်း'တဲ့။ ကဗျာရေးသူ မိုးပြာ..။

"မမနိုင် သူ့အပေါ် နားလည်မှုလွဲနေတာလို့ နန္ဒာ ထင်မိတယ်၊ နန္ဒာကို အထင်မလွဲနဲ့နော်..၊ နန္ဒာက မိုးပြာနဲ့ မမနိုင် ငြိမ်းချမ်းရေးရသွားရုံသက်သက်ပါ..၊

မိုးပြာအကြောင်းကိုသိတော့ ဇာတ်ပို့ဇာတ်ရန် လူကြမ်းတွေရဲ့ ဘဝကို နန္ဒာ နည်းနည်း ပိုနားလည်လာနိုင်တယ်"

နည်းနည်းဆိုတဲ့ စကားကြောင့် သူမ ပြုံးမိသည်။

"ကင်မရာအယ်လ်ဘမ်ထဲက ကိုယ့်ရုပ် မော်နီတာဆီရောက်လာတဲ့အခါ ပိုလှလာဖို့၊ ဒါမှမဟုတ် မင်းသား၊ မင်းသမီး ဇာတ်နာလာဖို့၊ သရုပ်ဆောင်ကောင်းဖို့အတွက် ဘေးက ဝိုင်းဝန်းပံ့ပိုးပေးကြတဲ့သူတို့အားလုံးဟာ တကယ့်ကိုလေးစားဂုဏ်ယူစရာပါပဲ မမနိုင်"

သူမ သူ့ကဗျာကို အမှတ်မထင် ဖတ်မိသည်။ ပထမတစ်ပိုဒ်မှာ...

သူတို့အတွက်
ခံရခဲဆစ် လှုမုန်းခံပြတာ
အဲဒီ ဝိဝါသနာ...။





"အထိုးကြိတ်ခံ၊ လူမုန်းခံ၊ မင်းသားရဲ့ ဟန်ပြလက်သီးတစ်ချက်နဲ့ အလူးအလိမ့် အကျိုးပဲ့ခံလုပ်ပြရတာတွေ မမနိုင် တွေးကြည့်စမ်း၊ ဖလင်ပြားပေါ်မှာ မပါတဲ့ ဇာတ်နာစရာ ဖိုက်ကွက်တွေသာ မဟုတ်ဘူးလို့ မမနိုင် ငြင်းရဲလား..."

သူမ နန္ဒာ့စကားကြောင့် နန္ဒာကို အံ့ဩမိသည်။

"နန္ဒာတောင် အတွေးအခေါ်တွေ ရင့်ကျက်နေပါလား ဒါ မိုးပြာကြောင့် ထင်တယ်"

သူမရဲ့ အပြောင်အနောက် စကားကြောင့်...

"တလွဲမတွေးပါနဲ့ မမနိုင်ရယ်၊ နန္ဒာ အတွေးအခေါ် ရင့်ကျက်လွန်းတာ မဟုတ်ပါဘူး၊ မိုးပြာရဲ့ အင်တာဗျူးနဲ့ မတော်တဆ တိုက်ဆိုင်ကြုံကြိုက်ခဲ့ရလို့ အမြင်တစ်ခု မြင်မိတာပါ"

သူမ မိုးပြာကို လှမ်းကြည့်မိသည်။ သူနဲ့ ဖိုးကျော်ဘာ အသေအချာ သဘောကျနေတယ်မသိ။

မတ်တတ်ရပ် ရယ်မော စကားပြောနေကြသည်။

ခုန ဖတ်မိခဲ့ရတဲ့ သူ့ရဲ့ကဗျာတစ်ပိုဒ်ကို ဆက်ဖတ်မိပြန်သည်။

အပိုင်နိုင်ဆုံး အပြုံးအတွက်
အယုံကြည်ရဆုံး ပရိသတ်က ရက်စက်တယ်...။

သူမ သက်ပြင်းချမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုနေရယ်၊ သူရယ်၊ လေးလေးရယ် ခေါင်းချင်းဆိုင် တိုင်ပင်မိသည်။ အပြင်မှာ နာမည်ရပြီးသား ဒါရိုက်တာအဖြစ် အောင်မြင်တဲ့ ကိုဇော်ကို မင်းသားက ရှူတင်မန်နေဂျာ ခန့်ထားသည်တဲ့။ ဒါရိုက်တာကနေ ရှူတင်မန်နေဂျာဖြစ်သွားတဲ့ ကိုဇော်ကြောင့် သူတို့ ရယ်ရပါသေးသည်။

"ဟိုကောင်ကို လှမ်းခေါ်စမ်း မိုးပြာ…"

သူ လက်ခေါက်မှုတ် အချက်ပြလိုက်တာကြောင့် မနိုင်ရဲ့မိတ်ကပ်ဆရာမ သန်းသန်းနဲ့ စကားပြောနေရာမှ ကိုဇော်က လှည့်ကြည့်သည်။ သူ လက်ပြခေါ်တော့ ကိုဇော်က သူတို့ဆီ ရောက်လာသည်။

ကိုဇော် သူတို့ဝိုင်းထဲ ဝင်လာမှ လေးလေးက…

"အသင့်ဖြစ်ပြီလား မောင်ဇော်"

"ဟုတ်ကဲ့ လေးလေး…၊ ဦးငွေလှိုင်တို့လဲ ရောက်နေပြီ"

"ကိုငွေလှိုင်ကို ခေါ်လိုက်ကွာ"

ကိုဇော်က ထွက်သွားပြန်သည်။ ခဏနေတော့ ကိုငွေလှိုင်နဲ့ သူ့မြေးလေးတွေ ရောက်လာသည်။ ဆရာသစ်က ကလေးကို…





"အောင်အောင်…၊ သား မင်းက မင်းအစ်ကိုကြီးမိုးပြာ ပြောပြလိမ့်မယ်၊ ဒိုင်ယာလော့ခ်တွေ မမေ့နဲ့နော်…၊ သေသေချာချာ ကျက်ထား၊ ဟုတ်လား…"

"ဟုတ်ကဲ့ပါ ဘဘ"

ကလေးကို ပြောပြီး ဦးငွေလှိုင်ကို…

"ကျူပ်မှာထားတာ ရပြီလား ကိုငွေလှိုင်"

ဦးငွေလှိုင်က သူ့ဆံပင်ဖြူဖြူစ,တွေကို ပွတ်သပ်ရင်း…

"စိတ်ချပါ ကိုဖေသစ်ရယ်၊ အုတ်ခဲလေးလုံးနဲ့ တုတ်အတုတွေ လုံး၀ အစစ်နဲ့ခွဲမရအောင် လုပ်ထားတယ်"

"အစစ်တွေနဲ့မှားလို့ ခင်ဗျားကို အရှိုင်းမင်းတို့ လိုက်သတ်နေဦးမယ် ကိုငွေလှိုင်"

လေးလေးစကားကြောင့် ရယ်သံတွေ ဆူညံသွားသည်။

ရုပ်ရှင်ကို ရုပ်ရှင်အဖြစ် ပြန်ရိုက်ရမယ့် ဇာတ်ဝင်ခန်း…၊ သူနေရာက သရုပ်ဆောင်မယ့် ကလေးဘ၀က အောင်အောင် ကမ္ဘာကျော်ကလေးက ရုပ်ရှင်ရိုက်နေတာကို ငေးမောကြည့်ရှုနေတဲ့အခန်းကို စတင်ရိုက်ကူးကြသည်။ သရုပ်ဆောင်နေတဲ့ကလေးကို ငေးမိုင်း သူ့အတွေးတွေဟာ တစ်ခါတစ်ခါ အတိတ်ဆီ ပြန်လည်ရောက်ရှိသွားခဲ့သည်။ ရိုက်ကွင်းဖြုတ် ထမင်းစားချိန်ရောက်တော့ နာမည်ကြီး ဇာတ်ညွှန်းရေးဆရာ ဦးငြိမ်းမင်း လေးလေးဆီ အလည်သာတာတွေ့သည်။

သူ့ကိုလည်း…



www.burmeseclassic.com

www.burmeseclassic.com



"ကောင်လေး မင်းအကြောင်းတွေ ဆန္ဒသစ်ရောက်တုန်း ကြားရတယ်နော်၊ အခု ဘယ်နှစ်ဆင်နဲ့ ပြီးပြီလဲ"

သူ့ ရွတ်ပြတော့…

"ဟား… ဟား… ဟား… ဟား ဆရာသစ်တို့ကတော့ လုပ်ချလိုက်ပြီဟော့၊ ကြိုက်မှ လက်လွှတ်တာ ဆရာသစ်ဗီဇ ဖြစ်နေပြီ ပေါ့"

ခဏနားချိန် ကင်မရာမင်း ကျောက်ဖြူနဲ့ တင်သန်း ရောက်လာသည်။ ကျောက်ဖြူက…

"အဲဒါကြောင့် အဖေ မဆုံးခင် ပြောတာ၊ သားတဲ့… ဦးဖေသစ်နဲ့ ရိုက်လို့ကတော့ ရှိတဲ့ရုပ်ရည်လေးပါ ကျသွားလိမ့်မယ်တဲ့၊ အားဆေး များများစားလို့ ပြောတာ၊ ဒါကြောင့် ဖြစ်မယ်"

သူ ရယ်နေမိပါသည်။





"ဒီ အကြောင်းတွေကို ဘယ်သူမှ မသိကြတာ ပိုကောင်းမယ် လေးလေး"

စိတ်ထိခိုက်သွားတဲ့ မိုးပြာရဲ့မျက်နှာကို ကြည့်ရင်း ဦးဖေသစ် သက်ပြင်းချသည်။ 'မင်း ဘယ်လို ဆုံးဖြတ်မလဲ သားကြီး' တဲ့။ ဦးဖေသစ် သားကြီးရဲ့မျက်နှာ ဂရုတစိုက် ကြည့်မိသည်။

"ကျွန်တော့်ဘက်ကတော့ မဆုံးဖြတ်ချင်တော့ဘူး၊ ကံကြမ္မာ ဆုံးဖြတ်တာကိုပဲ လက်ခံလိုက်တာ ပိုကောင်းပါတယ်"

မိုးပြာစကားကြောင့် လေးလေးက…

"မဟုတ်သေးဘူး သားကြီး၊ လူဆိုတာ စွမ်းအင်တစ်မျိုးလို့ သတ်မှတ်လို့ရတယ်၊ ဖြစ်နိုင်သလောက်ကို ရအောင် ကြိုးစားကြည့်ဖို့ လူရဲ့ မြင့်မားတဲ့ဦးနှောက်ထဲက စွမ်းအင်တွေပဲလေ"

ဦးဖေသစ်စကားကို မိုးပြာက လက်ခံချင်ပုံမရ။

"လေးလေး ထင်လို့ပါ၊ ကြိုးစားတဲ့သက်တမ်း၊ ရလာတဲ့ဒုက္ခ အင်ချင်းတူပေမယ့် ကံကြမ္မာချင်း ကွဲပြားကြတဲ့လူတွေ လောက အများကြီးပါ။ ဟောဒီကမ္ဘာကြီးထဲမှာ တစ်ယောက်ချင်း ယှဉ်စီ လေ့လာလို့ရတယ်ဆိုတာ ကျွန်တော် ယုံကိုယုံကြည်နေခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးပြာရဲ့ စကားသံတွေထဲမှာ အရာရာကို မကျေနပ်ချက်တွေ ပါနေမှန်း ဦးဖေသစ် အကဲခတ်မိသည်။

"ငြိမ်းအေးရာနေရာတစ်ခုကို ကျွန်တော် လိုက်ရှာနေပေမယ့် ကျွန်တော် ရှာမတွေ့ခဲ့ဘူး၊ ရှာမတွေ့နိုင်အောင်ကို ပုထုဇဉ် လူ့လောကရောက်လာကတည်းက ကျွန်တော် ထမ်းဆောင်ရတဲ့တာဝန်က များလိုက်တာ လေးလေးလဲ သိပါတယ်..၊

ဟော..၊ အခု ကျွန်တော် ရောက်ရှိနေတဲ့ အနုပညာနယ်မြေထဲမှာ ကျွန်တော် ပျော်မွေ့ မှိန်းမောနေရတဲ့ တစ်ထောင့်တစ်နေရာစာ အနုပညာတစ်ခုကို ဖက်တွယ်ရင်း ကျွန်တော် အမောတွေကို ခဏလေး မေ့ပျောက်နိုင်ခဲ့တယ်"

လေးလေးက သူ့ကို...

"ဒါဆို မင်း သိနေတာတွေ၊ မင်းရဲ့ အနာဂတ်တွေအတွက် ဒီပြဿနာကို ဘာလို့ မဖြေရှင်းတာလဲ"

လေးလေးရဲ့ တုံ့ပြန်လာတဲ့ မေးခွန်းတစ်ခုကြောင့် သူသည် စကားတစ်ခွန်းကို ပြောခဲ့ရပါတော့သည်။

"ချစ်ခြင်းမေတ္တာလေ..၊ သိပ်ကို နာမည်ကြီးခဲ့တဲ့ 'အချစ်'ဆိုတဲ့ အရာကြောင့်ပေါ့"

"အချစ်..."

လေးလေးကိုယ်တိုင်လည်း ဒီစကားကို အထူးအဆန်း ရွတ်ဆိုနေခဲ့ပါသည်။





သူ့စားပွဲသို့ ရောက်ရှိလာတဲ့ စက္ကူအိတ်အညိုရောင်ကို သူ အထူးအဆန်း ကောက်ယူကြည့်မိသည်။ ဘာလိပ်စာမှ တပ်မထားတဲ့ဒီစာအိတ်ကို ဘယ်သူက သူ့ဆီပို့သလဲဆိုတာ သူ နားမလည်နိုင်။

"နုနုရီ..."

သူ့ရဲ့အတွင်းရေးမှူးမလေးကို လှမ်းခေါ်တော့ ကောင်မလေးက ပြေးထွက်လာသည်။

"ဘာနိုင်းစရာရှိလဲ ဆရာ"

ယို့ယို့ကျိုးကျိုး မေးတဲ့ ကောင်မလေးကို သူ...

"ဘာနိုင်းစရာမှ မရှိပါဘူး နုနုရီ၊ ဒါ ဘယ်သူပို့လိုက်တာလဲ"

ကောင်မလေးက စာအိတ်ကိုကြည့်ပြီး နားမလည်ဟန်...

"သမီး မသိဘူး ဆရာ၊ သမီး ရောက်လာကတည်းက ဒီစာအိတ်က စားပွဲပေါ်မှာရှိနေတာ၊ ကိုမြင့်ကို မေးကြည့်ရမလားဆရာ"

"အေး..၊ ခေါ်လိုက်..."

ကောင်မလေး တံခါးဖွင့်ထွက်သွားပြီး သိပ်မကြာလိုက်။ ကိုမြင့် အခန်းထဲ ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်မြင့်က စာအိတ်ကို တစ်ချက်ကြည့်ပြီး…

"ဪ… အဲဒီစာအိတ်လား ဆရာ၊ မနက်စောစော မိန်းကလေးတစ်ယောက်က ဆရာ့ကို အရေးကြီးလို့ ပေး‚ပေးပါဆိုလို့"

သူ စာအိတ်ကို ငုံ့ကြည့်ရင်း…

"ဒါဆိုလဲ ရပြီ၊ သွားတော့…"

မောင်မြင့် ထွက်သွားတော့မှ သူ စက္ကူအိတ်အညိုကို စားပွဲထောင့်က ခြင်းလေးထဲ ပစ်ထည့်လိုက်သည်။

လက်ကို ပတ္တာယက်ပုံစံပြုကာ စဉ်းစားနေရင်း နောက်ဆုံးတော့ အဲဒီစက္ကူအိတ်ထဲက တစ်စုံတစ်ခုကို သူ အရိမ်း သိချင်လာသည်။ စာအိတ်အညိုကို ပြန်ယူရင်း အထဲကစာကို သူ လှမ်းယူတော့ စက္ကူကတ်ပြားအပိုင်း လေးခုက စားပွဲပေါ် လျှောခနဲ ကျလာသည်။

"ဘာတွေလဲ…"

တစ်ယောက်တည်း ရေရွတ် တီးတိုးဆိုမိရင်း ကတ်ပြားတွေကို ကြည့်လိုက်တော့ မျက်နှာ အစိတ်အပိုင်းတွေ။

သူ ဒီကတ်ပြားတွေ တစ်ခုချင်းစီ ယူကြည့်မိရင်း ဘာကြောင့် သူ့ဆီ ပို့လိုက်တာလဲလို့ ဝေခွဲလို့ မရနိုင်…။ အဲဒီကတ်ပြားကို စားပွဲပေါ်တင် ဆက်စပ်ကြည့်လိုက်တဲ့အခါ…

"ဟင်… ငါ့ပုံတူ ပန်းချီကားပါလား"

ကတ်ပြားလေးချပ်ကို ဆက်စပ်ကြည့်လို့ ထွက်ပေါ်လာတဲ့ ရုပ်ပုံ…၊ ဘာကြောင့် သူ့ပုံတူ ဆွဲထားရတာလဲ…။

ဘာအဓိပ္ပာယ်လဲ…။





သူ စဉ်းစားရင်း စိတ်ရှုပ်လာရတယ်။ အဲဒီနေ့ အစည်းအဝေးပြီးလို့ အိမ်အပြန်လမ်းတစ်လျှောက်အထိ သူ ပဟေဠိဆန်တဲ့ ပန်းချီကားချပ်အပေါ်ကို စိတ်က ရောက်နှင့်နေသည်။

အိမ်ရောက်တော့ သမီးက မိုးဖြူလေးနဲ့အတူ ခြံထဲမှာ လမ်းလျှောက်နေပါတယ်။ မိုးဖြူလေးက သူ့ကို မြင်တော့…

"ဘိုးဘိုးကြီး ပြန်လာပြီ"

ဒီကလေးမလေးကတော့ သူတို့တစ်အိမ်လုံးရဲ့ ဆည်းလည်း။

"ငါ့မြေးလေး ဘယ်တုန်းက ရောက်နေလဲ"

ကလေးမလေးက နှုတ်ခမ်းစူရင်း…

"နေ့ခင်းကတည်းက မေမေနိုင် လာခေါ်တာ ဘိုးဘိုးရဲ့…၊ ဘိုးဘိုးက ဘယ်လျှောက်သွားနေတာလဲ"

သမီးက သူတို့စကားပြောနေရာကို လျှောက်လာသည်။

သူ ကလေးမလေးရဲ့စကားကြောင့် ရယ်ချင်သွားကာ ပါးမို့မို့လေးကို တစ်ချက် နမ်းရှုပ်ရင်း…

"မသိလို့ပါ မြေးလေးရယ်၊ ဘိုးဘိုးက အလုပ်သွားနေရတယ်လေ၊ ငါ့မြေးရော ကျောင်းမတက်ဘူးလား"

"ဒီနေ့ ကျောင်းပိတ်တယ်လေ ဘိုးဘိုး"

"ဪ… ဟုတ်သားပဲ၊ ဘိုးဘိုးလဲ အသက်ကြီးတော့ မှတ်ဉာဏ်မကောင်းတော့ဘူး"

မိုးဖြူလေးကို ပွေ့ချီရင်း အိမ်ဆီလျှောက်သွားတော့ သမီးက လိုက်လာရင်း… ။



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီ ဒီနေ့ နောက်ကျတယ်နော်"

"ဟုတ်တယ် သမီးရေ၊ ဒီနေ့ အစည်းအဝေးရှိတာနဲ့ ဒယ်ဒီ နောက်ကျသွားတယ်"

သမီးက ရိုက်ကွင်းတွေအကြောင်း ပြောသည်။ သူလည်း ခဏနား ရေမိုးချိုး အဝတ်အစားလဲကာ သမီးတို့နဲ့အတူ ညစာစားပါတယ်။ ညရောက်တော့ သူ ဒရင်းဘက်တစ်လုံးနဲ့ လေသာဆောင်ထွက်ကာ စက္ကူကတ်ပြားတွေအကြောင်း စဉ်းစားနေမိပါတယ်။

ပြီးတော့ အဲဒီကတ်ပြားတွေကို ထုတ်ကြည့်မိရင်း ဘာအဓိပ္ပာယ်များ ရှိနေမလဲ သိချင်လာခဲ့တယ်။ သူ အတွေးတွေနဲ့ ချာချာလည်ရင်း သမီးရောက်လာတာကို မသိလိုက်..။

"ဒယ်ဒီ ဘာတွေ စဉ်းစားနေတာလဲ"

သမီးက သူ့ဘေးက ထိုင်ခုံပိုင်းလေးမှာ ဝင်ထိုင်ပါတယ်။

"မြေးလေး အိပ်ပျော်သွားပြီလား"

သမီးက ပြုံးရင်း...

"ဟုတ်တယ် ဒယ်ဒီ၊ တစ်ညနေလုံး ဆော့နေတာ ပင်ပန်းလို့ ထင်တယ် အစောကြီး အိပ်ပျော်သွားတာ"

"ဒီကလေးမလေးလဲ ဒယ်ဒီတို့နဲ့ ဘယ်ဘဝက ရေစက်ပါလို့ ကွယ်၊ ဟိုကောင်နဲ့သာ မပတ်သက်ပေမယ့် ဒီကလေးအပေါ်တော့ သံယောဇဉ်ဖြတ်မရဘူး"

"ကိုင်ဂျမ်း သမီးရှေ့မှာဖြစ်ခဲ့တော့ တစ်ယောက်တည်း ကျန်ရစ်ခဲ့တဲ့ သမီးလေးအပေါ် သနားမိတယ်လေ၊ အဲဒီကစပြီး သံယော





ဇဉ်တွယ်ခဲ့မိရတာပေါ့ ဒယ်ဒီရယ်"

"ဒယ်ဒီတို့နဲ့ ဒီကလေး ရေစက်ဆုံဖို့ အကြောင်းတိုက်ဆိုင်မှုတွေ အစွင့်ကြုံလာတယ်လို့ ဆိုရမှာပေါ့ သမီးရယ်..."

ဒယ်ဒီစကားဆုံးတော့ သူမက...

"ဒယ်ဒီကြည့်ရတာ ဒီနေ့ တစ်မျိုးပဲ..."

စူးစမ်းဟန်နှင့် မေးလာသော သမီးကြောင့်...

"အင်း... ဒီနေ့ ဒယ်ဒီစိတ်ထဲမှာ ဆူးတစ်ချောင်း ဝင်နေတယ်"

"ဘာကိုလဲ ဒယ်ဒီ..."

သူမက နားမလည်ဟန်နှင့်မေးတော့ ဒယ်ဒီက ခုနကတည်းက လက်ထဲမှာ ကိုင်ထားသည့် စာအိတ်ညိုကို သူမကို ကမ်းပေးသည်။

သူမ ဇဝေဇဝါနှင့် လှမ်းယူသည်။

"ဒယ်ဒီ့ဆီ ဘယ်သူ ဘာကြောင့် ပို့လိုက်တာလဲ..၊ ဘာရည်ရွယ်ချက်တွေရှိသလဲ၊ ဒယ်ဒီ တွေးမရအောင် စဉ်းစားရခက်နေတယ်"

သူမက စာအိတ်ကိုဖွင့်ပြီး အထဲက ကတ်ပြားတွေကို ထုတ်ယူကြည့်မိပါတယ်။

"ဟင်!..."

သူမရဲ့အံ့သြမှုကြောင့် ဒယ်ဒီက...

"ကြမ်းပြင်ပေါ်ချပြီး အဲဒီပုံတွေကို ဆက်ကြည့်စမ်း သမီး.."

သူမက ကတ်ပြားလေးခုကို ကြမ်းပြင်ပေါ်ချပြီး တစ်ခုစီ ဆက်စပ်ကြည့်မိတဲ့အခါ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီပုံက ဒယ်ဒီ့မျက်နှာနဲ့ ဆင်တယ်နော်…"

"ဟုတ်တယ်…၊ အဲဒါကြောင့် စဉ်းစားရကျပ်နေတာပေါ့ သမီးရဲ့…"

သူမက ဆက်စပ်ထားတဲ့ပုံတွေကို ကြည့်နေရင်း…

"ဒယ်ဒီ့ပုံကို ဆွဲထားတာ မိုးပြာဆိုတာ သေချာတယ် ဒယ်ဒီ…၊ ဟုတ်ကို ဟုတ်ပါတယ်၊ ဒီလိုပုံတွေ သူ့ဆီမှာ သမီး တွေ့ဖူးတယ်"

"မိုးပြာ…"

ဒယ်ဒီက သံယောင်လိုက်ရင်း မျက်မှောင်ကြုတ်ကာ စဉ်းစား၏။ နောက်တော့ တစ်ခုခုကို စဉ်းစားမိဟန်နှင့်…

"အင်း… သမီးပြောတာ ဖြစ်နိုင်တယ်…၊ ဒယ်ဒီ ၃၆ လမ်း ထဲမှာ ကားနဲ့တိုက်မိသလိုဖြစ်တော့ ဒီကောင့်ဆီမှာ ဒီလိုပုံတွေ အများကြီး ထွက်ကျလာတာ တွေ့တယ်၊ ဟုတ်တယ်…၊ ဒီကောင် ဆွဲတာ သေချာတယ်၊ နေပါဦး… ဒီကောင်က ဘာရည်ရွယ်ချက်နဲ့ ဒယ်ဒီ့ဆီ ပို့လိုက်တာလဲ…"

စဉ်းစားရကျပ်နေဟန် ဒယ်ဒီရဲ့အမူအရာကြောင့်…

"ဒယ်ဒီ အရမ်းသိချင်ရင် သမီး စုံစမ်းပေးမယ်လေ…"

ဒယ်ဒီက သူမကို တစ်ချက်ကြည့်ပြီး ခေါင်းညိတ်ပြသည်။





သူမ… ဘုရားဝင်းထဲမှာ ကားအပ်ထားပြီး ကျောက်စာ ဘုရားများဘက်ကို ထွက်လာခဲ့ပါတယ်။ မျက်မှန်ခပ်ကြီးကြီး၊ ဦးထုပ်အဝိုင်းကို တပ်ဆင်ထားတော့ သူမကို ရုတ်တရက် မင်းသမီး တစ်ယောက်မှန်းတော့ သိကြမည်မထင်…။

ဘုရားဝင်းထဲကိုဝင်ပြီး ဘုရားကို အရင် ဦးချသည်။ ဦးချပြီး ဘုရားဝင်းထဲ လှေ့လာကြည့်တော့ သမိုင်းဝင် ရှေးဟောင်းကျောက် စာ ဘုရားများမှန်း သိခဲ့ရသည်။

သူမ မိုးပြာရဲ့အရိပ်အယောင်ကို မတွေ့ရပါ။ ဦးပဉ္ဇင်း တစ်ပါး နှစ်ပါးတော့ တွေ့ရပြီး လူသူ အရောက်အပေါက်နည်းလှတာကို သတိထားမိသည်။

ဘုရားပရိဝုဏ်ထဲ လျှောက်ကြည့်မိရင်း ငြိမ်းချမ်းအေးမြခြင်း ရဲ့အရသာကို သူမ ခံစားထိတွေ့မိသည်။

သူမ ရှုတင်ကနေ ဖုန်းဆက်တော့ ဆရာသစ်အိမ် သွားတယ်လို့ သိရတယ်…။ ဆရာသစ်အိမ် လှမ်းဖုန်းဆက်တော့လည်း ဒီကျောက် စာဘုရားများမှာ သူ ဓာတ်ညွှန်းရေးနေတယ်လို့ သိရတယ်။ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



ခါတ်ညွှန်း လာရေးတယ်ကြားတော့ ပထမ ဘာကြောင့် ဒီမှာ လာရေးတာပါလိမ့်လို့ စဉ်းစားမိပါသေးသည်။

အခု ရောက်လာတော့မှ ဒီနေရာမှာ လာရေးတဲ့အကြောင်း အရင်းကို သိရတယ်။ စေတီတွေကို ကျော်လာပြီး ရှေ့မှာ များပြားလှတဲ့ ကျောက်စာတွေကို တွေ့ခဲ့ရသည်။ ကျောက်စာတွေကို သူမ အံ့ဩငေးမောကာ လျှောက်လာရင်း အတန်းလိုက် စီထားတဲ့ ကျောက်စာတွေကြားကို လျှောက်လာမိပါသည်။

အဲဒီလို လျှောက်လာရင်းက ကျောက်စာတစ်ခုရဲ့ခြေရင်းမှာ ကျောမှီရင်း တစ်ခုခုကို စဉ်းစားနေပုံရတဲ့ မိုးပြာကို သူမ တွေ့မိသည်။ ကျောက်စာတွေကြားမှာ ကွေ့ပတ်လျှောက်လာရင်း သူနဲ့ အနီးဆုံးမှာ ရပ်မိတော့ သူ မျက်ဝန်းမှိတ် စဉ်းစားနေရာမှ ဖျတ်ခနဲ မော့ကြည့်သည်။

"ဩော်... ရောက်လာပြီလား"

သူမ လာမှာကို ကြိုတင်သိပုံရနေတဲ့ သူ့ကြောင့် သူမက...

"ရှင် ကျွန်မ လာမယ်မှန်း ကြိုသိနေတာလား မိုးပြာ"

ပြောလည်းပြော သူနဲ့ ခပ်လှမ်းလှမ်း ကျောက်စာခြေရင်းမှာ ခါးလွယ်ခုတ်ပုံစံ ထိုင်ဖြစ်သည်။

သူမစကားကြောင့် သူ့ အေးစက်စက်ဆန်လှတဲ့ အပြုံးမျိုးနဲ့ ပြုံးနေသည်။

"မနေ့က လေးလေးပို့လိုက်တဲ့ စာအိတ်ကြောင့် ဦးရဲထွန်းစိတ်ထဲမှာ ကသိကအောက်ဖြစ်နေမှာ ကျွန်တော် သိနေပါတယ်၊ ကျွန်





တော် ကြိုတင်သိနေရင်လဲ ဒီပုံကို ပို့ဖြစ်မယ် မထင်ဘူး မနိုင်း ကျွန်တော် တားမိမှာ အမှန်ပဲ..."

"ဘယ်လို!... လေးလေးကိုယ်တိုင် ပို့လိုက်တာ..၊ ဘာ အဓိပ္ပာယ်လဲ..."

"အဓိပ္ပာယ်..၊ ဟုတ်လား..."

သူ့ ပြန်မေးတော့ သူမ ဘာဖြေရမှန်းမသိ။

"အဲဒီ ပန်းချီကားလေးဟာ သိပ်အဓိပ္ပာယ်ရှိတာပေါ့ မနိုင်..၊ ဒါပေမယ့် ကျွန်တော် ပြောမပြဘူးလို့ ဆုံးဖြတ်ထားတယ်၊ တကယ် ကျွန်တော်မပြောလို့ လေးလေးကို မနိုင် သွားမေးလဲ ကျွန်တော့်ကို ပေးထားတဲ့ကတိကြောင့် လေးလေး ပြောမှာ မဟုတ်ဘူး"

မသိရမှ သူမ ပိုသိချင်လာခဲ့တယ်...။

"ဘာကြောင့် ရှင် မပြောရတာလဲ..."

"ဘာကြောင့် မပြောရတာလဲလို့ဆိုရင် အမှန်းတွေ ထပ်မလို ချင်လို့လေ"

သူမက...

"အမုန်းတွေ ထပ်မလိုချင်လို့"

သူ့ ခေါင်းညိတ်ပြသည်။ ပြီးတော့ သူမဆီ လှမ်းကြည့်ရင်း...

"ပထမ ရလာတဲ့ မနိုင်ဆီက အမုန်းနဲ့ထင် ကျွန်တော် သေ လောက်သင့်ပြီလေ..၊ နောက်ဖြစ်လာမယ့်အမုန်းဟာ ကျွန်တော့်ရင် ပြာကျသွားနိုင်တဲ့ မုံးတစ်လုံးပဲလို့ သတ်မှတ်ရအောင်ကို သိပ်ပြင်း ထန်လိမ့်မယ်..."



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲက စကားတွေ သူ့မျက်ဝန်းထဲမှာ နာကျင်တဲ့ အရိပ်အငွေ့နဲ့အတူ မြင်နေရတယ်…။

အဲဒီစကားတွေကို သူမ သိပါတယ်။

ကျွန်မ ရင်ထဲမှာရော…

အချိန်အကြာကြီး သူမတို့ စကားမပြောဖြစ်ကြ။ ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်သက်နေကြပါတယ်‥။

နောက်တော့ သူမ သူ့ကို နှုတ်မဆက်ဘဲ ထွက်လာခဲ့ပါတယ်။

ဒီကားကို ရိုက်နေစဉ်အတွင်းမှာ သူနဲ့ တွေ့ဆုံဖြစ်ခဲ့ပါတယ်။ ရင်ထဲမှာရှိတဲ့ သူ့အပေါ်ထားတဲ့ အမုန်းတရားတွေ ပျောက်ဆုံးလွင့်ပြယ်ခဲ့တာ သူ့ကို သိစေချင်သည်။

ရိုက်ကွင်းခဏနားတော့ သူမ ရိုက်ကွင်းတည်ရာ ခြံထဲမှာ မျက်နှာသစ်ချင်တာကြောင့် ခြံနောက်ဘက်က ရေချိုးခန်းဆီ ကွေ့ပတ် လျှောက်လာမိသည်။

လျှောက်လာရင်း တိုက်ထောင့်ချိုး အကွေ့တစ်ခုအရောက် တစ်ဖက်ကွယ်မှာ စကားပြောသံတွေ ကြားရပါတယ်။

“ကိုကို ဘာလို့ မပြောတာလဲ‥၊ ဒီစကားတစ်ခွန်းနဲ့တင် ကိုကို မျှော်လင့်သလို ဖြစ်လာမှာ ကိုကို သိရဲ့သားနဲ့ ကိုကိုရာ…”

“ကိုကို မပြောရက်ဘူး မိဇော်”

“အဓိပ္ပာယ်မရှိတာ ကိုကိုရာ…”

သူမ အုတ်ဘောင်အကွေ့ကိုကျော်တော့ မတ်တတ်ရပ် ယှဉ်စကားပြောနေတဲ့ မိမိဇော်နဲ့ မိုးပြာကို တွေ့ရသည်။





သူ့ကိုတွေ့တော့ မိုးပြာက မျက်နှာချင်းမဆိုင်မိအောင် မျက်နှာလွှဲပါတယ်။ မိမိဇော်ကတော့ သူမကို…

“မမနိုင်တို့ကတော့ ဘယ်အချိန်ကြည့်လိုက်ကြည့်လိုက် လှပြီးသားပဲနော်”

သူမက ပြုံးရင်း…

“သိပ်မမြှောက်ပါနဲ့ မိမိဇော်၊ မမနိုင်က ဘဝင်မြင့်တတ်တယ်”

သူမက မိမိဇော်ကို…

“ဘယ်တုန်းကရောက်လဲ မိမိဇော်”

“ခုနကပဲ မမ၊ အလုပ်ကိစ္စတစ်ခုနဲ့ လာတာလေ၊ ပြန်တော့မှာ…”

သူမ မိမိဇော်ကို နှုတ်ဆက်ပြီး ရေချိုးခန်းဘက် ထွက်လာခဲ့ပါတယ်။ သူမ ပြန်ထွက်လာတော့ သူတို့ကို မတွေ့ရတော့ပါ။

မိမိဇော်နဲ့ မိုးပြာဟာ ဘယ်အတိုင်းအတာအထိ ရင်းနှီး… သူမ အတွေးနက်မိသည်။

သူမ ကိုယ်လက်သန့်စင်ပြီးတော့ ရိုက်ကွင်းရှိရာကို ပြန်လာ… မှာ မိမိဇော်က တစ်ခုခု လှမ်းပြောလိုက်လို့ မိုးပြာ သူမကို လှမ်း… ကြည့်တဲ့အကြည့်တွေက ထူးခြား၏။ အပြောရခက်တဲ့ သ… တွေနဲ့ တစိမ့်စိမ့် စီးဝင်တဲ့ အက်စစ်လို၊ ဒါပေမယ့် ပူလောင်… မှုတွေလည်း အဲဒီအကြည့်မှာ မရှိပြန်‥။

မိုးပြာဟာ မှန်းဆရခက်တဲ့ လူတစ်ယောက်ဆိုတာ ဒီ…



www.burmeseclassic.com

www.burmeseclassic.com



အတွင်း သူမ နားလည်မိလာတယ်။

အားငယ်ကရုဏာသက်စရာ ဟန်ပန်တွေလည်း တစ်ခါတစ်ရံ တွေ့ရသည်။ လူစားဝင်ရမယ့် အက်ရှင်အခန်းတွေဆိုရင်လည်း သူ မကြောက်မရွံ့။

မနေ့က လူကြမ်း ကိုညိုဒေါင်းနဲ့ သူမရဲ့ မိတ်ကပ်ဆရာမ အငွေး ကိုကပ္ပလီတို့နဲ့ ဝိုင်းဖွဲ့ပြောနေကြတာ ကြားမိပါသည်။

ကိုညိုဒေါင်းက…

"မိုးပြာက တစ်မျိုးပဲ၊ လူပုံကြည့်ရင်တော့ မိုက်ကန်းကန်း ခပ်ရိုင်းရိုင်းလို့ ထင်စရာ၊ ဒါပေမယ့် ဟိုတစ်နေ့က ဒီကောင်ရယ်၊ ငါရယ်၊ ကိုမော်ကြီးရယ် အသေးလေးလှမြင့်ဆီ သွားကြတယ်လေ၊ ဟိုရောက်တော့ လှမြင့်အခြေအနေကို မမြင်ချင်လဲ တွေ့နေရတော့ တော်တော် စိတ်မကောင်းဖြစ်သွားပုံရတယ်။ လှမြင့်ခမျာမှာလဲ ကြည့်လေ…၊ မွေးထားတဲ့ ကလေးတွေကလဲ အများသား၊ ဒီကြားထဲ သူ့မိန်းမက ရင်ကျပ်ပန်းနာသည်၊ အငယ်ဆုံး ကောင်လေးကလဲ အရေးထဲ ဖျားနေသေးတယ်၊ အဲဒါကိုမြင်တော့ မိုးပြာက သူ့ အိတ်ကပ်ထဲက ပိုက်ဆံအကုန်ထုတ်ပြီး လှမြင့်ကို ပေးလိုက်ရော၊ ငါတို့လဲ ပေးတာပေါ့ကွာ၊ ငါတို့ပေးတာက အနည်းအကျဉ်းပါကွာ၊ လှမြင့်ခမျာ တို့ကို ကျေးဇူးတင်လွန်းလို့ မျက်ရည်တောင် ဝဲတဲ့အဖြစ် ဟော့…၊

အဲဒီကအပြန်မှာ ငါရယ်၊ မော်ကြီးရယ်၊ ဒီကောင်ရယ် ဆိုင် တစ်ဆိုင် ဝင်ကြပါလေရော"





"မဝင်တဲ့နေ့ရော ရှိလို့လား ကိုညိုရယ်"

အငွေးရဲ့ နွဲ့တဲ့တဲ့စကားကြောင့် ကိုညိုဒေါင်းက…

"အရေးထဲ သူကတစ်မျောင့်…"

ကိုညိုဒေါင်းရဲ့ ဟောက်ဟာမ်းသံကို အငွေးတို့က ပန်းနှင့်ပေါက် သည်ထင်သလား မသိ။

"အညိုကလည်း အငွေးက စိုးရိမ်လို့ ပြောတဲ့ဟာကို…"

"သွားစမ်းပါဟာ…၊ စကားကောင်းပြောနေတာ နင်က တစ်မျိုး"

အငွေးက တဟီးဟီး ရယ်၏။

"ဆက်ပြောပါဦးဗျ"

ကိုကပ္ပလီက စကားကို လှမ်းထောက်ပေးလိုက်တော့…

"အဲဒီမှာကွာ… မိုးပြာက ပြောပါလေရော၊ လူကြမ်းဆိုတာ ရုပ်ရှင်ထဲမှာသာ လူအမြင်ကတ်အောင် ကြမ်းပြရမ်းပြနေရတာပါ ဗျာတဲ့၊ အဲဒီအတွက် ပရိသတ်ကလဲ မုန်းကြငါယ်၊ အဲဒီအမုန်း အတွက် ရလာတဲ့ သရုပ်ဆောင်ကြေးကရော ထိုက်တန်မှုရှိရဲ့လားလို့ ဒီကောင် ပြောလာတယ်၊ ပြီးတော့ ဆက်ပြောသေးတယ်လေ၊ တချို့ ကားတွေဆိုရင် အကျမတော်လို့ ခြေကျိုး၊ လက်ကျိုး အန္တရာယ်ဖြစ် စေလောက်တဲ့အထိ ဖြစ်ကြတာ ပရိသတ် မသိကြပါဘူး၊ သိလဲ ပေါ့ပေါ့တန်တန်ပါပဲတဲ့…၊

ဘယ်မင်းသားလေးက ဟိုကားမှာ ခြေမ၊ကွဲသွားတာ၊ ဒီ မင်းသားကတော့ ပါးပေါ်မှာ ဆူးခြစ်သွားတာ၊ အဲဒါကျတော့ ရုံ



www.burmeseclassic.com

www.burmeseclassic.com



သတ် အသိမြန်တယ်၊ ပြောရရင် ရင်ထဲ နင့်ကျန်စရာပါပဲဗျာ..၊

လူကြမ်းဆိုတာ ဝဋ်နာကံနာခံရတဲ့ အမျိုးအစားလားလို့ သတ်မှတ်ရမယ့် အတွေးတစ်ခု ဝင်လာတယ်လို့ ဒီကောင် ပြောခဲ့တယ်၊ ပြီးတော့ ပြောပါသေးတယ်၊ လူကြမ်းတွေအတွက် 'ကိုလူချောတို့အဖွဲ့'အတွက် ပုံပိုး၊ ကူညီကြတဲ့ အနုပညာသမားတွေကိုတော့ ကျွန်တော့်ရင်ထဲမှာ ကျေးဇူးလဲ တင်တယ်၊ ပီတိလဲ ဖြစ်မိတယ်တဲ့လေ''

ကိုညိုဒေါင်းစကားကြောင့် အငွေးက တွေးတွေးဆဆ ပြောသည်။

''ဟုတ်တယ်နော်..၊ မိုးပြာက လူချစ်လူခင် ပေါတာတော့ အမှန်ပဲ၊ ကိုသားကြီး၊ ကိုမိုး၊ ကိုနေတို့ အပါအဝင် မင်းသားတော်တော်များများကအစ မင်းသမီးထဲမှာဆို စောနန္ဒာ၊ မမို့ဆိုလဲ သူ့ကို လေးလေးစားစား ဆက်ဆံတယ်နော်၊ အငွေးတို့ကိုလဲ အခြောက်မို့လို့ဆိုပြီး ကိုညိုဒေါင်းတို့လို နိုင်ထက်စီးနင်း မဆက်ဆံတာ အမှန်ပဲ''

အငွေးစကားကြောင့် ကိုညိုဒေါင်းက မျက်စောင်းထိုး ကြည့်သည်။ ကိုကပ္ပလီကတော့ ရယ်နေပါသည်။ အငွေးက ဆက်ပြောပြန်တယ်။

''ဟိုတစ်နေ့က အန်တီ ဒေါ်စံရှားတင်နဲ့ ဈေးထဲမှာဆုံတော့ ဟို ကောင်လေးကို တွေ့သေးလားတဲ့၊ တွေ့ရင် အမေမှာတယ် ပြောလိုက်ပါတဲ့လေ''

သူ့အကြောင်းတွေ နားမဖွင့်ဘဲ ကြားနေရတာတော့ အမှန်ပါပဲ။





သူ့ကို လေးစားစိတ်နဲ့ သံယောဇဉ်ဖြစ်မိတာ တစ်နေ့ထက်တစ်နေ့ သေချာလာတော့ ကိုယ့်ကိုယ်ကို ပြန်ရှက်နေမိသည်။

သမီးမိုးဖြူက အိမ်မှာ အိပ်တဲ့နေ့က ပြောဖူးသည်။ မာမီနိုင် ဖေဖေ့ကို ဘာလို့မုန်းတာလဲတဲ့..။

သူမက မိုးဖြူလေးကို စချင်တာကြောင့် မချစ်လို့ပေါ့လို့ပြောတော့ သမီးက မုန်းတာမကောင်းဘူး၊ ချစ်တာကောင်းတယ် မာမီနိုင်တဲ့၊ သူမ 'သမီးစကားကြောင့် ရှက်ကိုးရှက်ကန်းဖြစ်မိတာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်မိုးပြာကို အနှစ်ကယ်လ် တွေ့ကတည်းက ရင်းရင်းနှီးနှီး ဖြစ်မိတာတော့ အမှန်ပဲ၊ မင်းလေးလေး ခြံအရောင်းအဝယ်ကိစ္စနဲ့ ဦး ဒီရောက်လာတော့ မင်းနဲ့ ဒီကောင်ကြီးအိမ်မှာ တွေ့ကြသေးတယ်လေ..၊ အဲဒီည မင်း လေးလေးနဲ့ သောက်ရင်းစားရင်း အမှတ်မထင် ဆိုင်ထဲမှာ ဒေါက်တာရဲညိုနဲ့ တွေ့တာပေါ့ကွာ..၊ သူကလဲ သူ့ညှော်သည်တွေနဲ့ စားသောက်ပြီးစီးလို့ အပြန်မှာ မင်းလေးလေးနဲ့ တွေ့တာနဲ့ စကားစပ်မိကြရင်း မောင်မိုးပြာဟာ သစ္စာသားမှန်း ဦး သိလိုက်ရတယ်၊ အဲဒီကတစ်ဆင့် မင်းအဖေ ဘယ်သူလဲလို့ ဦး ပြောလိုက်မိတယ်လေ..."

ဒေါက်တာရဲညိုနှင့် မိဇော်၊ သူ၊ ပြီးတော့ လေးလေး ဦးညိုမြင့်အားလုံး လေးလေးအိမ်မှာ ဆုံတွေ့ပြီး စကားပြောဖြစ်ကြသည်။

"သိပ်အံ့ဩဖို့ကောင်းတာပဲ၊ ဒီမှာရှိတဲ့လူတွေ တစ်နေရာတစ်နေရာစီမှာ သစ္စာနဲ့ပတ်သက်ပြီး ဆုံခဲ့ဖူးတယ်၊ မိုးပြာနဲ့ပတ်သက်ပြီး ဆုံခဲ့ကြတယ်၊ တိုက်ဆိုင်မှုဆိုတာ ကံကြမ္မာဝှက်ထားတဲ့ဝှက်ဖဲတစ်ချပ်ပဲ"

ဒေါက်တာရဲညို စကားကြောင့် ဦးညိုမြင့်က...





"သစ္စာက စင်ဗျားလဲ သိမှာပါ ကိုရဲညို၊ သိပ်သတ္တိရှိတဲ့ မိန်းကလေး၊ အမှန်တရားကို မြတ်နိုးတယ်၊ ခေါင်းမာမယ့်ပုံပဲ"

"ဘာဖြစ်လို့လဲ ညိုမြင့်"

လေးလေးအမေးကြောင့် ဦးညိုမြင့်က...

"သူ့ သူ့ကို အလိုမတူဘဲ ပေါင်းသင်းနေထိုင်ခဲ့တဲ့ ကိုရဲထွန်း..၊ အဲဒီ ကိုရဲထွန်းက သူ့ကို သိပ်ချစ်လို့ ဒီလိုပြုမူခဲ့တာပါဆိုပြီး သူ့အမှားကိုသူ သစ္စာစီမှာ ဝန်ချတောင်းပန်ခဲ့တယ်၊ ပြီးတော့ လက်ထပ်ခွင့်ကို ငြင်းတယ်၊ ငြင်းလို့လဲ သူ့အစ်ကို ကိုမင်းကံကို အပြီးထားတာပေါ့"

"ကျွန်တော်ကတော့ ခေါင်းမာတယ်လို့မထင်ဘူး အစ်ကိုကြီး"

ဒေါက်တာရဲညိုစကားကြောင့် ဦးညိုမြင့်က လှည့်ကြည့်သည်။

"ခေါင်းမာတယ် မထင်ဘူး ဟုတ်လား ကိုရဲညို"

ဒေါက်တာရဲညိုက ခေါင်းညိတ်သည်။ လေးလေးကတော့ ဒေါက်တာရဲညိုစကားကို လက်ခံဟန် ခေါင်းညိတ်ကာ ပြုံး၍ကြည့်နေသည်။

"သူ မချစ်မနှစ်သက်တဲ့သူနဲ့ နေရတဲ့ဒုက္ခ၊ နောက်ထပ်တစ်ခုက မိန်းမတစ်ယောက်ကို ဒီလိုနည်းနဲ့ အစမှသိမ်းလို့ရမယ်လို့ ဒီလူထင်ထားတာ မှားကြောင်း၊ မသစ္စာ ဖြေရှင်းပြလိုက်တာပါ"

သူ မေမေ့ကို မျက်ဝန်းမှိတ်ရင်း ပုံဖော်ကြည့်သည်။

ယခင်က ရွာလမ်းတစ်လျှောက်မှာ မေမေနဲ့ ကျောင်းအတူသွားခဲ့ကြတာတွေ..၊ ညအိပ်ရာဝင် မေမေပြောပြတဲ့ အိပ်ရာဝင်ပုံပြင်တွေ နားထောင်ရင်း အိပ်ပျော်ခဲ့ဖူးတာတွေ မြင်ယောင်ရင်း မျက်ရည်ခဲ



www.burmeseclassic.com

www.burmeseclassic.com



မိပါသည်။

"မှန်တယ်၊ ကိုရဲညိုပြောစကားကို ငါလဲ ထောက်ခံတယ် ညိုမြင့်"

"ကိုရဲထွန်းက သူ့ကိုယ်ဝန် မသန္တာဆီ ပါသွားမှန်း မသိဘူး လား ကိုညိုမြင့်"

"အစပိုင်းကတော့ မသိဘူး ထင်ပါတယ်၊ နောက် တရားရင် ဆိုင်တော့မှသာ ဒီလူ သိသွားတယ်၊ သန္တာ ခြေရာပျောက်ချိန်မှာ ကိုရဲထွန်း ကျုပ်ဆီ လာတယ်၊ သူ သန္တာကို တောင်းပန်ချင်တဲ့ အကြောင်း..၊ လက်ထပ်ချင်တဲ့အကြောင်း ကျုပ်ကို ပြောတာပေါ့ လေ၊ သူ့ရဲ့မိုက်ပြစ်ကို သူ ခံရဝ၁၁ပဲ ထင်ပါတယ်"

ဦးညိုမြင့်စကားကို အားလုံးက လက်ခံဟန် ခေါင်းညိတ်သည်။

"ဒါနဲ့ သန္တာကရော ကိုရဲထွန်းအပေါ်မှာ သံယောဇဉ်ရှိပုံရလား"

လေးလေးအမေးကို ဦးညိုမြင့်က...

"သံယောဇဉ်မရှိလို့ ဒီလိုလုပ်တာပေါ့ ဖေသစ်ရာ..."

"မဟုတ်ဘူး..၊ သန္တာ ကိုရဲထွန်းကို သိပ်ချစ်ခဲ့ပါတယ်"

ရုတ်တရက် ဝင်ရောက်လာတဲ့အသံ..။ သူတို့ တံခါးဝကို ကြည့်မိတော့...

"အစ်မမြ"

"မာမီ..."

ဆေးရုံက တန်းဝင်လာဟန်တူသူ မာမီက လွတ်နေတဲ့ဆိုဖာ ပေါ် ထိုင်ရင်း...





"ကိုရဲထွန်းကို သိပ်ချစ်ခဲ့လို့လဲ ဒီလိုတွေ ဖြစ်ကုန်တာပေါ့..၊ မြို့လေးမှာ ကိုရဲထွန်းက အပေါင်းအသင်းတွေနဲ့ လူရမ်းကား သူဌေး သား၊ ဒါကို သန္တာက ကြည့်မရခဲ့ဘူး၊ ငွေအင်အားနဲ့ ဖြေရှင်းချင် တယ်၊ ငွေအားနဲ့ အနိုင်ကျင့်ချင်တယ်..၊

သန္တာကိစ္စမှာလဲ သန္တာက သူ့ကို တန်ဖိုးမထားလို့ ဒီလိုပြုကျင့် ခဲ့တာလို့ သန္တာ ထင်သွားခဲ့တယ်၊ ရှင်းရှင်းပြောရရင် အချစ်ကြီးလို့ အမျက်ကြီးသွားတာပေါ့ရှင်"

"အင်း... အဖြစ်အပျက်တွေက သိပ်အံ့ဩစရာတွေပဲနော်"

လေးလေးရဲ့ အမေးစကားကြောင့် ဦးညိုမြင့်ကလည်း...

"မထင်မှတ်တာတွေဖြစ်လာဖို့ ကံတရားဆိုတာ လူတွေကို အသုံးချလိုက်တာဖြစ်မယ် ထင်ပါရဲ့ဗျာ"

"ဒါဆို ရွှေဦးနိုင်နဲ့ မိုးပြာက ဖအေတူ မအေကွဲတဲ့ မောင်နှမ တွေပေါ့"

"အဲဒါလဲ မဟုတ်ပြန်ဘူးဗျ"

"ဘယ်လို..."

ဒေါက်တာရဲညိုက မာမီကို လှမ်းကြည့်ရင်း...

"ဒီစကားက ဆရာဝန်တစ်ယောက်အနေနဲ့ မပြောသင့်တာ အမှန်ပဲ၊ ဒါပေမယ့် လူမှုရေးရှုထောင့်ကကြည့်တော့ မောင်မိုးပြာ အတွက်ကြောင့် ပြောသင့်တယ် ထင်တယ်လေ၊ မောင်မိုးပြာကတော့ အရိပ်အမြွက် သိပြီးသားပါ၊ ဒီလိုဗျ..."



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်လောက်ရှိနေပြီလဲ”

ကျောက်ဖြူက လေးလေးကို လက်ညှိုးတစ်ချောင်း ထောင်ပြသည်။

လေးလေးက ပခုံးတွန့်သည်။

ကရိန်းအဖွဲ့တွေ ထရော်လီတွေကို ကိုဇော်က ကျောက်ဖြူကို ခေါ်သွားရင်း (Camera Angel)အတွက် ဆွေးနွေးတိုင်ပင်၏။ ပြီးတော့ ကိုဇော် ငုံ့ကြည့်လိုက်၊ ကျောက်ဖြူ ငုံ့ကြည့်လိုက်နဲ့ (Camera Bound) တွေထဲက အရုပ်တွေအတွက် အပြန်အလှန် ဆွေးနွေးကြပြန်သည်။

လေးလေးက သူ့ကိုခေါ်သွားရင်း လေးယောက်သား ဆုံမိကြသော့အခါ

“လေးလေး မလွယ်ဘူးနော်”

“ဘာကိုလဲ မောင်ဇော်ရဲ့”

“မိုးပြာအဖြစ် သရုပ်ဆောင်ဖို့ ကိုနေက ရဲတွေလိုက်လာလို့ ပြေးတဲ့အခန်းကို ဇာတ်လမ်းထဲမှာ ရိုက်ရှင်ရိုက်ကြတယ်၊ အဲဒါက





အရေးမကြီးပေမယ့် ဆိုင်ကယ်နဲ့ ပြေးတဲ့အခန်းမှာ ဒီတံတားအပျက်ပေါ်က ပြေးရမှာ၊ ဆိုင်ကယ်စီးတဲ့ ဒီတံတား စီးနိုင်ပါ့မလား…”

ဆွေးမြည့်နေတဲ့တံတားကို ရည်ညွှန်းရင်းပြောတော့ လေးလေးက တံတားဟောင်းပေါ်တက်ကာ ငုံ့ဆကြည့်နေသည်။

“ဖြစ်တော့ ဖြစ်နိုင်တယ်..၊ ဒါပေမယ့် ဒီအခန်းကို နေထိုက်ကိုယ်တိုင် သရုပ်ဆောင်မှာလား…၊ မဖြစ်ဘူး ထင်တယ်..၊ သူက အတွေ့အကြုံရှိတာ မဟုတ်ဘူး…”

ကိုနေကတော့…

“ဟာ… ရပါတယ် လေးလေးရာ..”

လေးလေးက ကိုနေ့စကားကို လက်မခံနိုင်ပုံ ရသည်။

“ဖြစ်ပါဘူး မလုပ်နဲ့..၊ အန္တရာယ် အရမ်းများတယ်”

လေးလေးစကားကြောင့် ကိုနေ စိတ်ညစ်သွားပုံရသည်။

“လူကြမ်းထဲမှာ လုပ်နိုင်တဲ့သူ ဘယ်သူပါလဲဗျာ…”

“ကိုအရိုင်းမင်း ရှိတယ်…”

“လခွီးမှပဲ… အရိုင်းမင်းခန္ဓာကိုယ်နဲ့ ငနေနေရာ အစားထိုးသရုပ်ဆောင်ဖို့ကို ဖြစ်မလားဟ၊ ချိုးဦးနောက်ပိုင်ရှင်ရဲ့..”

ကိုဇော်က မျက်နှာငယ်ငယ်လေးနှင့်…

“ပျံလွှားနဲ့ ဗလကြီးပဲ ကျန်တော့တယ် လေးလေး…”

လေးလေးက စိတ်ပျက်လက်ပျက် ဖြစ်သွားပုံရသည်။

“ကဲ… မရှိလည်း ငနေသာ လုပ်နိုင်းတော့ကွာ”

လေးလေးရဲ့အားလျော့သံ စကားကြောင့် သူက…



www.burmeseclassic.com

www.burmeseclassic.com



"လေးလေး ကိုနေတော့ နိုင်းမနေပါနဲ့၊ ကျွန်တော်ပဲ လှူစားဝင်ပေးမယ်"

မိုးပြာရဲ့ စကားကြောင့် လေးလေးက...

"ဖြစ်ပါ့မလား"

"ဘာဖြစ်လို့လဲ လေးလေး"

လေးလေးက ဘာမှ အရေးမပါသလို ဟန်ဆောင်ရင်း...

"ဘာမှမဖြစ်ပါဘူးကွာ"

ကိုဇော်က လေးလေးရဲ့စကားသံကို သိပုံရပါတယ်။

"မင်းရယ်၊ မိနိုင်ရယ်၊ လေးလေးရယ် ခုတီယမြောက် ဆုံစည်းမှုမှာ ထပ်နောင်တရမယ့်ကိစ္စမျိုးတွေ ဖြစ်လာမှာ သူ စိုးရိမ်နေတယ် မိုးပြာ"

ကိုဇော်က ပြောပြီး ထွက်သွားပါတယ်။ ထပ်နောင်တ,ရလာမယ့်ကိစ္စမျိုးတွေ ဆိုတဲ့စကားဟာ သူ့နား ထဲမှာ ပဲ့တင်ထပ်နေသည်။





ဒီတီဆိုင်ကယ်ကို လီဘာ တင်လိုက်တော့ စက်သံက ဆူညံသွားသည်။

ရိုက်ကွင်းအတုကို ပြသထားပြီး အဲဒီရိုက်ကွင်းအတုမှာ ဒါရိုက်တာကို စက်အဖွဲ့က ကိုအေးဆန်းကို သရုပ်ဆောင်ခိုင်းထားရသည်။

မျက်မှန်သုတ်ပဝါ အသေးစားလေးကို ပခုံးပေါ်တင် ဒီဂရီမပါတဲ့ မျက်မှန်၊ ကိုနေရဲ့ ဟာဝေယံရှပ်တစ်ထည်နဲ့ ကိုအေးဆန်းက တောက်ပြောင် သားနားနေပါသည်။

ကိုဇော်က အဆင်သင့်ဖြစ်ပြီလားမေးတော့ အားလုံးက အချက်ပြသည်။ လေးလေးက ခေါင်းညိတ်အပြမှာ အကူရာဂဏန်းတွေကို နောက်ပြန် ရေတွက်ရင်း အက်ရှင်လို့ အော်သည်။

ကလက်ရှ်ကို လွှတ်လိုက်တဲ့အချိန်မှာ ဆိုင်ကယ်ဟာ ပင်မလမ်းမကြီးက ခွဲထွက်သွားတဲ့ ကျောက်လမ်းဟောင်းအတိုင်း တစ်ဟုန်ထိုး ပြေးထွက်သွားသည်။ ကရိန်းပေါ်က ကိုတင်ဆန့်၊ လမ်းအသစ်ပေါ်က ကိုကျောက်ဖြူတို့က ရိုက်ကွင်းအတုပါ ပါအောင်ရိုက်သည်။ သူ့ရှေ့မှာ တံတားက ကားဘီးရာတစ်ခုစာ ပျဉ်ပြားချပ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာသာ မောင်းလို့ရနိုင်သည်။ ကျန်တာက ကန့်လန့်ဖြတ် လေဟာနယ်သဏ္ဍာန် စပ်စိပ်စိပ်ရှိက်ထားသည့် တံတား…။

အဲဒီ ပျဉ်ပြားပေါ် မေးတင့်လိုက်ပြီး အရှိန်ကိုမလျှော့ဘဲ၊ သူ လေးလေးပြောထားတဲ့အတိုင်း သတ်မှတ်ထားတဲ့နေရာအရောက်မှာ နောက်ပြန် လှည့်ကြည့်ရသည်။ ရဲဇော်လိုက်လာသည့်သဘော(အပြ) ပေါ်၊ နောက်မှသာ ဒီကတ်ကို သပ်သပ် ထပ်ရိုက်မည်။

မောင်းလာရင်း လက်ရှိန်ကျွတ်နေတဲ့ နေရာအရောက်မှာ မိုးကယ်ကို အရှိန်လျှော့ ရှေ့ကို ထွန်းလွှတ်ပြီး သူ ခရေမ် နိုင်းမင်းရိုက်လိုက်သည်။

❀ ❦ ❀

ဒီပွဲပေမယ့်ရွှေသုတ်နေရင်း ကိုဇော် လာပေးတဲ့ ကော်ဖီခွက်ကို လှမ်းယူသည်။ ကိုဇော်က သူ့အောမှာ ထိုင်ရင်း…

"လက်သီးကိုမောင်မောင် အသက်ပြန်ရှင်လာတဲ့အတိုင်းပဲ၊ စတန့်ကတော့ ကောင်းပါ့ကွာ"

သူ ကော်ဖီ မှုတ်သောက်ရင်း…

"တော်ပါဗျာ…၊ ကျောနဲ့သာကျလို့၊ ရင်ဘတ်နဲ့သာကျလို့ကတော့ အဆုတ်ကွဲမယ့်ကိန်း"

ပရိုဂျူဆာ မင်းသားကတော့ သူ့ဆီ လျှောက်လာရင်းက…

"ပျော့ကောင် ဒီကတ်ကတော့ စပါယ်ရှယ်ပဲ၊ မော်နီတာမှာ ပြန်ကြည့်တာ သိပ်မိုက်တယ်ဟေ့"

"သြော်… ခင်ဗျားကတော့ ပရိုဂျူဆာလေသံနဲ့ ပြောတတ်နေပြီပေါ့လေ၊ အမြှောက်အပင့်လေးပါ ရပါ့ဗျာ"

"ဟာ… မင်းကလဲ ငါ ညနေစာ ဝမ်းတော်ဘယ်လ် ခင်းပေးပါမယ်ကွာ၊ ကြိုက်တဲ့ဆိုင်သာ ပြော…"

"ခင်ဗျား တကယ်မှာ ကိုနေ"







www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ..."

မင်းသား အဝေးထွက်သွားမှ ကိုဇော်က...

"ဟေ့ကောင်၊ အဲဒီကော်ဖီ ဘယ်သူတိုက်တာ ထင်လဲ"

"ရှုတင် ထမင်းချက်အဖွဲ့က ဒေါ်နု ဖြစ်မှာပေါ့"

"ထပ်သရီး... ဒေါ်နုက ဘယ်နှစ်ခါများ တိုက်ဖူးလို့လဲ၊ ဒါ မင်းရဲ့ အမှန်းကိုယ်ပွားလေးဆီကပဟ..."

"ဘယ်သူ!..."

"ဪ... တော်တော် ဒုန်းဝေးပါလား မောင်မိုးပြာရယ်၊ နွေဦးနိုင် ဟေ့"

သူ ကုလ္လိုပင်အောက်က ထီးအကျားကြီးရှိရာဆီ လှမ်းကြည့်မိသည်။ သူမက ဖျတ်ခနဲ မျက်လုံးလွဲသွားတာလည်း မြင်လိုက်၏။

အလင်းကို လက်ဆောင်ပေးတဲ့ လမင်းရဲ့နှုတ်ခမ်းတွေ ချစ်ခြင်းမေတ္တာ အဆိပ်ထိလို့ ပိုလင်းပြွန့်ရလာသလို။ သက်ပြင်းတွေထဲ မျှော်လင့်ချက်တွေ အလဲလဲပြိုကျခဲ့တာ လေပြည်တွေလည်း သိလောက်ပါပြီ။ နှင် အမှားပေးတဲ့ ငါ့ရင်ဘတ်လည်း ကြက်ခြေခတ်ခံရပေါင်းများလို့ အမှန်တရားကို မြင်တဲ့အခါ မယုံကြည်တော့ဘူး။

တိတ်တဆိတ် ကရုဏာကို ပြန်သိမ်းပေးပါ။





မိုးကျော်က သူ့အကျီကို အတင်းဆွဲထားပါတယ်။

"ဟေ့ကောင်... စိတ်လျှော့စမ်းပါကွာ"

သူ့ရှေ့က ကောင်လေး သုံးယောက်ကတော့ မှုန်တေတေနဲ့၊ ကောင်မလေးကတော့ အားနာဟန်ရှိပုံရသည်။ အပြာရောင်အင်္ကျီမှုမှု ဝတ်ထားတဲ့ ချာတိတ်က...

"ရုပ်ရှင်ထဲမှာပါတယ်ဆိုပြီး သိပ်လဲ ဘဝင်မြင့်မနေပါနဲ့ပုဂ္ဂိုလ်၊ ရုပ်ရှင်ထဲမှာလဲ ခင်ဗျားက လူကြမ်းပါ၊ အဲ... အပြင်မှာတော့ မိုက်လို့ မရဘူးနော်"

"ဘာကွ.."

မိုးကျော်က သူ့ကို မဆွဲတော့ဘဲ ရှေ့ကို ထွက်လာသည်။

မိုးကျော်ဆိုတဲ့ကောင်က စိတ်က ခပ်ဆတ်ဆတ်...

"ဟေ့ကောင် မင်းတို့ စကားတွေပြင်ပြော၊ မင်းတို့ လေသံလေးကို ငါတို့ စကားလာပြောတာ မဟုတ်ဘူး၊ သူ့အစ်ကိုက လူကြမ်းသရုပ်ဆောင် ကိုမိုးပြာ မဟုတ်လားလို့ လာမိတ်ဆက်တာ၊ အဲဒါကို မင်းတို့က ဘာမခံမရပ်နိုင် ဖြစ်နေတာလဲ၊ အေး... ရုပ်ရှင်ထဲမှာသာ



www.burmeseclassic.com

www.burmeseclassic.com



လူကြမ်းပေမယ့် အပြင်မှာလဲ တစ်ပွဲချင်းပိုက်လို့ရတယ်၊ ယော့ကောင် ချမလား..၊ လာ...''

အဲဒီအခါကျတော့ ကောင်လေး သုံးယောက်က နည်းနည်းရှိန် သွားပုံရတယ်၊ ကောင်မလေးက သူတို့ကြားထဲ အတင်းဝင်ကာထား ပြီး အကျီအပြာရောင် ကောင်လေးကို...

''မေမေ... နင်တော်တော့၊ အစ်ကိုတို့ကို ညီမ တောင်းပန်ပါ တယ်၊ ညီမ အပေါင်းအသင်းတွေ ရိုင်းသွားတာ စိတ်မရှိပါနဲ့နော်''

ကောင်မလေးက အတင်းတောင်းပန်ပြီး ထွက်သွားသည်။

သူတို့ဖြစ်နေတဲ့ပွဲကို ဘေးက ဝိုင်းကြည့်နေတဲ့ လူအုပ်ကလည်း မနည်းနောလှပါ။

သူတို့နှစ်ယောက်လည်း နေပြည်တော် ရုပ်ရှင်ရုံရှေ့ကနေ ဝဇီရာ ရုပ်ရှင်ရုံပလက်ဖောင်းအတိုင်း လျှောက်လာမိသည်။ လမ်း လျှောက်ရင်း မိုးကျော်က...

''ဘာတွေလဲကွာ..၊ အနုပညာသမား အချင်းချင်းတောင် တချို့လူတွေက သတ်မှတ်ချက်တွေနဲ့ ဆက်ဆံချင်ကြတယ်''

''လူတိုင်းတော့ မဖြစ်နိုင်ပါဘူး မိုးကျော်၊ အဖြူရောင်မျက်နှာ ရှိတဲ့လူတွေနဲ့ မျက်နှာချင်းဆိုင် တွေ့ရသလို အမည်းရောင်ရှိတဲ့ လူတွေနဲ့လဲ လောကမှာ တွေ့ရမှာ မွေတာပဲ၊ အနုပညာကို ချစ် တတ်မှတော့ ကိုယ့်ကိုယ်ကို ကောင်းကင်ပြင်လို စံယူထားတယ်..၊

ရင်ခွင်ထဲရောက်လာမယ့် တိမ်ဆိုင်တွေဟာ တိမ်ဖြူတွေ ဖြစ် ချင်လဲ ဖြစ်မယ်၊ တိမ်မည်းတွေဆိုရင်လဲ လက်ခံရမှာပဲပေါ့''





သူ့စကားကြောင့် မိုးကျော်က စပ်ဖြဲဖြဲနဲ့...

''မင်း တရားဟော ကောင်းတယ် မိုးပြာ၊ ငါ့စိတ်ကို လျှော့ချ လိုက်ပါ့မယ်''

သူကလည်း...

''ဂလု ဆိုပြီးတော့လား''

သူ့စကားကြောင့် နှစ်ယောက်သား ရယ်မိကြသည်။

၃၅ လမ်းထိပ်ရောက်တော့ ကွမ်းယာရောင်းတဲ့ အဘိုင်ကြီးက...

''မိုးပြာ လမ်းထဲက လက်ဖက်ရည်ဆိုင်ကို လိုက်ခဲ့တဲ့''

''ဘယ်သူလဲ ဘိုင်ကြီး''

''ကိုအောင်နိုင်တို့အဖွဲ့''

သူ့ ဘိုင်ကြီးကို နှုတ်ဆက်ပြီး မိုးကျော်နဲ့အတူ လက်ဖက်ရည် ဆိုင်ဘက် ထွက်ခဲ့သည်။

''ဘာကိစ္စလဲ မိုးပြာ''

''ဩော်... မင်းကို ပြောဖို့တောင် မေ့နေတယ် မိုးကျော်၊ လေးလေး ဓာတ်သိမ်းပိုင်း လက်ကျွန်ရိုက်ဖို့ နယ်ထွက်မယ်တဲ့''

''တစ်နေ့က ကိုဇော်နဲ့ လိုကေးရှင်း သွားကြည့်တယ်ဆိုတာ အဲဒီဟာလား''

''အင်း...''

''ဘယ်ဘက်လဲ...''

''တောင်ကြီး''



www.burmeseclassic.com

www.burmeseclassic.com



✍ ပုတ်ခိုးခံရတဲ့ လက်အစုံအတွက်တော့
သိမ်ငယ်ပတဲ့မှုသား
ချုံထားပြီး ထွက်မပြေးပါနဲ့...။
လက်မထပ်ရသေးတဲ့ နှလုံးသားအတွက်
အမှားကပြောတယ်
သားဆိုးသားမိုက်တစ်ယောက်လို
ဂျစ်ကန်ကန် ထုံပေပေ
မျက်ရည်တွေနဲ့ ချစ်ခြင်းမေတ္တာက
ရှုံးပေးနေပါတယ်...။





အခန်း (၅)

တစ်ညနေစာ ဆောင်းဥတုနဲ့ ငါ့နေ့ရာသီကို လာသိမ်းပိုက်တဲ့ ချစ်သောလေပြည်...

မင်းရဲ့အပြုံးကို တွေ့ခွင့်ရဖို့ နှစ်ပေါင်းများစွာမှ တစ်ခါ ဆုံခွင့်ရတဲ့ မျှော်လင့်ချက် ကြယ်တံခွန်တစ်ခုလို ငါ့အတွက်တော့ ရှားပါးခဲ့တယ်။ အိပ်ရေးဝဝလို့ စိတ်လန်းဆန်းတဲ့ မနက်လင်းလင်းချင်း မျက်ဝန်းတွေ ငါတွေ့ခွင့်ရဖို့ မတောင်းဆိုဘူး...

ဒါပေမယ့်... ဆန္ဒအဖျက်တွေခင်း ခွေးမြည့်နေတဲ့ သံယောဇဉ်နဲ့ မင်းနဲ့ ငါ့ကြားက ကြိုးတံတား ဘယ်သူ ဘယ်သူဖြိုလာမလဲ မတွေးရဲတွေးရဲ ငါ စဉ်းစားမိပုံးပါတယ်။

ချစ်သောလေပြည်...

ဆိတ်ငြိမ်စွာ ရပ်တန့်ခဲ့တဲ့ မင်းရဲ့အမုန်း အင်အားကြီးစွာ နောက်ဆပ်တိုက်နိုက်လာဖို့ အားထုတ်ဖို့ ကြိုးစားခဲ့ရင် ငါ...

.............။

www.burmeseclassic.com



"
ဆရာ"

ဦးရဲထွဋ် ဗိုင်တွေကိုဖွင့် လက်မှတ်ရေးထိုးရင်း မော့ကြည့်မိတော့ နုနုရီ…။

"ပြော…"

"ဟို ဆန္ဒသစ်မဂ္ဂဇင်းက ရိုပိုတာ မိမိဇော်က ဆရာနဲ့ တွေ့ချင်လို့တဲ့.."

ဆန္ဒသစ်မဂ္ဂဇင်းကတော့ သမီးရဲ့လုပ်ငန်းတွေနဲ့ပတ်သက်ပြီး ဦးငြိမ်းတစ်ယောက်သာ သိသည်။ ဒီမဂ္ဂဇင်းက စီးပွားရေးအကြောင်း ထည့်သွင်းရေးသားလေ့ မရှိပါ။ အနုပညာရသပိုင်းနဲ့ အဝါရောင် ဆန်ဆန် သတင်းတွေသာ ရေးလေ့ရေးထ ရှိသည်။ ဘာအကြောင်းကြောင့်လဲလို့ သူ မတွေးတတ်အောင် သမီးကလည်း မရေး… ဆရာသစ်တို့နဲ့ တောင်ကြီးကို ရိုက်ကူးရေးသွားကြသည်။ သူ နာ… ကို တစ်ချက်ကြည့်ရင်း…

"ခေါ်ခဲ့လေ…"

နုနုရီ ပြန်ထွက်သွားပြီး သိပ်မကြာခင်မှာ ကောင်မလေးတစ်… ယောက် ဝင်လာသည်။ ကျောပိုးအိတ်တစ်ခုကို လွယ်ထားရုံကလွဲ…





…အပြင်အဆင်မရှိတဲ့ မိန်းကလေးတစ်ယောက်။ သမီးထက်တော့ …မယ့်ပုံ ပေါ်သည်။

ကောင်မလေးက ဖြူဖြူသေးသေး ကလေးရုပ်လေးပေမယ့် …ခုံးနဲ့ မျက်ဝန်းတွေက ထက်မြက်မယ့်ပုံ ပေါ်သည်။

"ထိုင်… သမီး…၊ ဆို… ဘာကိစ္စရှိသလဲ.."

ကောင်မလေးက သူ့ရှေ့ကခုံမှာ မျက်နှာချင်းဆိုင်ထိုင်ရင်း …ယ်ကတ်ကို ထုတ်ပြသည်။ သူ ယုံကြည်ကြောင်း ခေါင်းညိတ်ပြီးတော့မှ သူမက စတင်၍…

"ဒီစာအိတ်ကို လှူကြုံပါးလိုက်လို့ပါ အန်ကယ်လ်"

ကောင်မလေး ကမ်းပေးတဲ့ စာအိတ်အညိုရောင်ကို မြင်တော့ … အံ့သြသွားသည်။

"ဒီစာအိတ်ကို လာ,လာ ပေးတာ မင်း…"

စကားတစ်ဝက်တစ်ပျက် ရပ်တန့်သွားရင်း ကောင်မလေးကို ကြည့်မိသည်။ သိပ်သေချာတာပေါ့…၊ သူ့ကို စိတ်အနှောင့်အယှက် …ပေးတဲ့ စာအိတ်အညို…။

"ဟုတ်ပါတယ် အန်ကယ်လ်၊ ဒီစာအိတ်အညိုရောင်တွေကို …လာပေးတာ ကျွန်မကိုယ်တိုင်ပါ"

သူ စိတ်ထဲက ထောင်းခနဲ ဒေါသထွက်သွားသည်။

"မင်း.. ဘာရည်ရွယ်ချက်တွေနဲ့ ငါ့ကို လာ,လာ နှောင့်ယှက် …တာလဲ..၊ ဒီစာအိတ်ထဲက ပုံတွေကရော ဘာအကျိုးရှိလဲ"

ကောင်မလေးက သူ့ရဲ့ဒေါသကို အပြုံးအေးအေးလေးနဲ့ ကြိုဆို…



www.burmeseclassic.com

www.burmeseclassic.com



လက်ခံပါတယ်။

"သိပ်ရိုတာပေါ့ အန်ကယ်လ်ရယ်၊ ဒီပုံတွေက လူတစ်ယောက်ရဲ့ မျှော်လင့်ချက်တွေဆိုရင် အန်ကယ်လ် ယုံမလား၊ တစ်သွေးတည်းတစ်သားတည်းပေမယ့် ပေးတဲ့လူက ပေးတယ်၊ ယူတဲ့လူက မယူနိုင်ဘူး၊ အဲဒီအတွက် ကာယကံရှင်မသိအောင် ကျွန်မရယ်၊ ဆရာသစ်ရယ် ပူးပေါင်းတင်ဆက်လိုက်တာ ခွင့်လွှတ်ပေးပါ"

"မင်း ဘာတွေ ပြောနေတာလဲ..၊ ငါနားမလည်ဘူး၊ မသိဘူး"

ကောင်မလေးက ထ,ရပ်ရင်း ကျောပိုးအိတ်ကို လွယ်ပြီး...

"အန်ကယ်လ်..၊ လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်ကျော်က အန်ကယ်လ် အရင်းနှီးဆုံး လူနာတစ်ယောက်အတွက် ဆေးရုံတစ်ခုမှာ ဆရာဝန်တစ်ယောက်နဲ့ ဆုံဖူးတယ်၊ အဲဒီဆရာဝန်လေးရဲ့နာမည်က ဒေါက်တာ ရဲညိုတဲ့"

"ဒေါက်တာ... ရဲ... ညို..."

တိုးတိုးတိတ်တိတ် ရွတ်ဆိုစဉ်းစားရင်း ဒုန်းခနဲ ပြေးဆောင့်လိုက်သလို မျက်လုံးတွေ ပြာဝေကာ မူးမိုက်သလို ဖြစ်မိသည်။ စားပွဲအစွန်းကိုကိုင်ရင်း ဟန်ချက် ထိန်းလိုက်ရသည်။

"ဒေါက်တာရဲညိုဆိုတာ ကျွန်မအဖေပါ အန်ကယ်လ်၊ အင်း.. အဖေအရင်းပေါ့၊ ကျွန်မ ပြန်လိုက်ပါဦးမယ်"

ပြောဆိုပြီး ထွက်သွားတဲ့အထိ သူက ရပ်မြဲ ရပ်နေမိသည်။ 'ဒေါက်တာရဲညို' ဆိုတဲ့အသံဟာ နားထဲမှာ အူလိုက်နေပါသည်။ ဆုံလည်ကုလားထိုင်ပေါ် အရုပ်ကြိုးပြတ် ထိုင်ချရင်း သူ





မောပန်းနွမ်းနယ်နေသည်။ ပြီးတော့ စာအိတ်အညိုကို ဖွင့်ကြည့်မိသည်။ အထဲကအရာကို ဆွဲထုတ်ယူကြည့်တော့ ဟောင်းနွမ်းနေတဲ့ ဓာတ်ပုံတစ်ပုံ။

ဓာတ်ပုံထဲမှာ မိန်းမလှတစ်ယောက်က ပြုံးနေတဲ့အမူအရာ..၊ ဒီတစ်ကြိမ် ရင်ကို ဆောင့်တက်လာတာက မခံမရပ်နိုင်အောင်ပါ။

"သစ္စာ..."

သူ နှစ်ပေါင်းများစွာ ရှာဖွေနေရတဲ့ မိန်းမသားတစ်ယောက်။

သူ့မိုက်ပြစ်တွေအတွက် လည်စင်းပေးခံရတဲ့ မိန်းမသား။

မျက်ရည်တွေ စို့တက်လာပါသည်။ တကယ်ပါ သစ္စာရယ်၊ ငါသိက္ခာ ငါ့မာနတွေကို နင့်ခြေရင်းမှာ ပုံချပြီး နင် ခွင့်လွှတ်တဲ့အထိ ငါ တောင်းပန်ပါ့မယ်ကွာ..။

သူ စာအိတ်ကို အမောတကော ပြန်ရှာကြည့်တော့ စာတစ်စောင် ထွက်လာသည်။ စာကို ဖွင့်ဖတ်ကြည့်တော့ လက်ရေးသော့သော့တွေ...။

"ကိုရဲထွန်း ခင်မျှားဘဝမှာ ဒေါက်တာရဲညိုဆိုတဲ့ ဆရာဝန်တစ်ယောက်ကို မမေ့တန်ကောင်းဘူးလို့ ကျွန်တော် ထင်ပါတယ်။

လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်ကျော် ဇူလိုင်လရဲ့ မိုးသည်းသည်းညမှာ ဆေးရုံတစ်ရုံမှာ ခင်မျှားနဲ့ ကျွန်တော် ဆုံဖူးတယ်နော်..။

သိပ်တိုက်ဆိုင်စရာအကြောင်းတွေ ရှိခဲ့တာ ရုပ်ရှင်မဟုတ်ဘူး။ ဝတ္ထုမဟုတ်ဘူးလို့ ကျွန်တော် ကြုံခဲ့ရတဲ့ ကံကြမ္မာဘက်က ကျွန်တော် ပြောရမှာပဲဗျ။



www.burmeseclassic.com

ခင်ဗျားကို ကျွန်တော့်လိုပဲ တွေ့ချင်တဲ့ လူနှစ်ယောက် ရှိတယ်။ တစ်ယောက်က အခု ကျွန်တော် ချိန်းတဲ့နေရာ ခင်ဗျားလာရင် တွေ့ပါလိမ့်မယ်။ တစ်ယောက်ကတော့ လတ်ကလော အဝေးမှာပေါ့"

စာက တုံးတိ ပြီးဆုံးသွားသည်။ စာရဲ့အောက်ခြေကိုကြည့်တော့ ချိန်းဆိုထားတဲ့နေရာကို တွေ့ရသည်။ ချိန်းဆိုထားတဲ့အချိန် ဒီနေ့ညနေ ငါးနာရီ။

သူ နာရီကိုကြည့်လိုက်တော့ လေးနာရီကျော်နေပါပြီ။

သူ ဘဲလ်ကိုနှိပ်လိုက်တော့ ရုံးခန်းထဲကို နုနုရီ ဝင်လာတယ်။

"ဆရာ အစည်းအဝေး သွားမလို့လား"

"ဒီညနေ အစည်းအဝေးကို ရက်ရွှေ့လိုက်တော့ နုနုရီ"

နုနုရီက အံ့သြဟန်ကြည့်သည်။ သူ ကုတ်အင်္ကျီကို ကောက်ယူ၊ လက်ဆွဲအိတ်ကိုသယ်ကာ တံခါးဆီသွားရင်း…

"ကျွန်တော့်ကိစ္စကို နင့်ဘာသာ စီစဉ်လိုက်…၊ ငါ အရေးတကြီး ကိစ္စ ရှိနေတယ်"

ဘဝမှာ ငွေကြေးတွေနဲ့ အလုပ်လုပ်နေရတဲ့ သူ့ဘဝ၊ သူ့ရဲ့ တစ်နေ့တာမှာ အခု ခံစားချက်တစ်ခုအတွက် အလုပ်ဖျက်ခဲ့ရသည်





ချိန်းဆိုထားတဲ့ စားပွဲဝိုင်းနံပါတ်ကို ကြည့်ရင်း စားပွဲဝိုင်းမှာ ထိုင်နေတဲ့ သူ့အရွယ်လူနှစ်ယောက်တည်း…၊ တစ်ယောက်ကတော့ ဒေါက်တာရဲညို ဖြစ်မည်ထင်သည်။

ကျန်တစ်ယောက်က မိန်းမသားတစ်ဦး။ အသားလတ်လတ် ရုပ်ရည်သန့်ပြန့်ပြီး ဥပမိရုပ်ကောင်းတဲ့လူက သူ့ကို ပြုံးပြပြီး…

"ထိုင်…၊ ကိုရဲထွန်း…"

"ခင်ဗျားကတော့ ရုပ်ရည် သိပ်ပြောင်းလဲမသွားဘူးနော် ကိုရဲညို"

"ဒီလိုပါပဲ၊ ဩော်… ဒါနဲ့ တစ်လက်စတည်း မိတ်ဆက်ပေးဦးမယ်၊ သူကတော့ သူနာပြုဆရာမကြီး ဒေါ်မြမြဦးတဲ့၊ အစ်မမြ… ဒါ ကျွန်တော်ပြောတဲ့ ကိုရဲထွန်း ဆိုတာလေ…"

"တွေ့ရတာ ဝမ်းသာပါတယ် ဒေါ်မြမြဦး"

"ဟုတ်ကဲ့…၊ ကျွန်မလဲ ရှင့်ကို အရမ်းတွေ့ချင်နေတာ ကိုရဲထွန်း"

"ကျွန်တော့်ကို…"

www.burmeseclassic.com



သူ အံ့အားသင့်သွားရင်း ပြန်မေးမိတာကြောင့် ဒေါ်မြမြဦးက ပြုံးသည်။

အချိုရည်ဘူးတွေ လာချပြီး ငှဲ့ထည့်ပေးတဲ့ ကောင်လေး ထွက်သွားတော့မှ ကိုရဲညီက စတင် ပြောလာပါသည်။

"ခင်ဗျား ကျွန်တော့်စာကို ဖတ်ရမှာပေါ့"

သူ ခေါင်းညိတ်ပြသည်။

"သိပ်တိုက်ဆိုင်စရာအကြောင်းတွေ ရှိလာတော့ ကျွန်တော် ကြုံခဲ့ရတဲ့ ကံကြမ္မာဘက်က ကျွန်တော် ရပ်တည်ပြီး စကားပြောချင်တယ်၊ ဒီလိုဗျ..၊ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်ကျော်ကာလအတွင်းထဲကမှ မတ်လကနေ ဇူလိုင်လအထိ ငါးလအတွင်းမှာ ကျွန်တော် စိတ်ဝင်စားစရာကောင်းတဲ့ ကလေးနှစ်ယောက်ကို မွေးခဲ့ဖူးတယ်၊ တစ်ယောက်ကတော့ ခင်ဗျားရဲ့လူနာပဲ ကိုရဲထွဋ်၊ အဲဒီကိစ္စကို ခင်ဗျား ပြန်ပြောပေးနိုင်မလား"

ကိုရဲထွဋ်က ဒေါက်တာရဲညီကို ကြည့်လိုက်၊ ဒေါ်မြမြဦးကို ကြည့်လိုက် အခက်တွေ့နေပုံရသည်။

"ပြောမှာသာပြောပါ ကိုရဲထွဋ်၊ အကြောင်းရှိလို့ပါ"

သူ သက်ပြင်းချရတော့သည်။ သူ ချောင်းတစ်ချက်ရှင်းပြီး...

"ကျွန်တော် မပြောချင်ဆုံးက အဲဒီကိစ္စပဲ ကိုရဲညီ၊ ကျွန်တော် မေ့ထားတဲ့အကြောင်းကလဲ အဲဒီအတိတ်ပဲ၊ ဘာကြောင့်လဲဆိုတော့ သမီး နွေဦးနိုင် ကြောင့်ပဲလေ..၊

တကယ်တော့ နွေဦးနိုင်ဟာ ကျွန်တော့်ရဲ့သမီးအရင်း မဟုတ်





ပါဘူး။ ခင်ဗျားလဲ သိပြီးသားပါ ကိုရဲညီ၊ ကျွန်တော် ရန်ကုန်ပြောင်းလာပြီး နှစ်လအကြာမှာ ခရီးထွက်ခဲ့ရတယ်၊ ကျွန်တော့်မိဘတွေရှိတဲ့ နယ်ကိုပေါ့ဗျာ၊ အဲဒီကအပြန်မှာ ကြားမြို့လေးတစ်မြို့မရောက်တော်တော့်မှောင်နေပြီပေါ့ဗျာ၊ ကားပျက်ပါလေရော..၊

ကျွန်တော့်ရဲ့ကားဒရိုင်ဘာ ကိုလှနိုင်နဲ့ ကျွန်တော် ကားအောက်ဆင်းပြီး ကားကို စစ်ဆေးကြည့်တော့ ကားထဲမှာ ဓာတ်ဆီကုန်နေတာ ဖြစ်နေတယ်လေ..၊

အဲဒါနဲ့ ကျွန်တော်နဲ့ ကိုလှနိုင်နဲ့ ဖြတ်သွားဖြတ်လာ ကားတစ်စီးစီးကို စောင့်ကြည့်မိတယ်၊ သိပ်မကြာပါဘူး၊ ကားတစ်စီးလာနေတာတွေ့တော့ တားမိပြီး ဓာတ်ဆီ အကူအညီ တောင်းမိတယ်လေ..၊

ကားပေါ်မှာ လူသုံးယောက် ပါတယ်ဗျ၊ အားလုံးကတော့ ခပ်ထွေထွေတွေချည်းပဲ၊ သူတို့က ဆင်းလာပြီး သူတို့ဓာတ်ဆီတိုင်ကီထဲက ဓာတ်ဆီကို စုပ်ထုတ်ပေးပြီး ကျွန်တော့်ကားထဲကို ထည့်ပေးတာပေါ့..၊

ကျွန်တော်လဲ ဓာတ်ဆီရပြီဆိုပြီး အမှုမဲ့အမှတ်မဲ့ ဖြစ်သွားတယ်၊ ထင်လဲ မထင်ဘူးလေ၊ အဲဒီအချိန်မှာ ကျွန်တော့်နောက် ကျောကလူက ကျွန်တော့်ကို ဓားနဲ့ထောက်ပြီး အနုကြမ်းစီးဖို့ ကြိုးစားတယ်လေ၊ ကျွန်တော့်ရှေ့က လူနှစ်ယောက်ကလဲ ဒရိုင်ဘာ ကိုလှနိုင်ကို အတင်းချုပ်ဖို့ ကြိုးစားရင်း ရုန်းရင်းဆန်ခတ် ဖြစ်ကြတာပေါ့၊ အဲဒါကို အခွင့်ကောင်းယူပြီး ကျွန်တော်လဲ ကျွန်တော့်ကို ဓားနဲ့ထောက်တဲ့လူရဲ့လက်ကို ဖမ်းဆုပ်ပြီး ထိုးကြကြိတ်ကြတယ်လေ..၊



www.burmeseclassic.com

www.burmeseclassic.com



အဝေးက ကားတစ်စီးလာတာလဲ မြင်တယ်၊ အဲဒါကို သိတဲ့ ဟိုလူသုံးယောက်က အတင်းအပြတ်ရှင်းဖို့ ကြိုးစားရင်း ကျွန်တော့်ကို အပြတ်ရှင်းဖို့ ကြိုးစားတဲ့လူ့ရဲ့ဓားချက်နဲ့ ကိုလှနိုင် ဆုံးပါးသွားခဲ့တယ်လေ…၊

ဒီမြို့မှာတင် သူ့ရဲ့ရှာဖွေမှုကိုစိတ်ချပြီး ကျွန်တော် ရန်ကုန်ပြန်ခဲ့တယ်၊ ရန်ကုန်ရောက်တော့ ကလေးမီးဖွားဖို့ ဆေးရုံရောက်နေတဲ့ ကိုလှနိုင်ရဲ့ဇနီးသည် မသွယ်ကြောင့် ကိုရဲညိုတို့ဆေးရုံကို ကျွန်တော် ရောက်လာခဲ့တာပဲ၊ ကျန်တာကတော့ ကိုရဲညို သိတဲ့အတိုင်းပဲ…"

လည်ချောင်းဝ,အထိ တစ်ခုခု ဆို့တက်လာသလို ကျွန်တော် ခံစားရသည်။ ဖျောက်ဖျက်ပစ်လို့မရတဲ့ အတိတ်က ပုံရိပ်တွေသည် ရင်ကို လတ်ဆတ်စွာ ပြုစားချင်၏။

"ဟုတ်ပါတယ် ကိုရဲထွဋ်…၊ မီးဖွားခါနီးဆဲဆဲမှာ ခင်မျှားရဲ့ ပတ်တီးဗလပွ ဖူးရောင်ကိုင်းနေတဲ့ ရုပ်ကိုမြင်ပြီး ကိုလှနိုင်ဇနီး မသွယ်က မေးတယ်၊ 'အစ်ကို ဘယ်မှာလဲ' တဲ့၊ ခင်မျှား မဖြေနိုင်ဘူးလေ၊ ကိုလှနိုင်လဲ ပါမလာ၊ ခင်မျှားရဲ့ရုပ်သွင်ကိုကြည့်ပြီး ကိုလှနိုင် တစ်ခုခုဖြစ်နေတာကို သိပုံရသွားတဲ့ မသွယ်ဟာ မွေးခါနီးအချိန် ဖြစ်နေတယ်လေ…၊

တကယ်တော့ မွေးခန်းထဲမှာပဲ မွေးခါနီးဆဲဆဲမှာ မသွယ် ဆုံးပါးသွားခဲ့တယ်၊ ဒါပေမယ့် သမီးလေးရဲ့အသက်ကို ကျွန်တော်တို့ မရမက လုယူနိုင်ခဲ့တယ်၊ ဟုတ်တယ်နော် ကိုရဲထွဋ်…"

ကိုရဲညိုစကားကို ကိုရဲထွဋ်က ခေါင်းညိတ်သည်။ ခေါ်မြင်





ကတော့ စိတ်ဝင်တစား နားထောင်နေပါသည်။

"မှန်ပါတယ် ကိုရဲညို…၊ ကျွန်တော့်ကြောင့်ဖြစ်ခဲ့တယ်ဆိုတဲ့ အတွေးနဲ့ သမီးကို မွေးစားဖို့ ဆုံးဖြတ်လိုက်တယ်၊ ဆွေမျိုးအရမ်းဝေးတဲ့ ကိုလှနိုင်တို့ ဇနီးမောင်နှံအကြောင်းကို ကျွန်တော် သိတဲ့အတွက် ဆေးရုံမှာပဲ ကျွန်တော် အမွေစားအမွေခံအဖြစ် ဆရာဝန်ကြီးတွေ သက်သေထားပြီး မွေးစားခဲ့တယ်…"

ပြန်ပြောရတဲ့ စကားတိုင်းမှာ အားအင်ကုန်ခမ်းစရာအကြောင်း အရာတွေ မှီတွယ်နေ၏။

"ဒီအကြောင်းအရာတွေ သမီးလေး သိခဲ့မှာ စိုးရိမ်လို့ ကျွန်တော် ဖုံးကွယ်ခဲ့တာ ကြာလှပါပြီ ကိုရဲညို၊ ဒါတွေ ထားပါတော့၊ အခု ခင်မျှားတို့ကိစ္စက…"

"ပြောမှာပါ ကိုရဲထွဋ်…၊ ကျွန်တော် အဲဒီကလေး(နွေဦး)ကို မမွေးဖွားခင် သိပ်စိတ်ဝင်စားစရာကောင်းတဲ့ ကိုယ်ဝန်ဆောင်တစ်ဦး ကို ကျွန်တော် ရထားပေါ်မှာ မွေးပေးခဲ့ရဖူးတယ်"

သူ့စကားကို စိတ်ဝင်စားပုံရတဲ့ ကိုရဲထွဋ်ကို ကိုရဲညို တစ်ချက် ကြည့်ရင်း…

"အဲဒီနေ့က နွေရာသီ တပေါင်းလ အပူလွန်ကဲတဲ့ အချိန်ကြီး ဗျာ…၊ ကျွန်တော် အလုပ်ကိစ္စတစ်ခုနဲ့ နယ်မြို့လေးတစ်ခုကို ရထားနဲ့ အသွား ကျွန်တော်စီးတဲ့တွဲတဲ့အရှေ့မှာ ကိုယ်ဝန်ဆောင် မိခင်တစ်ယောက် ရှိတယ်၊ အဲဒီမိန်းမက မွေးခါနီးဖွားခါနီးအချိန်ကြီး ခရီး ထွက်လို့ ကျွန်တော်က ဆရာဝန်ပီပီ စေတနာနဲ့ စကားပြောမိပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူက ကျွန်တော်သွားမယ့်နယ်ရဲ့ အနီးနားရွာကို တာဝန်ကျတဲ့ ကျောင်းဆရာမလေးတစ်ယောက်လို့ သိရတယ်၊ ဒီလိုနဲ့ ရထားစီးလာရင်း လမ်းကြားဘူတာတစ်ခု မရောက်ခင် ရထားတွဲချော်ပြီး ရထားဘီးက မီးထ,တောက်ပါလေရော..၊ တကယ့် ငရဲခန်းပဲဗျာ၊ မီးကို ငြိမ်းတဲ့သူက ငြိမ်း၊ အော်တဲ့သူက အော်ကြပေါ့လေ..၊

အဲဒီအချိန်ကျမှ ကျွန်တော့်ရှေ့က ကိုယ်ဝန်ဆောင်မိန်းကလေးက အရေးပေါ် ကလေးမွေးဖွားဖို့အတွက် ရထားပေါ်မှာ အခက်အခဲဖြစ်နေတာပေါ့၊ ကျွန်တော်လဲ အချိန်သိပ်ဆိုင်းနေလို့မဖြစ်တာနဲ့ လုပ်ငန်းတာဝန်ပြောင်းလာတဲ့ ဟောဒီ အစ်မမြရယ်၊ ခရီးသည်အချို့ရယ်၊ ရထားပေါ်က လူသွားလမ်းမှာ အမြန်ခုံးရှင်းလင်းပြီး မွေးခန်းတစ်ခုကို အမြန်ခုံး ဖန်တီးလိုက်တယ်..၊

အခက်အခဲကြားကပဲ ကျွန်တော်နဲ့ အစ်မမြ ကလေးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပါတယ်၊ ကျွန်တော့်ဘဝအတွက် မမေ့နိုင်တဲ့ ကုသမှုတစ်ခုပေါ့..၊

အဲဒီကိုယ်ဝန်ဆောင်မိခင်ဟာ ခင်ဗျား ဘယ်သူလို့ ထင်လဲ..”

ကိုရဲထွဋ် မျက်ခုံးနှစ်ဖက် တွန့်၏။ တွေးဆစရာ စကားတစ်ခွန်းက ကိုရဲထွဋ်နှုတ်ခမ်းဖျားက ထွက်ကျလာသည်။

“ဘယ်သူလဲ ကိုရဲညို...”

ကိုရဲညို သူ့အား ခပ်တေ့တေ့အပြုံးနဲ့ တိုးတိုးလေးဆိုခဲ့ပေမယ့် သူက အံ့အားသင့်ခြင်းနဲ့ သူ့နှုတ်ဆီက ကျယ်လောင်စွာ ထွက်ပေါ်ခဲ့သည်။





“မသစ္စာ...”

သူ့မှာ အားအင်မဲ့ ကုန်ခဲ့ရသည်ထင်လောက်အောင် ခန္ဓာကိုယ်ဟာ လေးလံနေ၏။

အစ်မမြဆိုတဲ့ အမျိုးသမီးကသာ စ,တင်၍ စကားဆိုခဲ့သည်။

“သစ္စာ ဒီကလေးကို ရအောင် မွေးဖွားပေးခဲ့တယ်၊ ကျွန်မ တာဝန်ကျတဲ့ နယ်ဆေးရုံနဲ့ သိပ်မဝေးဘူး၊ ကျွန်မနဲ့ သစ္စာ ညီအစ်မ အရင်းလို ပိုပြီး ခင်တွယ်လာတယ်၊ ကျွန်မ ဂျူတီအားတဲ့နေ့ဆိုရင် သစ္စာဆီ ညအိပ်ညနေ အလည်သွားတတ်တယ်၊ သစ္စာရဲ့သားလေး ကလဲ သိပ်ချစ်ဖို့ ကောင်းတာ...”

“သစ္စာရဲ့သား...”

ကိုရဲထွဋ် ရေရွတ်သံစကားမှာ တမ်းတမှုတို့ ရောစွက်နေ၏။ အစ်မမြက...

“ဟုတ်ပါတယ် ကိုရဲထွဋ်..၊ ရှင်နဲ့သစ္စာ ရခဲ့တဲ့ သားအရင်းပါ၊ အဖေ ဘယ်သူလဲလို့ သိခွင့်မရတဲ့ သားတစ်ယောက်၊ အမေနဲ့ အမေရဲ့ အပြုံးနဲ့ မာနရဲ့ ပြင်းထန်မှုတွေအောက်မှာ ဘေးစာခံဖြစ်ခဲ့ရတဲ့ ရှင်တို့ရဲ့ ရင်သွေးလေ...”

ခပ်မှန်မှန် တုံ့ပြန်တိုက်ခိုက်တဲ့ အစ်မမြ စကားဟာ အလင်းရဲ့ ဓားချက်လို ရင်ကို နင့်နေစေ၏။

သူ့ရင်ရဲ့ နာကျင်မှုဟာ နောင်တတွေနဲ့ ပြည့်နှက်လို့မဆုံး..။

“ကျွန်တော် တာဝန်မကျေတဲ့ဖခင်တစ်ယောက်ဆိုတာ နောက်ကျမှတွေနဲ့ သိခဲ့ရတာ ဝန်ခံပါတယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါလို့



www.burmeseclassic.com

www.burmeseclassic.com



သစ္စာ ရှေ့မှာ ဒူးထောက်ပါရစေဗျာ…"

အစ်မမြရဲ့ သက်ပြင်းအမောကို သူတို့ ကြားစေ၏။

"ရှင် ဒူးထောက်လို့လဲ သစ္စာ သိမှာ မဟုတ်တော့ပါဘူး"

"ဗျာ!…"

"ဟုတ်တယ် ကိုရဲထွဋ်၊ သစ္စာဆုံးတာ နှစ်တော်တော်ကြာခဲ့ပါပြီ၊ ရှင် ဒူးထောက်လို့လဲ သူ သိမှာ မဟုတ်ဘူး"

ထပ်ပြီးထပ်ပြီး ကြားသိစေရတဲ့ အကြောင်းအရာအတိုင်းကို အရှုံးဆိုတာ သိသာစေ၏။

"သစ္စာကို ကျွန်တော် သိပ်ချစ်ခဲ့လို့လဲ ဒီလိုအမှားတွေ ဆက်တိုက် ကျူးလွန်မိတာပါ၊ ကျွန်တော် သစ္စာရဲ့အချစ်ကို မရခဲ့ပါဘူး၊ ရခဲ့တာက သစ္စာဆီက အမုန်းတွေ၊ အငြိုးတွေ၊ ဥပေက္ခာတွေ…"

"ရှင် ထင်လို့ပါ ကိုရဲထွဋ်"

"ဘာကိုလဲ အစ်မမြ"

"ရှင် နှစ်ပေါင်းများစွာ မသိလိုက်ရတဲ့ လျှို့ဝှက်ချက်တစ်ခု ရှိမယ်ဆိုရင် အဲဒါ သစ္စာ ရှင့်ကို သိပ်ချစ်ခဲ့တယ်ဆိုတာပဲ"

"သစ္စာက ကျွန်တော့်ကို ချစ်ခဲ့တယ်"

"ဟုတ်ပါတယ် ကိုရဲထွဋ်…၊ အဲဒါ အမှန်တရားပဲ"

"မဖြစ်နိုင်ပါဘူး အစ်မမြ"

အစ်မမြက အပြုံးတစ်ချက် ဖွင့်ဟရင်း…

"အဲဒါပဲလေ ကိုရဲထွဋ်၊ ပေးတဲ့သူနဲ့ ယူတဲ့သူ သဟဇာတ မတည့်တဲ့အခါ ပဋိပက္ခတွေ ဖြစ်တတ်တာ မဆန်းပါဘူးလေ"





အစ်မမြရဲ့စကားအဆုံးမှာ ကိုရဲထွဋ်က…

"ကျွန်တော့်ရဲ့သားက အခု ဘယ်မှာလဲ၊ ဘယ်သူလဲ အစ်မမြ"

စိတ်အလောတကြီး အမေးကြောင့် အစ်မမြနဲ့ ကိုရဲညို တစ်ယောက်ကိုတစ်ယောက် ကြည့်မိသည်။

ကိုရဲညိုကို ဆက်ပြောရန် အစ်မမြက ခေါင်းညိတ်ပြတော့…

"ကျွန်တော် အဲဒီကလေးကို မွေး,မွေးပြီးချင်း ရထားအလယ် လူသွားလမ်းပေါ်ကနေ ရထားပြတင်းတံခါးဆီ အမှတ်မထင် လှမ်းကြည့်မိတယ်၊ ရှင်းလင်းပြန့်ပြူးနေတဲ့ ကောင်းကင်ပြာကြီးဟာ ရထားပြတင်းတံခါးပေါင်တွေကြောင့် ပန်းချီကားတစ်ချပ်နဲ့ သိပ်တူနေတယ်…၊

ကျွန်တော် ဘာမှမစဉ်းစားခင် ဒီကလေးကို နာမည်ပေးခဲ့တယ်၊ မသစ္စာ အပါအဝင် ဝိုင်းဝန်း ကူညီပေးကြတဲ့ ခရီးသွားမိတ်တွေ အချိုပါ ကျွန်တော် ပေးမိတဲ့ ဒီကလေးရဲ့နာမည်ကို သဘောတူ လက်ခံကြတယ်…"

"ဘယ်သူလဲ ကိုရဲညို…"

ကိုရဲထွဋ် ကိုရဲညိုနှုတ်ခမ်းကို စိတ်အလောတကြီး စောင့်ကြည့်နေသည်။ သူ့စိတ်ထဲမှာလည်း ကိုရဲညိုနှုတ်ခမ်းက အဖြေအစိတ်စိတ် သည် ကြားခဲ့လှသည်ဟု ထင်မှာအမှန်ပင်…။

"မိုးပြာ…"



www.burmeseclassic.com

www.burmeseclassic.com



✍ ကျေးဇူးပြု၍

ကန့်လန့်ကာချပေးပါ...။

ပြမ်းပြီးသားမှုတွေ မသိချင်တော့လို့

ဇာတ်ကို အမြန်သိမ်း ခပ်မှိန်းမှိန်းနေချင်လို့

ကျေးဇူးပြု၍ ကန့်လန့်ကာချပေးပါ...။

(မိုးပြာ)





ညနေစောင်း အအေးဓာတ်က ခိုက်ခိုက်တုန်စရာ။ ဒီက ရာသီဥတုနဲ့ မရင်းနှီးသောကြောင့် အနေရခက်တာအမှန်...။

မြို့အတွက် ကားလမ်းကနေကြည့်တော့ ညနေခင်းရှုခင်းက လှမ်းစရာပါ။

"မိုးပြာ"

ခေါ်သံကြောင့် လှည့်ကြည့်တော့ ရွှေဦးနိုင် ဆိုတဲ့ သူမ။

အံ့သြစရာကောင်းလောက်အောင် အငြိုးအတေးမပါတဲ့ ခေါ်သံ။ အမှုအရာ လှုပ်ရှားမှုသည် ရင်အစိမ်းကို ဓားနွေးနွေး ပက်ဖျန်းခံရသလို ထင်စရာ...။

"ဪ... ရွှေဦးနိုင်"

သူခေါ်သံ ထောက်ထောက်ကြောင့် သူမက ရယ်သံလွှင်လွှင်နဲ့...

"ရှင်က တစ်မျိုးပဲ မိုးပြာ၊ ကျွန်မနဲ့ ပြဿနာဖြစ်တော့ မနိုင်လို့ ခေါ်လိုက်တာ၊ ဟော... အခုလို ငြိမ်းချမ်းရေးနေ့မျိုးမှာ ကျွန်မ နာမည်ကို သူစိမ်းဆန်ဆန် ခေါ်တတ်ပြန်ရော..."



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးမှု လွယ်ကူစေတဲ့ သူမလေးသံဟာ သူ့ကို ပြုံးမိစေ၏။

"ဘာရယ်တာလဲ..."

"မဟုတ်ပါဘူး... ကျွန်တော် သဘောကျစရာတစ်ခု တွေးမိလို့ပါ၊ မနိုင် ကျွန်တော့်အပေါ် အခုလို ဆက်ဆံရေးပြေပြစ်လာတာ အံ့ဩစရာကောင်းတယ် ထင်လို့"

သူမက မိုင်တိုင်တွေကို မှီသည်။ မိုင်တိုင်တစ်ခုအကြား အကွာအဝေးမှာ သူမနဲ့ ကျွန်တော်...

သူမက လက်ပိုက်ကာ အဝေးကို ငေးသည်။ ဆံပင်တွေကို လေမှာ တလွှင့်လွှင့်၊ သိပ်လှမ်းဆွတ်စရာကောင်းတဲ့အိပ်မက် ယှန်းချီကားတစ်ချပ်လိုပဲ။

"နာရီစက္ကန့်တံတွေ ရွေ့လာတာနဲ့အမျှ စိတ်ဆိုတာ အမျိုးမျိုးပြောင်းလဲလာမှာပဲလေ၊ အခြေအမြစ်မရှိတဲ့ ပုံသေနည်းဆန်ဆန်အမုန်းက ကျွန်မရင်ထဲမှာ ကြာရှည်ထားဖို့ လူတစ်ယောက်က ခွင့်မပြုခဲ့ဘူး..၊

သူ့ အနုပညာကို ချစ်တတ်တဲ့သူ၊ သူ့အကြောင်းတွေ ကျွန်မသိလာရတဲ့အခါ ဇာတ်ပို့ဇာတ်ရန် လူကြမ်းတွေရဲ့ဘဝကို နားလည်မေးလို့ ရလာတယ်၊ အဲဒီလူက ဘယ်သူလဲလို့ ရှင်ထင်လဲ"

သူမ လှည့်မေးတော့ သူမ့မျက်ဝန်းတွေဟာ သိပ်လှပတဲ့ ခံစားချက်တွေနဲ့ မှိုင်းဝေဝေရီ။

လည်ချောင်းတွေ ခြောက်သွေ့ခဲ့ရအောင် သူ့ခံစားချက်တွေ ကျွမ်းထိုးမှောက်နှံ့။





သူမက လှုပ်ရှားမှု၊ ခံစားမှုတွေကို အမြန် ပြန်လည်ရုပ်သိမ်းလိုက်ပြန်သည်။ ဒါပေမယ့်...

"အဲဒါ မိုးပြာဆိုတဲ့ လူတစ်ယောက်လေ"

တိတ်ဆိတ် ငြိမ်သက်သွားပြန်သည်။

အမှောင် တဖြည်းဖြည်း တိုးဝင်လာသည်အထိ နှစ်ယောက်သား ငြိမ်သက်နေခဲ့ကြတာ။

အဝေးကို အတူကြည့်ကြပေမယ့်...

တိတ်ဆိတ်စွာ ငြိမ်သက်နေကြပေမယ့်...

တကယ်တော့...



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

တစ်ခုခုနဲ့ ဆောင့်မိပြီး ဆိုတဲ့အသံနှင့်အတူ ကျောမြင်တစ်ခုလုံးရဲ့ နာကျင်မှုက မခံမရပ်နိုင်အောင် ဆိုးရွားလွန်းလှသည်။

နာကျင်တဲ့ကြားက အားယူထ,တော့ ဒယီးဒယိုင်နဲ့ ပြန်လဲကျပြန်သည်။ ပြီးတော့လည်း ပါးစပ်ထဲက ထွက်လာတဲ့ သွေးတွေက ပွက်ခနဲ..၊ သူ ကပျာကယာ သုတ်ပစ်သည်။

သူ ကုတ်ကပ်ပြီး တောင်ကြောအတိုင်း ခဲရာခဲဆစ် ပြန်တက်တော့ နာကျင်ခြင်းနဲ့ မောပန်းမှုက ရင်ထဲမှာ လှိုင်းထ,နေ၏။

ဝေဒနာရဲ့ဒဏ်ကြောင့် မျက်ဝန်းကိုမှိတ် အနားယူစဉ် ခြေသံတွေ ကြားရသည်။

"မိုးပြာ..."

"မိုးပြာ..၊ ဒီမှာဟေ့..."

"ဘာဖြစ်သွားသေးလဲ"

"ဟာ... တော်တော်မြင့်တာပဲ"

သူ လက်ကာ,ကာ တားရင်း...



"ကျွန်တော် ဘာမှမဖြစ်ဘူး လေးလေး ရှာတယ်"

လေးလေးကို သူပြောတော့ ရင်က ဆောင့်ချင်ချင်။

သူ့ကို မွေးသူကမွေး၊ ချိုင်းအောက်က လက်လျှိုကာ သယ်သူက သယ်ကြရင်း တောင်စောင်းအတိုင်း ခဲရာခဲဆစ် ပြန်တက်ခဲ့ကြသည်။ အပေါ်ရောက်တော့ သစ်ပင်ကြီးကြီးအောက်ကို ခေါ်သွားကြသည်။ သစ်ပင်ကို သူ ကျောမှီရင်း...

"ရှာတယ် လေးလေး..၊ ကျွန်တော် ဘာမှမဖြစ်ဘူး..."

မိုက်ကျွင်းမှာရှိကြတဲ့လူအုပ်က သူ့ဆီ ဝိုင်းအုံလာကြပြီး မိုးမိမ်သောစကားတွေ မေးကြသည်။

"ဟာ... ဖြစ်ပါ့မလား၊ မင်းကျတဲ့အမြင့်က နည်းမှမနည်းတာ သေရှဲသွားမလား"

လေးလေး စကားကို သူ ခပ်ယဲ့ယဲ့ အပြုံးနဲ့...

"တကယ် ဘာမှမဖြစ်ပါဘူး၊ လေးလေးတို့အလုပ်သာ ပြီးအောင် ဆက်လုပ်ပါ"

ကိုစော်ကလည်း သူ့စကားကို မယုံချင်..။

"ဟုတ်ပါ့မလား မိုးပြာရာ၊ ဆေးရုံသွားရင် သွားလိုက်ပါလား"

ကိုစော့်စကားကြောင့် မိုက်ကျွင်း အနှောင့်အယှက်ဖြစ်သွားမှာ သူ မလိုချင်။ နောက်ဆုံး လက်ကျန်ကတ်တွေကို ဒီနေ့ပြီးအောင် မိုက်မည်လို့ လေးလေး ပြောထားတာ သူ သိသည်။ ဒါကြောင့်လည်း...

www.burmeseclassic.com

www.burmeseclassic.com



"တကယ် ကျွန်တော် ဘာမှမဖြစ်ပါဘူး"

"မိုးပြာ..."

သင်းပျံ့ပျံ့ ရနံ့တစ်ခုနဲ့အတူ စိုးရိမ်နေပုံရတဲ့ အသံရှင်ဟာ လှအုပ်ကို တိုးဖယ်ရင်း သူ့ဘေးမှာ ပုဆစ်တုပ် ထိုင်သည်။

"ရှင် ဆေးရုံသွားလိုက်မလား မိုးပြာ..၊ ရှင် အရှိန်လွန်ပြီးကျတာ တော်တော်မြင့်တယ်နော်၊ ကျွန်မပါ လိုက်ခဲ့မယ်လေ၊ အခုရော ဘယ်လိုနေလဲ"

သူ ခေါင်းခါယမ်းတော့ မိန်းကလေးက အလိုမကျဟန်...

"သွားလိုက်ပါ မိုးပြာရယ်၊ ရှင် တစ်ခုခုဖြစ်မှာ ကျွန်မ စိုးရိမ်တယ်"

မျက်ဝန်းထဲက စိုးရိမ်စိတ်တွေဟာ သူ တစ်ခုခုကို သိနေခဲ့ရင်း မျက်ဝန်းရဲ့အသက်ရှင်မှုဟာ သိပ်လှပါလားလို့ သတိထားမိပြန်သည်။

"ဒီလောက်အမြင့်ကကျတာ ဘာမှမဖြစ်ဘူးဆိုတာ မင်းလိမ်တာ သိသာတယ် မိုးပြာ"

ဖိုးကျော် စကားကို ကိုအောင်ခိုင်က...

"ဘာမှမဖြစ်ခင် ဆေးရုံကို စောစောစီးစီး သွားလိုက်ပါကွာ ဒီကောင်လေးကလဲ ခေါင်းမာနေရသေးတယ်"

"ကျွန်တော် တကယ် ဘာမှမဖြစ်ပါဘူး၊ ဒီဆင်းနဲ့ပြီးရင် ပြီးပြီပဲ၊ ပြီးတော့မှ သွားမယ်၊ လေးလေးတို့အလုပ် အေးအေးဆေးဆေး လုပ်ပါ၊ ကိုဇော် ညနေ စောင်းတော့မယ်နော်.. သွားပါဗျာ"

သူ ပြောတော့ ဇာတ်အဖွဲ့သားတွေရော၊ ကိုဇော်ပါ ထွက်သွား





သည်။ လေးလေးနဲ့ သူမက သူ့အနားမှာ ကျန်နေခဲ့သည်။

သူမက စိုးရိမ်နေတဲ့မျက်ဝန်းနဲ့ စိတ်မချနိုင်ပုံ ရှိသည်။

"တကယ် ဘာမှမဖြစ်တာ သေချာလား မိုးပြာ..."

သူ သူမကို စူးစူးစိုက်စိုက်ကြည့်ပြီး တပြည်းပြည်း ပြုံးမိသည်။ လေးလေးက သက်ပြင်းချကာ ထွက်သွားနှင့်သည်။

"ကိုယ့် မင်းအပေါ်မှာ မဆပ်နိုင်သေးတဲ့ အကြွေးတစ်ခုရှိခဲ့တယ်"

သူမရဲ့ ဖျတ်ခနဲ မျက်ဝန်းအကြည့်...

"ကိုယ့်ကြောင့် မင်း မျှော်လင့်ထားတဲ့ ရွှေစင်ရုပ်တု လွဲခဲ့ရတာလေ..."

သူ့စကားကြောင့် သူမမျက်ဝန်းက မျက်ရည်တစ်ပေါက် လိမ့်ဆင်းလာသည်။

"မဟုတ်ဘူး မိုးပြာ..၊ ကျွန်မ အဲဒါတွေ မလိုချင်တော့ဘူး"

မျက်ရည်ရစ်ဝိုင်းသော မျက်ဝန်းနဲ့ စိတ်ကျေနပ်မှုပြည့်စုံသော အပြုံးသည် သိပ်လှပနေခဲ့သည်။

"ရှင်ပြောတဲ့ ကိုယ့်ရင်ထဲက တိမ်တိုက်တွေ ရှိနေမှတော့ ရွှေစင်ရုပ်တုဆိုတာ အရေးမကြီးပါဘူး"

စကားဆုံးမှာ ဆန္ဒနဲ့ လင်းလက်နေတဲ့ အကြည့်တွေ အပြန်အလှန် တုံ့ပြန်မိကြသည်။

သူမက ဘာမှထပ်မပြောဘဲ သူ့ရှေ့မှ ကျောခိုင်းထွက်ခွာသွားသည်။



www.burmeseclassic.com

သိပ်မဝေးသော အရေအတားအရောက်မှာ သူ့နှုတ်က…

"နိုင်…"

သူမ တွဲခနဲ ရပ်နေ၏။

လှည့်မကြည့်…။

"မင်း အနာဂတ် လှပပါစေ"

သူမက ဖြည်းညင်းစွာ လှည့်ကြည့်ရင်း…

"ကျေးဇူးတင်ပါတယ် မိုးပြာ…"





ရေတံခွန်ကကျတဲ့ ရေသံက ဆူညံလွန်းလှ၏။ နောက်ခံ အရှိန်နဲ့ကျတဲ့ ရေမှုန်ရေမွှားသည် မွေးမွေးလှုပ်နေ၏။ ဟန်ပြ ရိုက်ကူးရေးအဖွဲ့တွေ၊ ဒါရိုက်တာအတုတွေ အားလုံးပါအောင် ကျောက်ဖြူက တောင်စောင်းတစ်ခုအပေါ်မှာ နေရာယူသည်။ ကျွန်တစ်ပွဲက ရေစီးရာ စမ်းချောင်းထဲမှာ အထိုင်ချ၏။

ရေရှိနေတဲ့ဆံပင်က တစ်ချောင်းစီ မျက်နှာပေါ် ကပိုကရိုကျနေ ၏။ ဖွေးဖွေးဖြူနေသော နှုတ်ခမ်း၊ နာကြည်းချက်ရှိပုံရတဲ့ မျက်ဝန်း၊ သူမလက်ထဲမှာ ဓားမြှောင်တစ်ချောင်း၊ ကင်မရာကို ကျောပေးထား သူက ကိုစေ။ (ဝါရင့် လူကြမ်းသရုပ်ဆောင်တစ်ဦးပမာ ကင်မရာကို ကျောပေးထားသည်။)

"ရှင်ဟာ တကယ့် မကောင်းဆိုးဝါးတစ်ကောင်…"

"ကတ်…"

လေးလေးရဲ့အော်သံကြောင့် သူ ဘာမှားသွားသလဲလို့ လှမ်းကြည့်မိသည်။

လေးလေးက သူမတို့ရှိရာ ရေထဲသို့ ဆင်းသွားရင်း…

www.burmeseclassic.com



"မိနိုင် နင် ဘာတွေဖြစ်နေတာလဲ..၊ နင့်စိတ်ကို အလုပ်ထဲမှာပဲ ထားလေ၊ တခြားကို စိတ်မပျံ့စေနဲ့"

ကုတ်အနက်ကို ဝတ်ထားတဲ့ ကိုနေက ရေစိုနေတဲ့ဆံပင်တွေကို သပ်တင်သည်။ မျက်နှာပေါ်က ဒဏ်ရာအတွက် အနားမှာလာရပ်တဲ့ ကောင်လေးဆီက မှန်ကိုယူကာ ကြည့်သည်။

သူမက သူ့ရှိရာ မျှော်ငေးနဲ့ ကြည့်နေပါသည်။

သူမ မျက်ဝန်းကိုမှိတ်ရင်း ခေါင်းကိုမော့ကာ စိတ်ကို တည်ငြိမ်အောင် ကြိုးစားနေပုံရသည်။ နောက် မျက်ဝန်းကိုဖွင့်ကာ လေးလေးကို အချက်ပြတော့ ကိုဇော်က...

"အားလုံးငြိမ်မယ်..၊ ရယ်ဒီ ဖိုက် မိုး သရီး တူး ဝမ်း စီးရီး အက်ရှင်"

ရေသံတွေမှတစ်ပါး သက်ရှိတို့ရဲ့ လှုပ်ရှားမှုက စိုးစဉ်းမျှ မကြားရ။

သူမရဲ့နှာကျင်ခြင်းက မျက်နှာပေါ်မှာ ပေါ်လာပြန်သည်။

သူ့ ခေါင်းခါရင်း သစ်ပင်ကို မှီနေရာက အားယူထ,မိသည်။

ကိုဇော်က သူ ထ,ရပ်တာကို မြင်ပုံရတယ်။

"ကတ်... ကတ်..."

ပါးစပ်ကလည်း အော်..၊ သူမတို့ရှိရာ ရေတံခွန်အောက် ကျောက်ဆောင်အထိ ဆင်းသွားရင်း...

"နင် ဘာဖြစ်နေတာလဲ မိနိုင်..၊ နင် မောင်နေကို မုန်းရမယ့် အမုန်းက လတ်လတ်ဆတ်ဆတ် အမုန်း မဟုတ်ဘူး။ အတိတ်





ဟောင်းက ခါးခါးသီးသီးအမုန်းကို အခု ပစ္စုပ္ပန်အထိ သယ်လာရတာ..."

လေးလေးက သူမကို စိုက်ကြည့်ရင်း...

"ဒီအမုန်းရဲ့ အဓိပ္ပာယ်ကို နင် သိပါတယ်"

တိုးတိတ်တိတ်ပေမယ့် ထိရောက်လွန်းသည်။

သူ လေးလေးတို့ရှိရာကို သွားတော့ ကိုဇော်က စိုးရိမ်ဟန် လှမ်းတားသေးသည်။

"ရတယ် ကိုဇော်"

သူ လာတာကိုမြင်တော့ အားလုံးက ကြည့်နေကြသည်။

"လေးလေး..."

"ဘာလဲ မိုးပြာ"

"နွေဦးနိုင် အဲဒီမှာ ရှုပ်ရှုပ် ကျွန်တော် ကူညီပေးချင်တယ်"

"ဘယ်လို!..."

လေးလေး အပါအဝင် ကိုနေရော နွေဦးနိုင်ပါ သူ့ကို နားမလည်နိုင်စွာ ကြည့်နေ၏။

"ဒီလိုပါ..၊ ကျွန်တော် ကိုနေနေရာက ဝင်ရပ်နေပေးမယ်၊ ဒီကတ်မှာက ကိုနေ ရုပ်အပြည့်မှ မပါတာ..၊ လိုရင်လဲ ကိုနေ အပြရုပ်ရှည်းပဲ၊ သီးသန့် ထပ်ရိုက်လိုက်ပေါ့"

လေးလေးက မျက်မှောင်ကြုတ်ကာ စဉ်းစားနေသည်။

ပြီးတော့...

"အင်း... အဲဒါဆို မဆိုးဘူး"



www.burmeseclassic.com

သူနှင့် ကိုနေ ဝတ်စုံချင်း လဲဝတ်သည်။ ကိုနေက သူ့ကို နိုးရိမ်ဟန်…

"ဖြစ်ပါ့မလား မိုးပြာ..၊ မင်းက…"

"ကျွန်တော် ဘာမှမဖြစ်ပါဘူး၊ မိုင်နာပါ ကိုနေရယ်"

သူ့ရဲ့ ပေါ့ရွှတ်ရွှတ်လေသံကို ကိုနေ ယုံကြည်နိုင်ပုံမပေါ်။

သူ ရေထဲဆင်းသွားပြီး ရေတံခွန် ခပ်လှမ်းလှမ်းက ကျောက်ဆောင်ပေါ် ရပ်နေသည်။ သူ့ရှေ့မှာ သူမ…

အနားမှာရှိတဲ့ လေးလေးဆီ သူ သွားကာ ခပ်တိုးတိုး စကားဆိုၡ၏။ လေးလေးကလည်း ခေါင်းညိတ်သည်။

သူ သူနေရာကို သူပြန်သွားကာ နှေဦးနိုင် နှင့် မျက်နှာချင်းဆိုင် ရပ်မိသည်။ သူမက ပြုံးတော့…

"နှေဦးနိုင်…"

မျက်လုံးပင့် မေးဆတ်သည်။

"မင်းမျက်ဝန်းတွေ ခဏ မှိတ်ပေးပါ"

သူမက သူ့ကို ကြည့်မိပြီး အသာခေါင်းညိတ်ပြကာ မျက်ဝန်းကို မှိတ်သည်။ သူမ မျက်ဝန်းမှိတ်တော့ နှုတ်ခမ်းထောင့်စွန်းကို အသာသုတ်မိသည်။ ဒီနောက်…

"အနုပညာလောကထဲကို အားအင်အပြည့်နဲ့ ဝင်လာခဲ့တဲ့ မိန်းကလေးတစ်ယောက် ရှိခဲ့တယ်..၊ သူ့ဘဝက ငြိမ်းချမ်းတယ်၊ အနုပညာကို မြတ်နိုးတယ်၊ အရာရာ အားလုံးပြည့်စုံတဲ့ ဘဝလေးပေါ့"

သူမနှုတ်ခမ်းတွေ နည်းနည်း ဧကွးလာသည်၊ သူမအာရုံတွေ

အတိတ်ဆီ ပြန်ရောက်နေပါပြီ..။

"သူမ စ,ရိုက်မဲ့တဲ့ ပထမကား အဲဒီကားမှာ သူမ သရုပ်ဆောင်နေခဲ့ရတာ နည်းနည်းပါးပါးနဲ့တင် အားလုံးက (ဆရာ ဦးမေသစ်၊ တနယ်စင်းအချို့)က အံ့ဩလောက်အောင် အကယ်ဒမီရနိုင်တဲ့ အရည်အသွေးရှိတယ်လို့ ခန့်မှန်းကြတယ်၊ သူမလဲ မနိမ့်မကာ ကြိုးစားတယ်၊ ဒါပေမယ့် တစ်နေ့…"

သူ့စကားသံ အရပ်မှာ သူမနှုတ်ခမ်း တင်းတင်းစေ့နေပြီ..။

"အတွေ့အကြုံမရှိတဲ့ကောင်၊ ၁ရမ်းပတာ စည်းမဲ့ကမ်းမဲ့ လူတစ်ယောက် အစားထိုးဝင် သရုပ်ဆောင်မိလို့ အနုပညာလောကထဲမှာ သရုပ်ဆောင်ကောင်းတဲ့ လူကြမ်းတစ်ဦး အသက်ဆုံးရှုံးခဲ့ရတယ်၊ ကလေးတစ်ယောက် ဖခင်မဲ့ရတယ်၊ ဒီထက် ဆိုးရွားတာက…"

သူမမျက်ဝန်း ဖျတ်ခနဲ ပွင့်လာသည်။ တိတ်ဆိတ်နေတဲ့အသံ သူမ မျက်ဝန်းထဲက ကြားရတယ်။ အေးစက်စူးဝါးတဲ့ သူ့ရင်နှီးတဲ့ ခပ်စိမ်းစိမ်းအကြည့်တွေ မြင်စ,ပြုနေပြီ..။

"အဲဒီကားကို ဆုံးရှုံးလက်လွှတ်လိုက်ရတယ်၊ သူ့အစား ဝင်သရုပ်ဆောင်တဲ့ အခြားမင်းသမီးတစ်ယောက် အကယ်ဒမီ ရခဲ့တယ်၊ သူကတော့ ဒဏ်ရာတွေနဲ့ လပေါင်းများစွာ…"

သူ ညင်သာစွာ လေးလေးတို့ကို လက်နဲ့ အချက်ပြခဲ့သည်။

လေးလေးရဲ့ အချက်ပေးခေါ်သံ၊ သူနဲ့ သူမရဲ့ အစိမ်းရောင်အလင်းတန်းတွေ အပြိုင် စူးရိုက်တိုက်ခိုက်မှုတွေ ပတ်ဝန်းကျင်မှာ သိုင်းဖွဲ့အုံနေသည်။

www.burmeseclassic.com



"မိုးပြာ..."

ကျားနာတစ်ကောင်ရဲ့ အာခေါင်ခြစ်သံလို သူမရဲ့ခေါ်သံ...။

နှုတ်ခမ်းထောင့်စွန်းကို ဖမ်းကိုက်လိုက်ပုံဟာ သူ့ရင်ကို ပို၍ နာကျင်စေသည်။

"ကျွန်မဘဝမှာ ကျွန်မရဲ့ ရှင်သန်မှုနဲ့အတူ မကောင်းဆိုးဝါး တစ်ကောင် အမြဲ ပူးကပ်ခံနေရတယ်"

သူမ ဆံမြွှောင်ကို အားယူ ကိုင်မြှောက်ပုံက အားပါလှ၏။

ကင်မရာကို ကျောပေးထားပေမယ် သူ့ပခုံးအလွှပ်က သူမရဲ့ မခံချင်စိတ်ကို ပိုမိုဖြစ်ပေါ်စေမှာ အမှန်ပင်..။

"ကျွန်မ ရှင့်အရိပ်က လွတ်ချင်နေပါပြီ မိုးပြာ၊ ဒီနေ့ ဒီရက် ဒီအချိန်မှာ ရှင်နဲ့ကျွန်မ တစ်ခုခုကို ဆုံးဖြတ်ချက်ချရတော့မှာ အမှန် ပဲ..၊ ရှင့်ကိုမြင်တိုင်း မုန်းရလွန်း စိတ်နာရလွန်းလို့ ကျွန်မ နှလုံးသား လည်း ပင်ပန်းနေပါပြီ"

သူ ရှေ့တစ်လှမ်း တိုးမိသည်။ သူမ ဆတ်ခနဲ တုန်ခါသွား တယ်။

"ရှင်... ရှေ့မတိုးနဲ့နော်.."

သူ ထပ်တိုးမိပြန်သည်။

"ရှင်..., ရှေ့တိုးမလာနဲ့.."

ခေါင်းခါယမ်းကာ သွေးရူးသွေးတန်းအော်ရင်း နောက်ထပ် အတိုးမှာ သူမလက်ထဲက ဓားမြှောင်သည်...

သူ့ရဲ့ရင်အုံဆီ..၊ သူမနဲ့ သူ ပူးကပ်သွားတယ်။





သူ အသင့်ဝှက် သိမ်းထားတဲ့ သွေးအတုကို ရင်ချင်းကပ်ထား နှစ်ဦးသား ဖိချေလိုက်တော့ သူမရော သူပါ စိုရွှဲသွားသည်။

ကင်မရာဘက် မျက်နှာမူထားတဲ့ သူမရဲ့ရယ်သံက လက်စား ချေခွင့်အတွက် ကျေနပ်နေပုံရတယ်။ သူမ ဆံနွယ်မျှင်တွေက သူ့ မျက်နှာကို ကပ်ငြိတွယ်နေသည်။

အားရကျေနပ်သော သူမရဲ့ရယ်သံ...

ရင်ချင်းအခွာမှာ သူ ဒူးထောက်မိလျက်သား..၊ သူ့ပါးစပ်ထဲမှ သွေးတို့ကို စီးကျပြရင်း သူမကို ခပ်ငေ့ငေ့ ပြုံးပြသည်။

"ကတ်..."

ရိုက်ကွင်းဖြတ်သံနှင့်အတူ...

"ကောင်းလိုက်တာ မိန္ဒေရာ... အကယ်ဒမီရှော့ပဲ"

"ဟုတ်ပါ့ကွာ..၊ ကြည့်ရတဲ့သူတောင် ရင်မောစရာ"

"နေဦးနိုင်တို့က လုပ်လဲ လုပ်တတ်ပါ့ကွာ"

သူမက ခပ်လွင်လွင်ရယ်ရင်း သူ့ဆီလာကာ...

"ကဲ... ထ,ပါတော့ မိုးပြာ"

သူ ဒူးထောက်နေတဲ့အတိုင်း သူမက သူ့ကို မျက်နှာချင်းဆိုင် ထိုင်ရင်း ပြောပြီး သူ့လက်မောင်းတွေကို ဆုပ်ကိုင်လိုက်တော့... သူ...

"ဟင်... မိုးပြာ..."



www.burmeseclassic.com

www.burmeseclassic.com



သဘာ...

နှစ်ပေါင်းများစွာ မင်း သိမ်းဆည်းထားတဲ့ ကတ်ပြားအားလုံး မေမေ့ဆီမှာ ရှိနေပါတယ်၊ မေမေ သိနေပါတယ်၊ အပြာရောင် မိုးကောင်းကင်နဲ့ အထက်က တောင်တောင်တစ်ခုက သိမ်ဆိုးရွားလွန်းတယ်ဆိုတာလေ...

မှောင်သောဆက်တိုင်း စမ်းမှုတဲ့ ဝေဝတစ်ဦးနဲ့ မင်း အမြဲ တွေ့ဆုံနိုင်ပါစေ..။

(ဦးမဲ့တွင်)



မိုးပြာ...

မင်းနဲ့ငါ အိပ်မပျော်လို့ ညတစ်ညမှာ စကားပြောခဲ့ကြတယ်နော်၊ မင်းမေးခဲ့တာ မမှတ်မိလား၊ ညဆိုတဲ့ ကြောင်းလဲမှုကြောင့် ကောင်းကင်ပြင်တော မှောင်မိုက်ရတာပါတဲ့၊ တော... နေ့ဆိုတဲ့ နောက်တစ်ရက်ကျရင် သူ့ကောင်းကင်မှာ လင်းကြွေပြန်ရော၊ မိုးရာသီ ဆောင်းရာသီမှာ သူ့မျက်နှာတို အရယ်၊ အပြုံး အငိုတွေနဲ့ သူ ကောင်းကောင်း သရုပ်ဆောင်ခဲ့တယ်တဲ့..။

မင်း နောက်ဆုံးအချိန်အထိ သရုပ်ဆောင်ပြခဲ့တယ်..။

(ကိုဝင်း)

www.burmeseclassic.com

သားကြီး…

မင်း အကယ်ဒမီရှစ်ဆု မရိုက်ချင်ဘူးဆို…

မင်းအတွက် ကောင်းကင်ထက်က တိမ်တိုက်တွေ ပန်းလိုဝေနေကြတယ်…။

အားလုံးက ပြောတယ်၊ သူ့အတွက် အကယ်ဒမီပေးစရာ မလိုပါဘူးတဲ့…။

(အိုက်တာ ဦးဇေယျသစ်)



ကိုကို…

ကျွန်မအတွက်ကတော့ အသက်ရှင်နေတာထက် အမြဲတမ်းသတိရမိတာက ရင်ထဲမှာ ကျွန်မအသက်နဲ့အတူ…။

(မိမိဇော်)

www.burmeseclassic.com



မိုးကြိုး...

မင်းပြောတဲ့ 'အစားထိုးမှု' ဆိုတာ

မင်း မရှိတော့ ဘယ်သူလဲ...။

(ကိုလူချောတို့အဖွဲ့)



BURMESE CLASSIC .com



တီဗွီဖန်သားပြင်ပေါ်မှာ မြင်နေရတဲ့ မြင်ကွင်းကို ကြည့်မိတော့ နံဘေးက ရှိုက်သံတစ်ခုက တိုးဝင်လာသည်။

မိုးပြာ အဲဒါ မျက်ဝန်းရဲ့ လက်ခုပ်သံတွေ...၊ ငါပြောတဲ့ အဓိပ္ပာယ် မင်း သိမှာပါ။ ကြည့်စမ်း... သတ်မှတ်ထားရာ ထိုင်ခုံကိုယ်စီမှာ အကယ်ဒမီရသူတိုင်း ရုပ်တုကိုယ်စီ ပိုက်ထွေးနေကြပေမယ့်...

ခုံတစ်ခုံကတော့ လွတ်နေပါသည်။

သူ့အစား ဘယ်သူမှ အစားထိုး ဆုတက်မယူခဲ့...။

တစ်ဦးချင်းဆီ ကျေးဇူးတင်စကားတွေ ပြောကြသည်။

"...............ခုနှစ်အတွက် အမျိုးသမီးဇာတ်ဆောင်ဆုကို 'ကိုယ့်ရင်ခွင်ထဲက တိမ်တိုက်' ဇာတ်ကားနဲ့ အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆု ရရှိခဲ့တဲ့ ရွှေဦးနိုင်..."

လက်ခုပ်သံတွေ တဖြောင်းဖြောင်း၊ အဖြူရောင်ဝတ်စုံနဲ့ သူ့မှာ ကောင်မလေးတစ်ယောက် လှမ်းပေးတဲ့ မိုက်ကရိုဖုန်းကို လှမ်းယူတာ ဗရိသတ်ဆီကို လက်အုပ်ချီ ဦးညွှတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ပရိသတ်ကို ပြုံးပြလိုက်ချိန် မျက်ဝန်းမှာ မျက်ရည်မြား နှစ်စင်း လိုက်မောနေတဲ့ သူမရဲ့အသံက မြန်မာပြည်အနှံ့ ကြားနေရပါတယ်။ ဒါ သရုပ်ဆောင်တာ မဟုတ်ဘူးလို့ ငါ ယုံကြည်နေတယ် မိုးပြာ…။

သိပ်စစ်မှန်တဲ့ ရင်ထဲက စကားတွေ သူပြောနေတာလေ…

"ကျွန်မ ရရှိခဲ့တဲ့ အကယ်ဒမီဆုအတွက် အားလုံးကို ကျေးဇူး တင်ပါတယ်။ အစ်ကို့အမြဲ…"

စကားသံ ရပ်သွားပြန်သည်။ ပတ်ဝန်းကျင်သည် ငြိမ်သက်နေ ကြ၏။ အားငယ်စိတ်နဲ့ ပြောနေရပေမယ့် မျက်ရည်တွေက အဆက် မပြတ်ကျ။ ခင်မင်အတွက် အားတင်းပေးပါလို့ ငါ့စိတ်ထဲက သူ့ကို အားပေးမိတယ် မိုးပြာ…။

"အနုပညာနဲ့အတူ အမြဲတမ်း မသေဆုံးနိုင်မယ့် ကျွန်မရဲ့ ချစ်သူကိုပေါ့၊ နောက်ဆုံးအချိန်အထိ သူနဲ့ ကျွန်မကြားမှာ ချစ်တယ်လို့ မပြောဖြစ်ခဲ့ကြပေမယ့် ကျွန်မတို့နှစ်ယောက် နားလည်နေခဲ့ တယ်၊ ကျွန်မရင်ထဲမှာ သူ ဘယ်တော့မှ သေဆုံးသွားမှာ မဟုတ် ဘူး၊ ပရိသတ်တွေအတွက်လဲ သူ သေဆုံးသွားမယ်လို့ ကျွန်မ မထင်ဘူး၊ နောက်ဆုံး ဝိညာဉ်အထိ သရုပ်ဆောင်ပြခဲ့တဲ့ သူ့ကို ကျွန်မ အမြဲတမ်း လွမ်းနေမှာပါ…"

လက်ခုပ်သံတွေက ရုပ်မြင်သံကြားမှတစ်ဆင့် ကြားနေရ သည်။ ငါ့ရင်တွေ ကြေကွဲ နာကျင်နေပါပြီ မိုးပြာ…၊ ငါ့ ခံစားမှုဝေဒနာတွေ ပရိသတ်တချို့ဆီမှာလည်း ရှိကြမှာပါ။





"မိုးပြာ…"

ငါ့အေးနားက တစ်ယောက်ယောက်က ညည်းတွား ရေရွတ် လိုက်တာ ထင်ပါတယ်။

တစ်ယောက်ပြီးတစ်ယောက် ကျေးဇူးတင် စကားတွေ ပြော သွားကြတယ်။ နောက်ဆုံး…

"………နှစ်အတွက် အထူးဆုတစ်ဆုဖြစ်တဲ့ အကောင်း ဆုံး လူကြမ်းသရုပ်ဆောင်ဆုကို 'ကိုယ့်ရင်ခွင်ထဲကတိမ်တိုက်' ဇာတ် ကားနဲ့ ရရှိခဲ့တဲ့ မိုးပြာ ဖြစ်ပါတယ်၊ ဤဇာတ်ကားရိုက်ကူးရင်း ကွယ်လွန်သွားပြီဖြစ်တဲ့ မိုးပြာအတွက် အစားထိုး ကျေးဇူးတင် စကား ပြောကြားမည့်သူကတော့…"

ခဏ တိတ်ဆိတ်သွားသေးသည်။ ဘယ်သူသွားမလဲ ပရိသတ် က သိချင်ကြဝုံရတယ် မိုးပြာ၊ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူ တွေ၊ ဦးသုမောင်၊ ဦးမြေဝင်းတို့ စကားတီးတိုးပြောနေကြတာ ရုပ်မြင်သံကြားဖန်သားမှာ တွေ့နေရတယ်။ ဘယ်သူ တက်ယူမလဲ။

"လူကြမ်းသရုပ်ဆောင် ဦးအုံးကျော် ဖြစ်ပါတယ်"

ဘယ်လိုမှ ထင်မထားတာကြောင့် လက်ခုပ်သံတွေ ဟိန်းထ သွားပါတယ်။ ငါ ဘယ်လိုမှ ထင်မထားတဲ့ အတွေးတစ်ခုပေါ့။ ဒီလက်ခုပ်သံဟာ ကမ္ဘာမြေပေါ် ဥဒါန်းကျူးရင့်နိုင်ပါတယ်။ မင်းကို ငါ ဦးညွှတ်ပါတယ် မိုးပြာ…။

လေးလေး ဦးအုံးကျော်က ခန္ဓာကိုယ် ဝဝကြီးကို သယ်မကာ စင်ပေါ်တက်၏။



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်ကို လက်အုပ်ချီ ဦးညွှတ်သည်။

ပြီးတော့ တုန်ယင်လှိုက်မောစွာ အမြဲတမ်း ကြမ်းရမ်းပြနေတဲ့ လူကြမ်းကြီးရဲ့မျက်နှာမှာ ကြေကွဲမှုတွေ ထင်ဟပ်နေတာ ငါသိတယ် မိုးပြာ..။

"အခုရရှိတဲ့ အကယ်ဒမီ ရွှေစင်ရုပ်ဆုဟာ မိုးပြာအတွက် ဖြစ်ပေမယ့် ကျွန်တော် ရလိုက်သလို ခံစားရပါတယ်...၊

ကျွန်တော်တင် မဟုတ်ပါဘူး၊ ကျွန်တို့ လူကြမ်းသရုပ်ဆောင် သမားတွေ မေးကြပါ၊ ကျွန်တော်ဖြေသလို ဖြေကြမှာ ကျွန်တော် သိနေပါတယ်၊ လူကြမ်းဆိုတာ ကျွန်တော့်တူ၊ ကျွန်တော့်သား 'မိုးပြာ' ပြောသလို ပြောရရင် ဝင့်နှာကန်နှာ အနုပညာသမားတွေပါ..၊

အားလုံးကို ကျေးဇူးတင်ပါတယ်..."

ပြီးဆုံးသွားပေမယ့် ရင်ထဲမှာ အသံတွေ ကြားနေရတုန်းပဲ မိုးပြာ..။





ရှင် သိရဲ့သားနဲ့ ကျွန်မသိကွာအတွက်
ရှင့်ရဲ့ အမြော်လင့်ဆုံးဆန္ဒကို
ဖုံးကွယ်ထားပေးတာ...
ချစ်ခြင်းမေတ္တာကြောင့်လား မိုးပြာ...။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ့အထဲမှာ ငါရှိတယ်၊
အလင်းနဲ့ အမှောင်မှာ
နေ့စဉ် ထုတ်လှမ်းကြပေမယ့်
အဲဒီထဲမှာ ငါ ရှိတယ်…။

ဒီနိုင်းခ



BURMESE CLASSIC .com
www.burmeseclassic.com